# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၃၄၉)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း



Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှုအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

အခု ကျွန်မအနေနဲ့ ပြည်သူပြည်သားများကို COVID –19 ရောဂါ အခြေအနေကို တင်ပြချင်ပါတယ်။ ဒီနေ့ဆိုရင် ခုတ်ခွဲအတည်ပြုလူနာ ၃၂၉၉ ယောက် ရှိသွားပါပြီ။ သေဆုံးသွားသူက ၃၃ ယောက် ရှိသွားပါပြီ။ သေဆုံးသွားသူအများစုကတော့ ဆီးချိုတို့ သွေးတိုးတို့ နှလုံးရောဂါတို့ ကျောက်ကပ်ရောဂါတို့ အခြေခံရှိတဲ့ ပြည်သူတွေဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်မ ဒါတွေကို တင်ပြတာက ပြည်သူတွေ စိုးရိမ်လွန်ဖို့ မဟုတ်ပါဘူး။ တရားခံရှာဖို့လည်း မဟုတ်ပါဘူး။ အားလုံးပူးပေါင်းဆောင်ရွက်ပြီးတော့ ဒီစိန်ခေါ်မှုကို ကျော်လွှားဖို့ဖြစ်ပါတယ်။ ရခိုင်မှာဆိုရင် အရင် လက တော်တော်စိုးရိမ်ရပါတယ်။ အခုချိန်မှာ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လို့ ရသွားပြီလို့ ကျွန်မတို့ ပြောနိုင်ပါတယ်။ အဲဒါကလည်း ပူးပေါင်းဆောင်ရွက်မှုကြောင့်ပါပဲ။ ပူးပေါင်းဆောင်ရွက်မှုဆိုတာဟာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရအကြားမှာ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်နယ်အစိုးရနဲ့ ပြည်သူလူထုအကြားမှာ ပူးပေါင်းဆောင်ရွက်မှု၊ အားလုံးကနေ ပူးပေါင်းဆောင်ရွက်ပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဘာမှစိတ်ပူစရာအကြောင်း မရှိပါဘူး။ ဖြစ်တာတော့ ဖြစ်ပြီးပြီ။ ကူးစက်ပျံ့ပွားနေလို့လည်း ဘာမှမထူးပါဘူး။

*စာမျက်နှာ ၃ ကော်လံ ၁*

**အခုကနေစပြီးတော့ အားလုံးကနေ တိတိကျကျ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ရန်ကုန်မှာလည်း အခြေအနေကို မကြာခင်ကာလမှာ ထိန်းချုပ်သွားနိုင်မှာပါ**

**ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များကို တစ်ဦးတစ်ယောက်ချင်းစီက စနစ်တကျ အသေအချာလိုက်နာဆောင်ရွက်ခြင်းဖြင့် ကျော်လွှားကြပါစို့**

စာ ၈

**စင်ကာပူမှာ ဘလူးတုအသုံးပြု ကိုဗစ်-၁၉ ခြေရာခံကိရိယာကို လူထုအတွင်း စတင်ဖြန့်ဝေ**

စာ ၁၄


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# သည်းခံရင်း တောင့်ခံခြင်းဖြင့်

ရှုပ်ထွေးစည်ကားနေလေ့ရှိသည့် ရန်ကုန်မြို့၊ လမ်းများပေါ်တွင် ကျပ်တည်းနေသော ကားများဖြင့် ပြည့်နေသည့် ရန်ကုန်မြို့သည် ရုတ်ချည်းဆိုသလို တိတ်ဆိတ်ကျဲပါးသွားသည်။ လူသွားလူလာရှင်း၊ ကားသွားကားလာရှင်းဖြစ်နေသည့် အဓိကအကြောင်းအရင်းမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး တစ်ကျော့ပြန် ပြန့်ပွားကူးစက်မှု မြန်ဆန်လာပြီး ခါတ်ခွဲအတည်ပြု ပိုးတွေ့လူနာအရေအတွက် နေ့စဉ်တိုးမြင့်များပြားလာမှုကြောင့် အိမ်ပြင်ထွက်သူ သိသိသာသာ လျော့ကျသွားခြင်းဖြစ်၏။

ရောဂါပိုးပြန့်ပွားကူးစက်မှုများပြားလာခြင်းမှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်သော်လည်း လူအများ ကျန်းမာရေးအသိနိုးကြားနေပြီး သတိဖြင့်နေထိုင်ကြခြင်း၊ သက်ဆိုင်ရာက ကြေညာထားသည့် စည်းမျဉ်းဥပဒေများကို လိုက်နာစောင့်ထိန်းကြခြင်းတို့သည်ကား ရောဂါပိုးထိန်းချုပ်နိုင်ရေးအတွက် အားတက်စရာဟု ဆိုရပါမည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါပိုး ပြန်လည်ထကြွလာမှုက ကမ္ဘာနှင့်အဝန်း ဖြစ်လာနေသည်။ ရောဂါပိုးကင်းစင်ပြီဟု ယူဆနေကြသည့် တရုတ်နိုင်ငံ၌ ပိုးတွေ့လူနာအချို့ပြန်လည်တွေ့ရှိလာသကဲ့သို့ ဥရောပနိုင်ငံများတွင်လည်း ပြန်ပေါ်လာနေ၏။ အိန္ဒိယတွင် ယခုစက်တင်ဘာလအတွင်း၌ နေ့စဉ် ပိုးတွေ့လူနာသစ် တစ်သိန်းနီးပါးခန့် တွေ့နေ၏။

မြန်မာနိုင်ငံ၌ စက်တင်ဘာလ ၁၅ ရက်အထိ ပိုးတွေ့လူနာ ၃၅၀၀ ကျော် ရှိပြီဖြစ်၏။ နေ့စဉ် တိုးမြင့်လာနေသည့် ပိုးတွေ့လူနာအရေအတွက်က ရာဂဏန်း။ ယနေ့ဆိုလျှင် လူနာသစ် ၃၀၇ ဦး။ သေဆုံးသည့် အရေအတွက်ကလည်း ချက်ချင်းဆိုသလို ခုန်တက်မြင့်မားနေ၏။ ယခုဆိုလျှင် ၃၅ ဦး ရှိခဲ့ပြီ။ အများအားဖြင့် အသက်အရွယ်အားဖြင့် ကြီးရင့်သူများ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးရောဂါအခံရှိသူများ ပိုမိုထိခိုက်သည့် လက္ခဏာကို တွေ့ရ၏။

အနီကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးက မျိုးဗီဇအသွင် ပြောင်းလဲမှုရှိခဲ့ပြီး ပိုမိုကူးစက်ပြန့်ပွားလွယ်သည်ဟု လည်းကောင်း၊ ထိခိုက်မှု ပိုမို ပြင်းထန်သည်ဟု လည်းကောင်း သုတေသီတို့က မှန်းဆထား၏။

ယခုအခြေအနေသည် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုကို နိုင်နိုင်နင်းနင်း ထိန်းချုပ်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရှင်သန်မှုကို မထိခိုက်ရေးတို့အတွက် အရေးကြီးသည့် အချိန်ဖြစ်ပါသည်။

ယနေ့အချိန်ထိ စိတ်ချလက်ချ အသုံးပြုနိုင်သော အတည်ပြုကာကွယ်ဆေး မရရှိသေးသည့်အတွက် လက်တွေ့အားဖြင့် သို့တည်းမဟုတ် လက်ငင်းကာလအနေဖြင့် ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၏ အကြံပြုချက်များကို လိုက်နာစောင့်ထိန်းကြရန်လိုပါသည်။ လူစုလူဝေးမပြုလုပ်ခြင်း၊ လူချင်းဆက်ဆံပြောဆိုရာတွင် ကာယကံမြောက် နီးကပ်ထိစပ်မှုကို လုံးဝရှောင်ကြဉ်ခြင်း၊ အနည်းဆုံး ခြောက်ပေအကွာအဝေးမှသာ ပြောဆိုခြင်း၊ စနစ်တကျဖြင့် မကြာခဏ လက်ဆေးခြင်း၊ အပြင်သွားလာရပါက မျက်နှာဖုံး နှာခေါင်းစည်းတို့ကို မပျက်မကွက်တပ်ဆင်ခြင်း စသည်တို့ကို အလေးထားလိုက်နာကြရန် လိုပါသည်။

ရွေးကောက်ပွဲကာလ နီးကပ်လာပြီး နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရန် စတင်ခွင့်ပြုထားသော ကာလဖြစ်သည့် အားလျော်စွာ နိုးကြားတက်ကြွနေကြသည့် အချို့သော ပြည်သူလူထုအစိတ်အပိုင်းတို့ကို နိုင်ငံအနှံ့တွင် တွေ့မြင်လာရသည်လည်း ရှိပါ၏။

ရွေးကောက်ပွဲသည် နိုင်ငံရေးအပြောင်းအလဲအတွက်၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးပါသည်မှန်သော်လည်း လူတို့၏ အသက်ဘေးအန္တရာယ်မထိခိုက်ရန်က ပိုမိုအလေးထားရမည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတွင်းရှိသူအားလုံးသည် စည်းမျဉ်းဥပဒေများကို အထူးလိုက်နာကြရန်လိုပါသည်။ အထူးသဖြင့် ကပ်ရောဂါဘေးနှင့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများကို တိတိကျကျလိုက်နာကြရန်လိုသည်ဟု ယခုလိုအချိန်တွင် နှိုးဆော်လိုပါသည်။

လက်ငင်းကာလ အရေးကြီးဆုံးမှာ ရောဂါပိုးပြန့်ပွားကူးစက်မှုကို လျှော့ချနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေး၊ အသက်ရှင်သန်ရေးဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ ရေရှည်အကျိုးကို မြော်မြင်၍ အတတ်နိုင်ဆုံး အိမ်တွင်း၌သာ သည်းခံနေထိုင်ကြကာ အချိန်ကာလတစ်ခုကို တောင့်ထားရင်ဆိုင်ကြခြင်းဖြင့် ကိုဗစ်ကမ္ဘာ့ကပ်ရောဂါဘေးကို အောင်မြင်စွာ ကျော်လွှားကြပါစို့။ ။

# နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကိုများစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် – မန္တလေးအမြန်လမ်းနှင့် လမ်းဟောင်းတချို့နေရာများတွင် ကားပေါ်မှဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ်ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက်ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Qua-rantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့် ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်ဩခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

# ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)က တောင်ငူဒေသရှိ သမိုင်းဝင်နေရာများ QR Code စနစ် တပ်ဆင်ပြီးစီး

**တောင်ငူ စက်တင်ဘာ ၁၅**

ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)က တောင်ငူဒေသ(ကေတုမတီ)ရှိ သမိုင်းဝင်နေရာများကို Museum Pool Website တွင် ထည့်သွင်းပြီး QR code စနစ်ဖြင့် ဖတ်ရှုနားဆင်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တောင်ငူ(ကေတုမတီ)နှင့် ပဲခူး(ဟံသာဝတီ)ရှိ သမိုင်းဝင်နေရာများ၏ သမိုင်းအထောက်အထားများရယူပြီး စာဖြင့်လည်းကောင်း အသံဖြင့်လည်းကောင်း အလွယ်တကူ လေ့လာနားဆင်နိုင်ရန် သမိုင်းပြုစုအသံသွင်းခြင်း၊ ဓာတ်ပုံများစုဆောင်းခြင်း၊ Museum Pool Website တွင် လွှင့်တင်ခြင်း၊ QR code များ တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က ပြောသည်။

ထိုသို့ QR code များ တပ်ဆင်ရခြင်းမှာ သမိုင်းဝင်နေရာများအကြောင်းကို နိုင်ငံတကာမှ အလွယ်တကူလေ့လာသိရှိနိုင်ရန်၊ သမိုင်းဝင်နေရာများသို့ ရောက်ရှိလာသူများ သမိုင်းကြောင်းများကို အလွယ်တကူ နားဆင်နိုင်ရန်၊ ဒေသခံများအတွက် နည်းပညာ အသုံးပြုစနစ်တစ်ခု ပေါ်ထွန်းလာစေရန်နှင့် နောင်တစ်ချိန်တွင် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တောင်ငူ(ကေတုမတီ) ဒေသရှိ သမိုင်းဝင်နေရာများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း QR Code တပ်ဆင်ခဲ့ပြီး ပဲခူး(ဟံသာဝတီ) ဒေသ၏ သမိုင်းဝင်နေရာများ၏ QR code များအား အောက်တိုဘာလအတွင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အင်္ဂလိပ်ဘာသာနှင့် ထိုင်းဘာသာဘာသာစကား အပါအဝင် ဘာသာစကားမျိုးစုံ ပြန်ဆိုနိုင်ပြီး ယခုလက်ရှိတွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ထိုင်းနိုင်ငံမှ National Electro-nics and Computer Technology Center (NECTEC) တို့က ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

ကျော်လှ (တောင်ငူ)




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

**“ဒီလိုအခြေအနေမျိုးမှာ ကျွန်မတို့အားလုံးပူးပေါင်းဆောင်ရွက်ပြီးတော့ ကျော်လွှားနိုင်မယ်ဆိုရင် နောင်ဒီနိုင်ငံမှာ ဘယ်လိုစိန်ခေါ်မှုပဲဖြစ်ဖြစ် ငါတို့ဟာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့က ဆက်ပြီးတော့ အောင်ပွဲတွေခံနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူပြည်သားအပေါင်း ပူးပေါင်းပြီးတော့ အဓိကအားဖြင့် ရန်ကုန်မှာပြန့်ပွားနေတဲ့ ကိုဗစ်ရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ပေးကြပါ။ အားလုံးဟာ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်၊ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လုပ်ပေးကြပါ”**

❑ *ရှေ့ဖုံးမှ*

အခု ရန်ကုန်မှာ အများဆုံးဖြစ်နေတယ်ဆိုတာကိုလည်း ပြည်သူပြည်သားတွေ အားလုံးသိပြီးသားဖြစ်မှာပါ။ ရန်ကုန်မှာ အများဆုံးဖြစ်ရတယ်ဆိုတာက ရန်ကုန်က လူဦးရေလည်း ထူထပ်တယ်။ အသွားအလာလည်း များတယ်။ အဝင်အထွက်လည်းများတယ်။ အဝင်အထွက်ဆိုတာက ပြည်ပကရော ပြည်တွင်းကရော၊ အဲဒီတော့ နည်းနည်းလည်း စည်းကမ်းလိုက်နာမှုက အားနည်းချက်လေးတွေ ရှိခဲ့တယ်လို့ ပြောရမှာပါ။ အဖြစ်ကိုတော့ အဖြစ်တိုင်း ရင်ဆိုင်မှဖြစ်ပါလိမ့်မယ်။ အခုကနေစပြီးတော့ အားလုံးကနေ တိတိကျကျစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ရန်ကုန်မှာလည်း အခြေအနေကို မကြာခင်ကာလမှာ ထိန်းချုပ်သွားနိုင်မှာပါ။ အခုဆိုရင် တစ်ယောက်နဲ့တစ်ယောက် ကူးစက်နေတာက မိသားစုဝင်အတွင်းမှာ ကူးစက်တာတွေ တော်တော်များပါတယ်။ အဲဒါလည်း သတိပြုစေချင်ပါတယ်။ သေဆုံးတဲ့အထဲမှာဆိုရင် သက်ကြီးရွယ်အိုတွေ၊ ရောဂါအခံရှိသူတွေ ပါပါတယ်။ အဲဒီတော့ လူငယ်များဟာ ခံနိုင်ရည်ရှိတာကြောင့်မို့လို့ တစ်ခါတလေ ရောဂါလက္ခဏာမပြပါဘူး။ ၇၀ ရာခိုင်နှုန်းလောက်က ရောဂါရှိနေတဲ့သူတွေက ရောဂါလက္ခဏာ မပြပါဘူး။ အဲဒါကိုက တစ်နည်းအားဖြင့် အန္တရာယ်တစ်ခုပါပဲ။ ရောဂါလက္ခဏာမပြတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ် ရောဂါရှိတယ်လို့ မထင်ဘူး။ ကိုယ့်မိသားစုတွေ ကိုယ့်ဆီကနေ ကူးသွားနိုင်ပါတယ်။ အဲဒီတော့ အဲဒ့ီထဲမှာဆိုရင် သက်ကြီးရွယ်အိုတွေရှိနိုင်တယ်။ ရောဂါအခံရှိတဲ့သူတွေ ရှိနိုင်တယ်။ ဒါကြောင့်မို့ ကိုယ်တစ်ယောက်က နည်းနည်းစည်းကမ်းလိုက်နာမှုမှာ အားနည်းတယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်အတွက် အများကြီး အန္တရာယ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အားလုံးတစ်ယောက်ချင်း၊ တစ်ယောက်ချင်းအတွက် ဂရုစိုက်ကြပါ။ ကျွန်မစဉ်းစားမိတယ်။ တကယ်ဆိုရင် တစ်ယောက်ချင်း တစ်ယောက်ချင်းက ကိုယ့်ကျန်းမာရေးအတွက်ပဲ ဂရုစိုက်မယ်ပေ့ါနော် ဒါသိတတ်တဲ့ အရွယ် ရောက်သူတိုင်းကို ဆိုလိုတာပါ။ ကလေးသူငယ် သေးသေး လေးတွေကို ဆိုလိုတာ မဟုတ်ပါဘူး။

သိတတ်တဲ့ အရွယ်ရောက်သူတိုင်းဟာ ကိုယ့်ကျန်းမာရေးတစ်ခုတည်းအတွက် သတိပြုမယ်ဆိုရင် တောင်မှ လုံလောက်နေပြီ။ တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ့်ကျန်းမာရေးအတွက်ပဲ ဂရုစိုက်သွားမယ်။ ကိုယ်မကူးဘူးဆိုရင် ကိုယ့်ဆီကလည်း သူများဆီ ကူးစရာအကြောင်း မရှိဘူး။ ကျန်တဲ့ကိစ္စကို ကျွန်မတို့ နိုင်ငံတော်က တာဝန်ယူနိုင်ပါတယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ ဝန်ထမ်းတွေလည်း တော်တော်ပင်ပန်းပါပြီ။ တော်တော်ပင်ပန်းပါပြီဆိုတာဟာ အထူးသဖြင့် ကျန်းမာရေးဘက်က ဝန်ထမ်းတွေ ဖြစ်ပါတယ်။ သို့သော်လည်း ပင်ပန်းပါတယ်လို့ ညည်းညူတာတွေကိုတော့ ကျွန်မမကြားရပါဘူး။ ပင်ပန်းမှာပဲလို့ ကျွန်မတို့ ခန့်မှန်းနိုင်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကြားထဲမှာရော တခြားဝန်ထမ်းတွေကြားထဲမှာရော ရောဂါပြန့်ပွားလာတာ အတိုင်းအတာတစ်ခုထိ ရှိပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ စေတနာ့ဝန်ထမ်းတွေ ဝိုင်းဝန်းကူညီနေတာ ကျွန်မတို့ရဲ့ အားသာချက်တစ်ခုကပါပဲ။ ကျွန်မတို့ပြည်သူတွေက တကယ်အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြပါတယ်။ ဒီအကူအညီတွေအတွက်လည်း ကျွန်မတို့ ကျေးဇူးတင်ကြောင်း ပြောချင်တယ်။ ထပ်လည်း ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်မတို့စေတနာ့ဝန်ထမ်းတွေ ပညာရှင်တွေ နိုင်ငံတော်အစိုးရရဲ့ လုံးပန်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြပါ။ အားလုံးက ဝိုင်းဝန်းလုပ်မယ်ဆိုရင် အောင်မြင်မှာပါဆိုတာ ကျွန်မဒီကနေ ပြောချင်ပါတယ်။

ကျွန်မတို့ ဝန်ထမ်းတွေအကြောင်းပြောရင်းနဲ့ နေပြည်တော်အကြောင်းပြောချင်ပါတယ်။ နေပြည်တော်မှာလည်း ကိုဗစ်ရောဂါ စွဲကပ်တဲ့သူ အခုဆိုရင် ၄၀ ကျော်သွားပြီလို့ ကျွန်မနားလည်ပါတယ်။ ဒီဟာကလည်း နေပြည်တော်နဲ့ ရန်ကုန်ကြားမှာ အဆက်အစပ်ကလည်း အင်မတန်မှ များပါတယ်။ နေပြည်တော်ကတော့ အစိုးရရုံးစိုက်တဲ့ နေရာဖြစ်တဲ့အခါကျတော့ ရန်ကုန်ကရော တစ်တိုင်းပြည်လုံးက ပါလာကြပါတယ်။ အထူးသဖြင့် ရန်ကုန်က များတာပေ့ါ။ သံတမန်လောက၊ နိုင်ငံတကာအသိုင်းအဝိုင်းလောက၊ စီးပွားရေးလောက အသီးသီးဟာ ရန်ကုန်ကနေ နေပြည်တော်ကို အဝင်အထွက် အင်မတန်မှ များပါတယ်။ ဒီလိုများတဲ့အခါကျတော့ ရန်ကုန်မှာ ကိုဗစ်ရောဂါပြန့်ပွားတယ်ဆိုတဲ့အချိန်မှာ နေပြည်တော်မှာ ပြန့်ပွားတယ်ဆိုတာကလည်း ဘာမှထူးထူးခြားခြား အံ့သြစရာအကြောင်း မရှိပါဘူး။ ဒါပေမယ့် အခုဆိုရင် သေသေချာချာ အစိုးရယန္တရားလည်ပတ်မှုကို မထိခိုက်အောင် စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ပြီး လုပ်ကိုင်နေပါတယ်။ ဥပမာပြောရမယ်ဆိုရင် ကျွန်မတို့ ဒီကဝန်ထမ်းတွေမှာဆိုရင် နှစ်ပတ်တက် နှစ်ပတ်အိမ်ကနေ အလုပ်လုပ်၊ နှစ်ပတ်ရုံးတက် အလုပ်လုပ်၊ နှစ်ပတ်အိမ်နေအလုပ်လုပ်ဆိုပြီး နှစ်ပတ် နှစ်ပတ်သတ်မှတ်ရတာကလည်း အကယ်၍ ကိုဗစ်ရောဂါဝင်ခဲ့ပြီဆိုရင် နှစ်ပတ်အတွင်းမှာ သိရှိနိုင်တဲ့ အခြေအနေရှိလို့ပါ။ ဒါကိုလည်း ကျွန်မတို့ ပြည်သူတွေ သိရှိပြီးသား ဖြစ်မှာပါ။

ဒီတော့ ကျွန်မတို့ဟာ အဘက်ဘက်မှာ သင့်တော်မယ်ထင်တဲ့ စည်းမျဉ်း စည်းကမ်းတွေကို ချမှတ်ပါတယ်။ ချမှတ်တဲ့အခါကျရင် ကျွန်မတို့ စည်းမျဉ်းစည်းကမ်းကို လိုက်နာတဲ့အခါမှာ တိကျဖို့က အရေးကြီးတာပါ။ တင်းကျပ်ဖို့လည်း မဟုတ်ပါဘူး။ တိကျဖို့က အရေးကြီးတာပါ။ တချို့နေရာတွေမှာဆိုရင် အစိုးရိမ်လွန်ပြီးတော့ စည်းမျဉ်းစည်းကမ်းဘောင်တွေကို ကျော်ပြီးတော့ တင်းတင်းကျပ်ကျပ်လုပ်တာတွေဟာ တကယ်တော့ ရေရှည်မှာ အကျိုးမဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နေရထိုင်ရတာ ကျပ်တည်းလာရင် ပြည်သူတွေဟာ ဒီလို ဘောင်အတွင်းမှာ ဆက်ပြီးတော့ ရည်တည်နိုင်ဖို့ဆိုတာ ခက်ပါလိမ့်မယ်။ ဒါပေမယ့် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို နံပါတ်တစ်အားဖြင့် သေသေချာချာလေ့လာပါ။ ဒါတွေဟာ သတင်းစာတွေထဲမှာလည်း ပါပါတယ်။ ရုပ်မြင်သံကြားကလည်း လွှင့်နေပါတယ်။ တစ်ချိန်လုံးပြည်သူတွေ သိအောင်လို့ အသိပေးနေပါတယ်။ ဒီစည်းမျဉ်း စည်းကမ်းတွေကို သေသေချာချာလေ့လာပါ။ လေ့လာပြီးတော့ တိတိကျကျလိုက်နာပါ။ ဒါဟာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအတွက်လည်း အထူးအရေးကြီးပါတယ်။ စောစောက ပြောသလိုပဲ ဝန်ထမ်းတွေဟာ ရှေ့တန်းကနေ လုပ်ဆောင်နေတာကိုလည်း ကျေးဇူးတင်တယ်ဆိုတာ ပြောချင်ပါတယ်။ ကျွန်မတို့ ပြည်သူလူထုကလည်း ဝန်ထမ်းတွေလုပ်ပေးတာကို အသိအမှတ်ပြုစေချင်ပါတယ်။ ဘာလို့လဲဆိုရင် အကောင်းလုပ်ရင် ကောင်းတာလုပ်တာကို အသိအမှတ်ပြုမှ ပိုပြီးတော့လည်း ကောင်းကောင်းလုပ်ချင်ပါတယ်။ ဒီအချိန်မှာဆိုရင် တစ်ယောက်ကိုတစ်ယောက် အားပေးဖို့ အားဖြစ်ပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ စောစောကပြောတာက ကုက္ကုစ္စလည်းမပွားပါနဲ့၊ တရားခံလည်း မရှာပါနဲ့၊ ဘယ်သူ့ကြောင့် ဖြစ်တယ်ဆိုတာ စဉ်းစားစရာမဟုတ်ပါဘူး။ ဖြစ်ပြီးရင် ဒါကို ဘယ်လိုအကောင်းဆုံးထိန်းမလဲဆိုတာကိုသာ အာရုံစိုက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါဆိုတာ ဒါတစ်ခုပဲ ကျွန်မ တောင်းဆိုတာပါ။

ကျန်တာဆိုရင် ဘာမှလုပ်ရမယ်လို့ ကျွန်မတို့ ထူးထူးထွေထွေ မပြောပါဘူး။ စေတနာရှင်တွေ ဝိုင်းဝန်းပြီးတော့ ကူညီပေးတာကို ကျွန်မတို့ ဖိတ်ခေါ်တယ်။ ကျေးဇူးတင်တယ်။ နောက်ပြီးတော့ ကျွန်မတို့အနေနဲ့ အင်မတန်မှ တန်ဖိုးထားပါတယ်။ စောစောကပြောသလိုပဲ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း စည်းကမ်းလိုက်နာမယ်ဆိုရင် ကျွန်မတို့ ဘာမှစိုးရိမ်စရာမရှိပါဘူး။ အဲဒီတော့ အခုချိန်မှာလည်း စိုးရိမ်မလွန်ပါနဲ့။ ကျွန်မတို့ ရန်ကုန်မှစပြီးတော့ ရောဂါပြန့်ပွားတဲ့အချိန်ကို သတ်မှတ်လိုက်မယ်ဆိုရင် ဩဂုတ်လနောက်ပိုင်းအပတ်ပါ။ ဒီဩဂုတ်လနောက်ပိုင်းအပတ်မှာစပြီး ပြန့်ပွားလာတယ်။ စပြီးပြန့်ပွားလာတယ်ဆိုတာကို စက်တင်ဘာလအစောပိုင်းမှာ၊ လဆန်းပိုင်းမှာဆိုရင် အများပြည်သူက သိလာပြီ။ သိလာတဲ့အချိန်မှာတော့ ပိုပြီးတော့ သတိထားလာပြီ။ အခုဆိုရင် တတိယပတ်ထဲကို ဝင်လာပြီ။ တတိယပတ်ထဲကို ဝင်လာပြီဆိုတော့ ဒီအချိန်မှာ ကျွန်မတို့ ထိန်းထိန်းသိမ်းသိမ်း လုပ်သွားတယ်ဆိုရင် နောက်တစ်ပတ် နှစ်ပတ်အတွင်းမှာ အကျိုးဆက်ဟာ ပေါ်လာမှာပါ။ ဘယ်သူမှတော့ အကန့်အသတ်ကြားထဲမှာ မနေချင်ဘူး။ ဒါပေမယ့် ဒီကန့်သတ်မှုတွေဟာ ရေရှည်မှာ မြန်မြန်ဆန်ဆန် ဒီအခြေအနေကနေပြီးတော့ ကျွန်မတို့ ရုန်းထွက်နိုင်အောင်လို့ သေသေချာချာ သတိထားပြီးတော့ အားလုံးကနေပြီး ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

နိုင်ငံတော်ကနေပြီးတော့ လုပ်ပေးသင့်တာတွေ အားလုံး ကျွန်မတို့ လုပ်ပေးမှာပါ။ ကျွန်မတို့က ဆေးဝါးပစ္စည်းတွေလည်း လုံလုံလောက်လောက်ရှိအောင် လုပ်ပေးပါမယ်။ အခုဆိုရင် လူနာတွေကို ကုသဖို့နေရာ လုံလုံလောက်လောက်ရှိအောင် ကုသရေးဌာနတွေ လုံလုံလောက်လောက်ရှိအောင် လုပ်ပေးနေပါတယ်။ Quarantine နေရာတွေ လုံလုံလောက်လောက်ရှိအောင်လို့လည်း လုပ်ပေးနေပါတယ်။ ဒီ Quarantine နေရာတွေမှာလည်း ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေကနေပြီးတော့ အားဖြည့်ပေးနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် တချို့စေတနာ့ဝန်ထမ်းတွေလည်း ရောဂါကူးစက်တာလည်း ရှိပါတယ်။ နောက်ပိုင်း နည်းနည်းပင်ပန်းလို့ နားချင်တာတွေလည်းရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေကနေ ဝိုင်းဝန်းပြီးတော့ လိုအပ်တဲ့နေရာတွေမှာ ဖြည့်ဆည်းပေးမယ်လို့ ကျွန်မယုံကြည်ပါတယ်။ မျှော်လင့်ပါတယ်။ ဒါကိုလည်း ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါ တယ်။

အားလုံးခြုံငုံပြောရမယ်ဆိုရင် ဒါဟာ ပြည်သူကို အခြေအနေသိအောင်လို့ တင်ပြတာပါ။ အခြေအနေကိုလည်း အများပြည်သူက သိပြီးသားပါ။ သတိပေးတဲ့သဘောပါ။ ထပ်မံပြီးတော့ အလေးထားဖို့အတွက် သတိပေးတဲ့သဘောဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ပြီးတော့ ကျော်လွှားနိုင်မယ်ဆိုရင် နောင်ဒီနိုင်ငံမှာ ဘယ်လိုစိန်ခေါ်မှုပဲဖြစ်ဖြစ် ငါတို့ဟာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့က ဆက်ပြီးတော့ အောင်ပွဲတွေ ခံနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူပြည်သားအပေါင်း ပူးပေါင်းပြီးတော့ အဓိကအားဖြင့် ရန်ကုန်မှာ ပြန့်ပွားနေတဲ့ ကိုဗစ်ရောဂါ ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ပေးကြပါ။ အားလုံးဟာ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်၊ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လုပ်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

အားလုံးကျန်းမာချမ်းသာကြပါစေ။ နေမကောင်းတဲ့သူတွေလည်း အမြန်ဆုံးကျန်းမာကြပါစေ။

**“နိုင်ငံတော်ကနေပြီးတော့ လုပ်ပေးသင့်တာတွေအားလုံး ကျွန်မတို့ လုပ်ပေးမှာပါ။ ကျွန်မတို့က ဆေးဝါးပစ္စည်းတွေလည်း လုံလုံလောက်လောက်ရှိအောင် လုပ်ပေးပါမယ်။ အခုဆိုရင် လူနာတွေကို ကုသဖို့နေရာ လုံလုံလောက်လောက်ရှိအောင် ကုသရေးဌာနတွေ လုံလုံလောက်လောက်ရှိအောင် လုပ်ပေးနေပါတယ်။ Quarantine နေရာတွေ လုံလုံလောက်လောက်ရှိအောင်လို့လည်း လုပ်ပေးနေပါတယ်။ ဒီ Quarantine နေရာတွေမှာလည်း ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေကနေပြီးတော့ အားဖြည့်ပေးနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် တချို့စေတနာ့ဝန်ထမ်းတွေလည်း ရောဂါကူးစက်တာလည်း ရှိပါတယ်။ နောက်ပိုင်း နည်းနည်းပင်ပန်းလို့ နားချင်တာတွေလည်းရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေကနေ ဝိုင်းဝန်းပြီးတော့ လိုအပ်တဲ့နေရာတွေမှာ ဖြည့်ဆည်းပေးမယ်လို့ ကျွန်မယုံကြည်ပါတယ်”**

# တတိယအကြိမ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအစည်းအဝေး Video Conferencing စနစ်ဖြင့် ကျင်းပ





**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ကြီးမှူး၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီ (Investment Promotion Committee-IPC) တတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဦးကျော်မျိုး၊ ဦးခင်မောင်ဝင်း၊ ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်း၊ ဒေါက်တာမြလေးစိန်၊ ဦးဆက်အောင်၊ ဦးတင်လတ်တို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အခြား IPC အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် လုပ်ငန်းအဖွဲ့(၅)ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ လေ့လာသူများက သက်ဆိုင်ရာနေရာဒေသများမှ တက်ရောက်ကြသည်။

**ကိုဗစ်အလွန်ကာလအတွက် ပြင်ဆင်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများကို တုံ့ပြန်ရန်နှင့် ကိုဗစ်အလွန်ကာလအတွက် ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် စက်မှုဇုန်တည်ထောင်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်လုပ်မှုကွင်းဆက် (Supply Chain)၊ ကျန်းမာရေးနှင့် ဆက်စပ်သည့်ထုတ်လုပ်မှုလုပ်ငန်းများ၊ Digitization လုပ်ငန်းများ အဓိကတိုးတက်စေရန်၊ အဆိုပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း (Myanmar Investment Promotion Plan-MIPP) ကို ပြန်လည်သုံးသပ်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ကော်မတီ၏ လုပ်ငန်းစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်ရန်လုပ်ငန်းများနှင့် လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ် တင်ပြခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အကူပြု လုပ်ငန်းအဖွဲ့ (၅) ဖွဲ့မှ အဖွဲ့ ခေါင်းဆောင်များက ၎င်းတို့၏ လုပ်ငန်းအဖွဲ့အလိုက် ရေးဆွဲထားသည့် နှစ်အလိုက်လုပ်ငန်းစဉ် (Annual Activities Plan) များနှင့် စပ်လျဉ်းသည့် တိုးတက်မှုများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီ (IPC) အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းအတွင်းမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ ရှိလာတဲ့အတွက် လာမယ့်ရက်သတ္တပတ် သုံးပတ်လောက်မှာ ကိုဗစ်-၁၉ရောဂါနဲ့ ပတ်သက်ပြီး ထိန်းချုပ်နိုင်မယ့် အခြေအနေတစ်ခုကို ရလာမယ်လို့ ယုံကြည်ပါတယ်

**ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြလိုက်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်-၁၉ ကူးစက်နေမှု အခြေအနေ တိုးမြင့်လာတဲ့ ကာလတစ်ခုကို ဖြတ်သန်းခဲ့ရပါတယ်။ တစ်နေ့တစ်နေ့မှာ ၂၀၀ ကျော်လောက်အထိ ကူးစက်မှုတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရတဲ့ အတည်ပြုလူနာတွေ၊ ကူးစက်မှုနဲ့ ဆက်နွှယ်နေတဲ့ သူတွေကို Quarantine စင်တာတွေမှာ ထားရှိနိုင်ဖို့ ကိစ္စရပ်တွေကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်း စီးပွားရေး၊ လူမှုရေးကဏ္ဍတွေကို တည်ငြိမ်အေးချမ်းစေဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအခြေအနေကို တည်ငြိမ်စေဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများ အားလုံးနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့တိုင်းရဲ့ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေ တည်ငြိမ်ဖို့ ကိုယ့်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအားထုတ်နေတယ်ဆိုတာကို ပြောကြားလိုပါတယ်။

ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ရင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ ညွှန်ကြားချက်တွေကို တိုင်းဒေသကြီးအတွင်းမှာ တိတိကျကျ လိုက်နာ ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ဒီကြပ်မတ် ဆောင်ရွက်မှုတွေအားလုံးဟာ ပြည်သူလူထုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ဖို့၊ ကုသပေးနိုင်ဖို့၊ ထိန်းချုပ်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်မှုပဲ ဖြစ်ပါတယ်။ ဒီကြိုးပမ်းဆောင်ရွက်မှု အပေါ်မှာ ပူးပေါင်းကူညီ ဆောင်ရွက်ကြတဲ့သူတွေ အားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုမှာ ပြည်သူတွေရဲ့ ပါဝင်ဆောင်ရွက်မှုဟာ အလွန်အင်မတန် အရေးကြီးပါတယ်။ ရန်ကုန်တိုင်းအတွင်းမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ ရှိလာတဲ့အတွက် လာမယ့်ရက်သတ္တပတ် သုံးပတ်လောက်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ထိန်းချုပ်နိုင်မယ့် အခြေအနေတစ်ခုကို ရလာမယ်လို့ ယုံကြည်ပါတယ်။ ဒီအခြေအနေအတွက်လည်း ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါလို့ တိုက်တွန်းလို့ပါတယ်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



ပါမောက္ခချုပ်
ဒေါက်တာဇော်ဝေစိုး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဘက်က ညွှန်ကြားချက်ဖြစ်တဲ့ Stay at Home အစီအစဉ်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်စေချင်ပါတယ်။ အပြင်ကို မလိုလားအပ်ပဲ ထွက်တာမျိုး မပြုလုပ်ကြဖို့နဲ့ လက်ဆေးဖို့၊ အကာအကွယ်တွေ တပ်ဆင်ဖို့၊ Mask တွေ တပ်ထားကြဖို့၊ ဒီအစီအစဉ်တွေကို ပြည်သူတစ်ဦးချင်းစီက လိုက်နာ ဆောင်ရွက်သွားကြမယ်ဆိုရင် ရန်ကုန်တိုင်းအတွင်းမှာ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်ဖို့ အခြေအနေတစ်ခု ရရှိမှာဖြစ်ပါတယ်။

ဒါ့အပြင် အခုရှိနေတဲ့ ကုသရေး စင်တာတွေဟာ မလုံလောက်တော့ဘူးလို့ ပြောကြားနေတဲ့ သတင်းတွေကိုလည်း ကြားနေရပါတယ်။ ကုသရေး စင်တာတွေနဲ့ ပတ်သက်ပြီးတော့ ဝေဘာဂီမှာ ဆောင်ရွက်နေတာရှိပါတယ်။ တောင်ဥက္ကလာပမှာ ဆောင်ရွက်နေတာရှိပါတယ်။ ဖောင်ကြီး ကိုဗစ်-၁၉ ကုသရေးစင်တာမှာ ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီကုသရေး စင်တာတွေမှာ ထားရှိနိုင်မယ့် အခြေအနေ ထပ်မံရှိပါသေးတယ်။ ဖောင်ကြီးမှာရှိတဲ့ ကိုဗစ်-၁၉ ကုသရေး စင်တာဟာ လက်ရှိအခြေအနေမှာ တက်ရောက်နေတဲ့သူ ၈၄၃ ဦး ဖြစ်ပါတယ်။ ဖောင်ကြီး ကိုဗစ်-၁၉ စင်တာဟာ ၁၂၂၀ လက်ခံနိုင်တဲ့ ကုသရေး စင်တာ ဖြစ်ပါတယ်။ ထပ်မံလက်ခံနိုင်တဲ့ အခြေအနေရှိပါသေးတယ်။ ဝေဘာဂီဆေးရုံမှာ ၆၇ ဦး ကုသမှုခံယူနေပါတယ်။ တောင်ဥက္ကလာပဆေးရုံမှာ ၄၃ ဦး ရှိပါတယ်။ ဒါ့အပြင် ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ရိုးမရိပ်သာကိုလည်း ကုသရေးအတွက် အသုံးပြုဖို့ ပြင်ဆင်နေပါတယ်။ တစ်ဖက်မှာ Quarantine စင်တာ ဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာလည်း ကုသရေးအတွက် ရိုးမရိပ်သာမှာဆောင်ရွက်ဖို့ ပြင်ဆင်ထားပါတယ်။ ရိုးမရိပ်သာရဲ့ အခြေအနေကလည်း အများကြီး လက်ခံနိုင်တဲ့ အခြေအနေရှိပါတယ်။ လက်ရှိအချိန်မှာ ရိုးမရိပ်သာမှာ အတည်ပြုလူနာနဲ့ ဆက်စပ်နေတဲ့ လူနာတွေကို Quarantine ထားတာ ၁၂၀၆ ဦး ရှိပါတယ်။ ရိုးမရိပ်သာမှာပဲ Positive ဖြစ်တဲ့ အတည်ပြုလူနာ ၂၇၂ ဦးကိုလည်း ထားရှိထားပါတယ်။ ဒါ့အပြင် ထပ်မံလက်ခံနိုင်တဲ့ အဆောက်အဦ ၁၃ လုံး ရှိသေးတာဖြစ်တဲ့အတွက် လူဦးရေ ၁၇၅၆ ဦး ထပ်မံလက်ခံနိုင်တဲ့ အခြေအနေ ရိုးမရိပ်သာမှာ ရှိပါတယ်။ လုံလောက်တဲ့အခြေအနေ ရှိပါတယ်။ ဒါ့အပြင် လှိုင် Quarantine စင်တာကိုလည်း Positive လူနာတွေကို ထပ်မံထားနိုင်ဖို့ ပြင်ဆင်နေပါတယ်။ လှိုင် Quarantine စင်တာက ဝင်ဆံ့နိုင်တဲ့ အခြေအနေက လူဦးရေ ၁၆၀၀ လောက်ရှိပါတယ်။ အခုလက်ခံထားတဲ့လူဦးရေ ၅၉၃ ဦးပဲ ရှိပါသေးတယ်။ ထပ်မံပြီးတော့ ၁၀၆၇ ဦးလောက် လက်ခံနိုင်တဲ့ အခြေအနေ ရှိနေပါတယ်ဆိုတာ အသိပေး ပြောကြားလိုပါတယ်။

ဘာကြောင့်လဲဆိုရင် ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုကို အစိုးရဘက်ကနေ ကိုယ့်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တိုင်းကျန်းမာရေး ကုသရေးပိုင်းဆိုင်ရာနဲ့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတွေ ဖွဲ့စည်းကာ နေ့စဉ်နဲ့အမျှ အစည်းအဝေးတွေ ပြုလုပ်ပြီး ဒီအခြေအနေကို ထိန်းနိုင်ဖို့အတွက် ကြိုးပမ်းနေပါတယ်။ အခုအခြေအနေမှာတော့ တိုးတက်တဲ့ ဖြစ်စဉ်တွေ ရရှိနေပြီလို့ ပြောလို့ရပါတယ်။ ဒါကြောင့် မို့လို့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ လက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ စိတ်အေးအေးထားပြီးတော့ သတိရှိရှိနဲ့ နေထိုင်ကြဖို့ လိုပါတယ်။ အစိုးရိမ် မလွန်ကဲဖို့ ပြောကြားလိုပါတယ်။ ဖြစ်နေတဲ့ အခြေအနေကို ပြည်သူတစ်ရပ်လုံးက ကျန်းမာရေးအသိနဲ့ ပူးပေါင်းပါဝင် ကူညီကြမယ်ဆိုရင် ဒီအခြေအနေတွေ အားလုံးကို ကျော်ဖြတ်သွားနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ တိုင်းအတွင်းမှာ Quarantine အနေနဲ့ ၃၁ ခုရှိပါတယ်။ လက်ရှိမှာ ထားရှိနိုင်တဲ့ အရေအတွက် ထက်ပိုတဲ့ အခန်းအရေအတွက်တွေ ထားနိုင်တဲ့ အနေအထား ရှိနေသေးတယ်။

**ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး**

ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ပေါင်းစပ်ညှိနှိုင်းအဖွဲ့က ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ ဒီအဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခုလိုမျိုး ကိုဗစ်-၁၉ ရောဂါတွေ ဖြစ်ပွားလာတဲ့အချိန်မှာ အချိန်နဲ့ တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့ ဖွဲ့စည်းလိုက်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရန်ကုန်တိုင်း အနေအထားကို ကူညီဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဆရာဝန်၊ ဆရာမတွေလည်း ရောက်ရှိနေပါတယ်။ မန္တလေးတိုင်းက ၂၀၊ မကွေးတိုင်းက ၂၀၊ ကယားပြည်နယ်က

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

၂၀ နဲ့ ရောဝတီတိုင်းက ၂၀ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီမှာရှိနေတဲ့ ဆရာဝန်၊ ဆရာမများကို အင်အားဖြည့်ဖို့ ရောက်ရှိနေတာ ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ လွန်ခဲ့တဲ့အပတ်ကနဲ့စာရင် ဒီအပတ်မှာ Mask တွေ တပ်လာတာ တွေ့ရပါတယ်။ အသွားအလာလျော့သွားတာ တွေ့ရပါတယ်။ စည်းကမ်းလိုက်နာကြတယ်။ လူစုလူဝေးတွေ မလုပ်ကြဘူး။ တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးခွာခွာနေကြတယ်။ ဝိုင်းဖွဲ့ပြီး စကားပြောတာ၊ စားတာ၊ သောက်တာ မတွေ့ရဘူး။ ဒီလိုမျိုး နှစ်ပတ်၊ သုံးပတ်လောက်သာ တိတိကျကျ နေလိုက်ရင် ရန်ကုန်ကို ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ဒီလို နေထိုင်ဆောင်ရွက်ခြင်းက တစ်ယောက်ချင်း တစ်ဦးချင်းစီက လူတွေရဲ့ အသက်ကို ကယ်နေခြင်းပဲ ဖြစ်ပါတယ်။ တစ်ဦးချင်း တစ်ယောက်ချင်းစီ အခုလိုမျိုး လိုက်နာဆောင်ရွက်နေခြင်းဟာ ဆေးကုသနေခြင်းနဲ့ တူပါတယ်။ လူနာနဲ့ဆရာဝန်အင်အား မမျှဘူးဆိုတာ မဟုတ်ပါဘူး။ ကျန်တဲ့ ရောဂါတွေ ကုသဖို့ ဆေးရုံကို လာရောက်မှု နည်းသွားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပါဝင်ကူညီတဲ့အတွက် အင်အားအပြည့် ရှိပါတယ်။ လူနာနဲ့ ဆရာဝန်အင်အားမျှတပါတယ်။ ဖောင်ကြီးမှာရော၊ ဝေဘာဂီမှာရော၊ တောင်ဥက္ကလာပမှာရော အင်အားအပြည့် ရှိပါတယ်။ ကုသမှုအပိုင်းမှာ ဆုံးဖြတ်ချက်တွေမှန်အောင် စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ဒီရောဂါက ကျန်းမာတဲ့ ငယ်ရွယ်သူတွေ၊ အပိုအင်အားရှိတဲ့သူတွေကို မတိုက်ခိုက်နိုင်ပါဘူး။ ဒါပေမယ့် အပိုအင်အားမရှိတဲ့ ကိုယ့်ရဲ့ကိုယ်ခံအားအခြေအနေနဲ့ အတိအကျသွားနေတဲ့သူတွေကို ထပ်မံတိုက်ခိုက်လာနိုင်ပါတယ်။ အဲဒီလိုမျိုး အပိုဆောင်းမရှိတဲ့သူတွေကို ကာကွယ်ဖို့ လိုပါတယ်။ ဒီလိုကာကွယ်နိုင်ဖို့ အားလုံးဝိုင်းဝန်းကြိုးစားနေကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အသက်ကြီးတဲ့ သူတွေ၊ ကိုယ်ခံအားနည်းနေတဲ့သူတွေ၊ ရောဂါအခံရှိနေတဲ့သူတွေ ဒုက္ခမရောက်ရဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်။

**စုစည်းတင်ပြ-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

---

***ကျောဖုံးမှ***

"ရခိုင်ပြည်နယ်ကလာတဲ့ ကားသမားတွေ မကွေးတိုင်းဒေသကြီးထဲကိုတော့ ဝင်လို့မရဘူး။ ရခိုင်ပြည်နယ်ကလာတဲ့ ကားကို မကွေးက ကားသမားကမောင်း၊ မကွေးက လာတဲ့ကားကို ရခိုင်ပြည်နယ်ကလာတဲ့သူက မောင်းပြီး ကုန်စည်တွေ သယ်ရပါမယ်။ ယာဉ်မောင်းတွေ လဲလှယ်ပြီး ကုန်စည်လွှဲပြောင်းရမှာပါ" ဟု ငဖဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ပြောသည်။

ရခိုင်ပြည်နယ်ဘက်မှလာသည့် ကုန်ကားများကို ပိုးသတ်ဆေးဖျန်းပြီး နာရီဝက်ကြာထားကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို နှာခေါင်းစည်းနှင့်လက်အိတ်စွပ်စေကာ လွှဲပြောင်းရေးစခန်းသို့ အဝင်ခံကြောင်း စစ်ဆေးရေးအဖွဲ့ထံက သိရသည်။

**ဇေယျာတု(မကွေး)**

---

# ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ တိုးမြှင့်၍ ကင်းလွှတ်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၃/၂၀၂၀**
**နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်**
**(၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်)**

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019(COVID-19)ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၂၄-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၂၀ ဖြင့် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကောက်ခံခြင်းအား ယခုဘဏ္ဍာနှစ်ကုန် (၁-၄-၂၀၂၀ ရက်မှ ၃၀-၉-၂၀၂၀ ရက်)အထိ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019(COVID-19)ရောဂါကြောင့် သက်ရောက်နေသည့် စီးပွားရေးနှေးကွေးမှုကို ပြန်လည်နိုးဆွနိုင်စေရန်အတွက် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ တိုးမြှင့်၍ ကင်းလွှတ်ခွင့်ပြုလိုက်သည်။

**စိုးဝင်း**
**ပြည်ထောင်စုဝန်ကြီး**

---

# အားကစားတိုးတက်ရေးအတွက် ရှေ့လာမည့်(၅)နှစ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များအား သက်ဆိုင်ရာ နှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လာမည့် (၅)နှစ်အတွင်း ဆောင်ရွက်မည့် အစီအမံများအား နှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ဦးကျော်ဦး၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။(ယာပုံ)





အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကာလတွင် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများနှင့် အတူ အားကစားကဏ္ဍ ပါလာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ စက်မှုဇုန်များ၊ စက်ရုံများ/အလုပ်ရုံများပါ ပေါ်ထွက်လာမည် ဖြစ်သဖြင့် ထိုလုပ်ငန်းစုများတွင် ဝင်ရောက်လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံသူများ၊ အလုပ်သမားများ၊ ဝန်ထမ်းများ အားလုံးအတွက် ကျန်းမာကြံ့ခိုင်ရေး၊ အားကစားဆိုင်ရာ အစီအမံများပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့သက်ဆိုင်ရာ အားကစားနှင့် ပတ်သက်သော ကျွမ်းကျင်မှုကို ပိုမိုမြှင့်တင်ရန် လိုအပ်ကြောင်း၊ ရောဂါကူးစက်မှု ယခုထက် ပိုမိုမြင့်တက်လာပါက ကိုဗစ်-၁၉ ကုသရေး၊ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာ ဒေသများရှိ အားကစားကွင်း/ရုံများ အသုံးပြုမည်ကို ကြိုတင်အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းတို့က ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ အထိ ရှေ့လာမည့် (၅) နှစ်အတွင်း စီစဉ်ဆောင်ရွက်မည့်အစီအမံများအား အသေးစိတ် တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

***ကျောဖုံးမှ***

၄။ COVID-19 ရောဂါအတည်ပြုလူနာတွေ့ရှိခဲ့ပါက ယင်းအတည်ပြု လူနာနှင့် (၆) ပေ ပတ်လည်တွင် အလုပ်လုပ်ကိုင်ရသည့် အလုပ်သမားများကို လည်းကောင်း၊ Section တစ်ခု (သို့မဟုတ်) လိုင်းတစ်လိုင်းတည်းတွင် အလုပ်လုပ်ကိုင်ရသည့် အလုပ်သမားများကို သော်လည်းကောင်း၊ အဆောင်တစ်ခုတည်းတွင် အတူတူ နေထိုင်သူများကို သော်လည်းကောင်း၊ ဖယ်ရီ အတူတူစီးသည့် အလုပ်သမားများကို သော်လည်းကောင်း၊ ထမင်းအတူတူစားသည့် အလုပ်သမားများကို သော်လည်းကောင်း၊ အလုပ်ခွင်သို့ လာရောက်ခြင်းမပြုရန် ကန့်သတ်ရမည်ဖြစ်ပါသည်၊

၅။ အလုပ်သမားများအား အလုပ်တက်ချိန်/ထမင်းမစားမီအချိန်/ အလုပ်ဆင်းခါနီးအချိန်၌ အချိန်(၂)မိနစ်စီခန့်ပေး၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များသို့ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် "ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကို မိမိကစ၍ ကာကွယ်ပါ" အဓိကသတင်းစကား (၁၀)ချက်ကို ပြောကြားပေးရန်၊

၆။ ယခုလောလောဆယ် မြန်မာနိုင်ငံ၌ တွေ့ရှိရသော COVID-19 လူနာများ၏ (၇၁ %) မှာ ရောဂါလက္ခဏာမတွေ့ရှိရပါသောကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များတွင် အလုပ်လုပ်နေသော အလုပ်သမားများအားလုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များအား အတိအကျလိုက်နာရန် လိုအပ်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

# ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့် မီဒီယာတွေ့ဆုံပွဲကို Zoom Application ဖြင့် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မီဒီယာတွေ့ဆုံပွဲကို စက်တင်ဘာ ၁၆ ရက်တွင် Zoom Application ဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး ပုံမှန်သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပိုမိုများပြားလာပြီးနောက်ပိုင်းတွင် YRTA ၏ ဆောင်ရွက်ချက်များကို ရုပ်သံရိုက်ကူးကာ သတင်းမီဒီယာသမားများထံ ဖြန့်ဝေပေးသည်။

ယခုအခါ YRTA ၏ မီဒီယာတွေ့ဆုံပွဲ (၁၂/၂၀၂၀)ကို စက်တင်ဘာ ၁၆ ရက်တွင် နံနက် ၉ နာရီမှ ၁၂ နာရီအထိ Zoom Application ဖြင့် ပြုလုပ်မည်ဖြစ်ပြီး YRTA မှ ပေးပို့သော Zoom Link မှတစ်ဆင့် မိမိတို့၏ မိုဘိုင်းဖုန်း၊ ကွန်ပျူတာအသုံးပြု၍ ဝင်ရောက်နိုင်ကြောင်း သိရသည်။ ထိုသို့ Zoom Application အသုံးပြုရာတွင် အဆင်ပြေမှုရှိ မရှိကို သိရှိနိုင်ရန် ယနေ့တွင် မီဒီယာသမားများနှင့် YRTA PR Team တို့ စမ်းသပ်အသုံးပြုခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီက မီဒီယာတွေ့ဆုံပွဲများ ပြုလုပ်ခဲ့သော်လည်း နိုင်ငံတွင်း ရောဂါကူးစက်မှုများ စတင်ပြီးနောက် မီဒီယာတွေ့ဆုံပွဲများ ကျင်းပနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

နိုင်ငံတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်မားနေခြင်း၊ အများပြည်သူ ကျန်းမာရေးအတွက် အသွားအလာများ ကန့်သတ်ထားခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ရင်းနှီးမှုမရှိပါက ဖုန်းကိုင်ဖြေဆိုမှု မရှိခြင်းတို့ကြောင့် သတင်းသမားအများစုအနေဖြင့် သတင်းအချက်အလက်များရယူနိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။


**ထင်ပေါ်ဝင်း(ကမာရွတ်)**

# လူသားတို့၏ကျန်းမာရေး အိုဇုန်းလွှာကိုထိန်းသိမ်းပေး

မောင်သောင်းဝင်း (တမန်ဟောင်း)

**နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဖြစ်သည်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အိုဇုန်းလွှာပါးလွှာလာမှုကို ဖြစ်ပေါ်စေသည့် အရာဝတ္ထုများ အသုံးပြုမှုကို ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ် (Montoreal Protocol) လက်မှတ်ရေးထိုးခဲ့သည့် ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။**

၂၀၂၀ ပြည့်နှစ်အတွက် ဆောင်ပုဒ်သည် '' OZONE FOR LIFE : 35 YEARS OF OZONE LAYER PROTECTION '' “ ၃၅ နှစ်တာ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် သက်ရှိများအတွက် အိုဇုန်းလွှာက အကျိုးပြု” ပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် ကောင်းမွန်သည့် ရည်ရွယ်ချက်များနှင့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ထိုအခမ်းအနားကို ကျင်းပလျက်ရှိသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်တော့မည် မဟုတ်ချေ။




**“ကမ္ဘာမြေကြီးကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ အကာအကွယ်ပေးထားသည့် အိုဇုန်းလွှာသည် လာမည့်ဆယ်စုနှစ်ကာလအတွင်း ပြန်လည်နာလန်ထူလာတော့မည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက အစီရင်ခံတင်ပြခဲ့သည်။ ယင်းအစီရင်ခံစာကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)တို့ ပူးပေါင်း၍ အကဲဖြတ်သုံးသပ်ထားခြင်းဖြစ်သည်။ လူသားအားလုံးအတွက် အားတက်ဖွယ်ရာပင်ဖြစ်”**

## အိုဇုန်းလွှာဆိုသည်မှာ

အိုဇုန်းလွှာသည် နေရောင်ခြည်မှ ကျရောက်လာသည့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကိုလည်း အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်သည်။ ဘေးအန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည်များကို ကာကွယ်ပေးသဖြင့် ကျန်းမာရေးနှင့် ဂေဟစနစ်ကိုလည်း ကာကွယ်ထိန်းသိမ်းပေးလျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာသည် မျိုးဆက်သစ်များအတွက် ဘေးအန္တရာယ်ကာကွယ်ပေးမည့် သဘာဝကပေးထားသော ဒိုင်းကြီးတစ်ခုပင်ဖြစ်သည်။

အိုဇုန်းဓာတ်ငွေ့သည် အောက်ဆီဂျင်မှတစ်ဆင့် ဖွဲ့စည်းထားသည့် ဓာတ်ငွေ့ဖြစ်ပြီး သဘာဝအားဖြင့် ကမ္ဘာမြေနှင့် ကပ်လျက်ရှိသည့် လေထုထဲတွင် တွေ့ရလေ့ရှိသည်။ ကျွန်ုပ်တို့ရင်းနှီးကျွမ်းဝင်သော အောက်ဆီဂျင် ဓာတ်ငွေ့သည် ဒိုင်အောက်ဆီဂျင် ($O_2$) ဖြစ်သည်။ ယင်းဓာတ်ငွေ့သည် ကမ္ဘာ့လေထု၏ ၂၁ ရာခိုင်နှုန်းရှိသည်။ အိုဇုန်းသည် ထရိုင်အောက်ဆီဂျင်($O_3$) ဖြစ်ပြီး ရှားပါးသည့် ဓာတ်ငွေ့ဖြစ်သည်။ ထူးခြားသည့်အချက်သည် ဓာတ်ငွေ့မော်လီကျူ ၁၀ သန်းတွင် အိုဇုန်းမော်လီကျူသုံးခုသာလျှင် တွေ့ရှိရခြင်းဖြစ်သည်။ သို့ဖြစ်၍ အိုဇုန်းဓာတ်ငွေ့ ၁၀ ရာခိုင်နှုန်းကိုသာလျှင် ကမ္ဘာမြေပြင်နှင့် နီးကပ်လျက်ရှိသည့် လေထုအတွင်း၌ တွေ့ရှိနိုင်သည်။ ထို့ထက်မြင့်မားသည့် အထက်လေထုလွှာ၌ အိုဇုန်း ၉၀ ရာခိုင်နှုန်းခန့် တွေ့ရှိရသည်။ ထိုအိုဇုန်းလွှာသည် ကမ္ဘာမြေထုအား နေရောင်ခြည်မှ ကျရောက်လာမည့် ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည်။

လူသားတို့သည် နေ့စဉ်နီးပါး နေရောင်ခြည်နှင့် ထိတွေ့နေရသည်။ ကျွန်ုပ်တို့ ထိတွေ့နေရသော ထိုနေရောင်ခြည်တွင် လူကိုထိခိုက်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်များ ပါဝင်လျက်ရှိသည်။ ထိုခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည့် သဘာဝဒိုင်းကြီးမှာ အိုဇုန်းလွှာပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအသိုက်အဝန်းများသည် အိုဇုန်းလွှာပါးလွှာမှုအပေါ် အလေးထား၍ စုပေါင်းကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ ထိုကျေးဇူးတရားများကြောင့် ကမ္ဘာမြေကြီးကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ အကာအကွယ်ပေးထားသည့် အိုဇုန်းလွှာသည် လာမည့်ဆယ်စုနှစ်ကာလအတွင်း ပြန်လည်နာလန်ထူလာတော့မည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက အစီရင်ခံတင်ပြခဲ့သည်။ ယင်းအစီရင်ခံစာကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)တို့ ပူးပေါင်း၍ အကဲဖြတ် သုံးသပ်ထားခြင်းဖြစ်သည်။ လူသားအားလုံးအတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။

## အိုဇုန်းလွှာထိန်းသိမ်းရေး ပဋိညာဉ်များ

အိုဇုန်းလွှာ ပါးလွှာပျက်စီးလာကြောင်းကို သိပ္ပံပညာရှင်များက တွေ့ရှိအတည်ပြုခဲ့သဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် စိုးရိမ်ပူပန်မှု မြင့်တက်ခဲ့ရသည်။ ထို့ကြောင့် အိုဇုန်းလွှာကာကွယ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းချမှတ်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ကြိုးပမ်းမှုရလဒ်အနေဖြင့် ၁၉၈၅ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ အိုဇုန်းလွှာကာကွယ်ရေးအတွက် ဗီယင်နာပဋိညာဉ်ကို ချမှတ်ပြီး လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုပဋိညာဉ်မှသည် အိုဇုန်းလွှာကာကွယ်ရေးအတွက် မွန်ထရီရယ်ပဋိညာဉ်ကို မူကြမ်းရေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည်။

အိုဇုန်းလွှာပါးလွှာလာမှုဖြစ်ပေါ်စေသည့် အရာဝတ္ထုများ အသုံးပြုမှုကို ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ် (Montoreal Protocol)ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်းစာချုပ်အရ အိုဇုန်းလွှာ ပါးလွှာစေနိုင်သည့် အရာဝတ္ထုပစ္စည်းများ ထုတ်လုပ်မှုကို တဖြည်းဖြည်း လျှော့ချရပ်ဆိုင်းစေခြင်းအားဖြင့် အိုဇုန်းလွှာကို ကာကွယ်ခဲ့သည်။ ထိုသို့ကာကွယ်မှုကြောင့် အိုဇုန်းလွှာစံနှုန်းသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ရှိနေခဲ့သည့် ထုထဲမှုစံနှုန်းအဆင့်သို့ ပြန်လည်ရောက်ရှိလာနေပြီဖြစ်သည်။

မွန်ထရီရယ်ပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည့် သဘောတူညီချက်များအရ လေထုတွင်း (Chlorofluoro carbon-CFC)နှင့် ဟေလွန်ဂျင်ကဲ့သို့သော ဓာတ်ငွေ့များပိုမိုပါဝင်နေမှုကို လျှော့ချနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရေခဲသေတ္တာများ၊ စပရေးဘူးများ၊ လျှပ်ကာပစ္စည်းများနှင့် မီးသတ်ဆေးဘူးများ အသုံးပြုသည့်အခါ CFC ဓာတ်ငွေ့များ ထုတ်လွှတ်လေ့ရှိပါသည်။ ၁၉၈၇ ခုနှစ် လွန်ကာလတွင် အိုဇုန်းလွှာပါးလွှာစေသည့် ဒြပ်ပစ္စည်းများဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ၁၀ ဂစ်ဂါတန်အထိ ရှိခဲ့သည်။ ထိုမွန်ထရီရယ် ပဋိညာဉ်ပြဋ္ဌာန်းမှုကြောင့် လက်ရှိအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို ၉၀ ရာခိုင်နှုန်းကျော်အထိ လျှော့ချနိုင်ပြီဖြစ်သည်။ မွန်ထရီရယ်ပဋိညာဉ်ကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းအားဖြင့် အိုဇုန်းလွှာအနေအထားသည် ၂၀ ရာစုမတိုင်မီကာလက အာတိတ်နှင့် အန္တာတိကဒေသတို့တွင် ရှိခဲ့သည့် အိုဇုန်းလွှာအနေအထားသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

## အိုဇုန်းလွှာပြန်လည်ထူထဲလာ

သက်ရှိလူသားများ နေထိုင်လျက်ရှိသည့် ကမ္ဘာမြေထုကြီးအား ကင်ဆာရောဂါ ဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးသည့် အိုဇုန်းလွှာသည် နှစ်ကာလအတန်ကြာ ပါးလွှာလာမှု ဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထုထဲလာမည့် ကြိုတင်လက္ခဏာများ တွေ့ရှိလာရသည်ဟု ကုလသမဂ္ဂလေ့လာချက်များတွင် ထုတ်ပြန်ထားရှိသည်။ အန္တာတိကတိုက်ပေါ်တွင် နှစ်စဉ်ကြီးထွားလာသော အိုဇုန်းလွှာအပေါက်သည် လက်ရှိအချိန်တွင် အပေါက်ဆက်လက်ဖြစ်ပေါ်နေခြင်းမှ ရပ်ဆိုင်းသွားပြီဟုဆိုသည်။

အမှန်တော့ အိုဇုန်းလွှာ အပေါက်ကျုံ့သွားစေရန် ဆယ်စုနှစ်တစ်စုခန့် အချိန်ယူရမည်ဖြစ်သည်။ လူသားတို့သည် အိုဇုန်းလွှာကြီးကို စက်မှုတော်လှန်ရေးမစမီကာလက ပိုင်ဆိုင်ထားသည့် သဘာဝအခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိလာစေရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ ထိုသို့ အားထုတ်ရာတွင် ကမ္ဘာမြေကြီးနှင့် ကပ်လျက်ရှိသော လေထုလွှာကို ပြောင်းလဲနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချပေးနိုင်သော နည်းလမ်းများဖြင့် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ဆိုလိုသည်မှာ သစ်တောများ ထိန်းသိမ်းခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်းကဲ့သို့သော အိုဇုန်းလွှာထိန်းသိမ်းရေး နည်းလမ်းများကို လုပ်ဆောင်သွားရမည်ဖြစ်သည်။ အိုဇုန်းလွှာ ပြန်လည်ထူထဲလာခြင်းကြောင့် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုသည် တဖြည်းဖြည်း လျော့နည်းလာပြီ ဖြစ်ကြောင်းနှင့် အိုဇုန်းလွှာအတွင်းရှိ ခရမ်းလွန်ရောင်ခြည်အဆင့်သည်လည်း ပြောင်းလဲလာပြီဖြစ်သည်ဟု သိပ္ပံပညာရှင်များက အခိုင်အမာပြောဆိုထားသည်။

## အိုဇုန်းလွှာနှင့် ခရမ်းလွန်ရောင်ခြည်

အိုဇုန်းလွှာ ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုလည်း သိထားသင့်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သော နေရောင်ခြည်မှ ဖြာထွက်လာသည့် လျှပ်စစ်ရောင်စဉ်လှိုင်းတစ်ခုဖြစ်သည်။ အင်းဆက်ပိုးမွှားများနှင့် ငှက်များကဲ့သို့သော တိရစ္ဆာန်များသာလျှင် ထိုရောင်ခြည်ကို မြင်နိုင်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် မြင်နိုင်သည့် ခရမ်းရောင်ထက်လှိုင်းနှုန်း၊ အလျားနှင့်စွမ်းအင်တို့ ပိုမိုမြင့်မားလျက်ရှိသည်။ ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင် Johann Wilhelm Ritter က ခရမ်းလွန်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ခံရသူများသည် အသားအရေများ တဖြည်းဖြည်းညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည် ဖြစ်သည်။ လွန်ကဲစွာ ကျရောက်ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားသည်အထိ ခံစားရမည်ဖြစ်သည်။

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ထို့ကြောင့် နေရောင်ခြည်မှ ဖြာထွက်လာသောခရမ်းလွန်ရောင်ခြည် (Ultraviolet-UV)အား ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV-a ၊ UV-b နှင့် UV-c ဟူ၍ သုံးမျိုးခွဲခြားထားသည်။ အိုဇုန်း မော်လီကျူများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအပေါ် မတူညီသော ရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အိုဇုန်းမော်လီကျူများသည် ခရမ်းလွန်ရောင်ခြည် (UV-c) အပေါ် ထိရောက်စွာ တုံ့ပြန်နိုင်ပြီး ကမ္ဘာ့မြေပြင်အထက် မိုင် ၂၀ ခန့်တွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည် (UV-a)အပေါ်တွင် သက်ရောက်မှု အနည်းငယ်သာရှိသော်လည်း ယင်းရောင်ခြည်သည် နေလောင်ခြင်း သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှု မရှိသဖြင့် လွန်စွာပူပန်စရာ မလိုအပ်ပေ။

သို့သော် ခရမ်းလွန်ရောင်ခြည် (UV-b)သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံး သက်ရောက်မှုရှိသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူ့ခန္ဓာကိုယ်ပေါ်သို့ ယင်း UV-b တိုက်ရိုက်ကျရောက်ပါက အရေပြား ကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများကို ပြင်းထန်စွာ ခံစားရသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် (UV-b)အများစုကို ကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာ ပါးလွှာမှုဖြစ်ပေါ်လာသလောက် ကမ္ဘာမြေပြင်ပေါ်သို့ UV-b ရောက်ရှိမှုအဆင့်လည်း မြင့်မားလာစေနိုင်ပါသည်။

အမှန်တော့ မွန်ထရီရယ်ပဋိညာဉ်သည် အိုဇုန်းလွှာပါးလွှာမှုဖြစ်ပေါ်စေသည့် CFC ထုတ်လွှတ်မှုကို အဆင့်တစ်ခုအထိ လျှော့ချနိုင်သော်လည်း ရာသီဥတုအပေါ်သက်ရောက်လျက်ရှိသည့် ဆိုးကျိုးများကိုမူ လျှော့ချနိုင်ခြင်းမရှိသေးဟု ယင်းအစီရင်ခံစာတွင် အကဲဖြတ်သတိပေးထားပါသည်။ CFC သည် အိုဇုန်းလွှာအပေါ် ထိခိုက်မှုဖြစ်စေနိုင်သည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့များကိုပါ ထုတ်လွှတ်နိုင်ပါသည်။ နှစ်စဉ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် လက်ရှိအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု၏ ၀ ဒသမ ၅ ဂစ်ဂါတန်ခန့်ရှိသည်။ နှစ်စဉ် ၇ ရာခိုင်နှုန်းခန့် တိုးတက်ထုတ်လွှတ်လျက်ရှိရာ လာမည့် ၁၀ စုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်လာစေနိုင်သည်။ အိုဇုန်းလွှာပါးလွှာလာမှုသည် ၂၁ ရာစု၏ ဒုတိယနှစ်ဝက်ကာလတွင် လေထုထဲ၌ ရေရှည်ရပ်တည်နေသော ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုက်ထရစ်အောက်ဆိုက်ပါဝင်မှုတို့အပေါ် များစွာတည်မှီလျက်ရှိသည်။

ဆိုရလျှင် နှစ်စဉ်စက်တင်ဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဖြစ်သည်။ အိုဇုန်းလွှာသည် လူသားတို့ကို နေရောင်ခြည်မှ ကျရောက်လာသည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည်။ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့သည် ကမ္ဘာ့အိုဇုန်းလွှာကို ပါးလွှာမှု မြင့်မားစေနိုင်သည့် အလားအလာရှိနေသည်။ စားသောက်ကုန်များ ထုတ်လုပ်ရာမှ ထွက်ပေါ်လာသော နိုက်ထရစ်အောက်ဆိုက်သည် ဖန်လုံအိမ်ဓာတ်ငွေ့အပြင် အိုဇုန်းလွှာပါးလွှာလာမှု ဖြစ်ပေါ်စေသည့်ဓာတ်ငွေ့လည်း ဖြစ်သည်။ ထို့ကြောင့် ယင်းဓာတ်ငွေ့သည် အနာဂတ် အိုဇုန်းလွှာပါးလွှာလာမှုဖြစ်ပေါ်စေနိုင်သည့် ဓာတ်ငွေ့တစ်မျိုးပင်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံသူ နိုင်ငံသားသားအားလုံးအနေဖြင့် ကမ္ဘာမြေပေါ်သို့ ကျရောက်ပြီး လူသားတို့၏ ကျန်းမာရေးကို ထိခိုက်လျက်ရှိသော ခရမ်းလွန်ရောင်ခြည် အန္တရာယ်အား ဒိုင်းသဖွယ်ကာကွယ်ပေးနေသော လူသားအကျိုးပြု အိုဇုန်းလွှာကြီးပါးလွှာမှု မဖြစ်ပေါ်စေရေး ထိန်းသိမ်းနိုင်ရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအကြံပြုပါရစေ။ ။

# သတ်မှတ်ချက်တွေကို လိုက်နာ



ရန်ကုန်နဲ့ပတ်သက်ရင် အဓိကကတော့ အသွားအလာကန့်သတ်ဖို့ပါပဲ။ လူစုလူဝေးတွေ မဖြစ်ဖို့ပါပဲ။ အားလုံးကနေပြီးတော့ ခပ်ခွာခွာနေမယ်။ ကျွန်မတို့ သတ်မှတ်ထားတဲ့ အင်မတန်မှ လွယ်ကူပြီးတော့ ရှင်းလင်းတဲ့စည်းမျဉ်းစည်းကမ်းတွေဖြစ်တဲ့ အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ၊ လက်အိတ်ဝတ် ရမယ့်နေရာတွေမှာ လက်အိတ်ဝတ်ပါ၊ အနည်းဆုံးခြောက်ပေကွာပြီးတော့ နေပါဆိုပြီးတော့ အဲဒီလို သတ်မှတ်ချက်တွေကို လိုက်နာမယ်ဆိုရင် လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းစီက လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို မြန်မြန်ထိန်းချုပ်သွားနိုင်မှာပါ။ နောက်တစ်ခုကလည်း ကျွန်မတို့ကနေပြီးတော့ လူစုလူဝေးမဖြစ်အောင်ဆိုပြီး စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တဲ့နေရာမှာ ပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းကို ထိခိုက်တယ်ဆိုတာ ကျွန်မတို့ သတိပြုမိပါတယ်။ ဒါကြောင့်လည်း အစိုးရအနေနဲ့ တတ်နိုင်သမျှ ဒီလို ထိခိုက်တဲ့ ပြည်သူတွေကို ပံ့ပိုးနိုင်အောင်လည်း စီစဉ်ပါတယ်။ လုပ်လည်းလုပ်ပါတယ်။ ဆက်ပြီးတော့လည်း လိုအပ်သလို လုပ်သွားပါမယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID–19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၀၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၀၂ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၅**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၃၀၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၀၂ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၅၀၂ ဦးအနက် သေဆုံးသူ ၃၅ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၈၃၂ ဦးနှင့် စက်တင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၅၇ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၆၉၆ | ၃၅၀၂ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၈၃၂ | ၃၅ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၉၁၆၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၈၃၂ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၅- ၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID–19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၅**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၅-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၇၅၁၀၄၈ | ၄၀၂၈၇၅၆ | ၁၉၉၁၄၈ |
| ၂။ | အိန္ဒိယ | ၄၉၃၀၂၃၆ | ၃၈၅၉၃၉၉ | ၈၀၈၀၈ |
| ၃။ | ဘရာဇီး | ၄၃၄၉၅၄၄ | ၃၆၁၃၁၈၄ | ၁၃၂၁၁၇ |
| ၄။ | ရုရှား | ၁၀၇၃၈၄၉ | ၈၈၄၃၀၅ | ၁၈၇၈၅ |
| ၅။ | ပီရူး | ၇၃၃၈၆၀ | ၅၇၃၃၆၄ | ၃၀၈၁၂ |
| ၆။ | ကိုလံဘီယာ | ၇၂၁၈၉၂ | ၆၀၆၉၂၅ | ၂၃၁၂၃ |
| ၇။ | မက္ကဆီကို | ၆၇၁၇၁၆ | ၄၇၅၇၉၅ | ၇၁၀၄၉ |
| ၈။ | တောင်အာဖရိက | ၆၅၀၇၄၉ | ၅၇၉၂၈၉ | ၁၅၄၉၉ |
| ၉။ | စပိန် | ၅၉၃၇၃၀ | စိစစ်ဆဲ | ၂၉၈၄၈ |
| ၁၀။ | အာဂျင်တီးနား | ၅၆၅၄၄၆ | ၄၃၈၈၈၃ | ၁၁၇၁၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၆၉၄၀၇ | ၂၀၇၃၅၂ | ၄၆၆၃ |
| အင်ဒိုနီးရှား | ၂၂၅၀၃၀ | ၁၆၁၀၆၅ | ၈၉၆၅ |
| စင်ကာပူ | ၅၇၄၈၈ | ၅၆၈၀၂ | ၂၇ |
| မလေးရှား | ၉၉၆၉ | ၉၂၀၉ | ၁၂၈ |
| မြန်မာ | ၃၅၀၂ | ၈၃၂ | ၃၅ |
| ထိုင်း | ၃၄၈၀ | ၃၃၁၅ | ၅၈ |
| ဗီယက်နမ် | ၁၀၆၃ | ၉၂၆ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များကို တစ်ဦးတစ်ယောက်ချင်းစီက စနစ်တကျ အသေအချာလိုက်နာဆောင်ရွက်ခြင်းဖြင့် ကျော်လွှားကြပါစို့

ကိုဗစ်-၁၉ ရောဂါ ခာတ်ခွဲအတည်ပြုလူနာများ များပြားလာမှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနာများကို ပြုစုကုသပေးရန် စီစဉ်ထားရှိမှုများနှင့် ပတ်သက်ပြီး ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးအား မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

**မေး။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခာတ်ခွဲအတည်ပြုလူနာတွေကို ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာကို သိချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ရန်ကုန်မှာ လူနာအနေအထားက တစ်နေ့ကို Positive လူနာ ၂၀၀-၃၀၀ ထွက်ပေါ်လာတဲ့အတွက် ဒီလူနာ ၂၀၀-၃၀၀ ကို ပြုစုကုသဖို့၊ သူတို့ကို ထားရှိဖို့ ဆေးရုံနေရာတွေ လိုအပ်လာပါတယ်။ ဒါကြောင့် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဆောက်လုပ်ပြီးစဖြစ်တဲ့ ရိုးမအိမ်ရာကို ယခု ယာယီဆေးရုံအဖြစ် ဖွင့်လှစ်ထားပါတယ်။ ဒီနေရာက ရောဂါလက္ခဏာမပြင်းထန်တဲ့ လူနာတွေနဲ့ ရောဂါလက္ခဏာမရှိတဲ့ လူနာတွေကို ကုသတဲ့နေရာ ဖြစ်ပါတယ်။

ဒါ့အပြင် လှိုင်တက္ကသိုလ်နယ်မြေထဲမှာ ယခင်တုန်းက Facility Quarantine လုပ်ခဲ့တဲ့နေရာကို တက္ကသိုလ်ဆရာများ အိမ်ရာစီမံကိန်းထဲက လွတ်နေတဲ့နေရာတွေမှာ လူနာ ၅၀၀ ထားရှိဖို့အတွက် စီစဉ်နေပါတယ်။ ဒီနေရာကို ရောဂါလက္ခဏာ မပြင်းထန်တဲ့လူနာတွေ၊ ရောဂါလက္ခဏာမရှိတဲ့ လူနာတွေကို ထားတဲ့ဆေးရုံအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လူအင်အားဖြည့်ဆည်းပေးထားပြီး ဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတွေနဲ့ ကျွန်တော်တို့အပါအဝင် ခုနက လူအင်အားဖြည့်ထားတဲ့ အဲဒီနေရာကို လူနာ ၂၀၀ စတင်ပြီး ရွှေ့ဖို့အတွက် စီစဉ်နေပါတယ်။ အဲဒီနေရာကို ဆက်လက်တိုးချဲ့ပြီး လူနာ ၅၀၀ အထိထားဖို့ စီစဉ်ထားပါတယ်။

ဒီနေရာမှာ လူနာပြည့်သွားရင် ကျွန်တော်တို့ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းမှာ လူနာ ၄၀၀ ထားဖို့ ပြင်ဆင်နေပါတယ်။ အဲဒီမှာက Tent Hospital ဖြစ်ပါတယ်။ ဒီထဲမှာ ရေ၊ မီး၊ လေအေးပေးစက်နဲ့ လူနာတွေအတွက် တစ်ဦးချင်း အကန့်လိုက်နေထိုင်နိုင်အောင် စီစဉ်ထားပါတယ်။ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ နိုင်ငံတကာအဆင့်မီ ယာယီဆေးရုံတွေရဲ့ စနစ်နဲ့အညီ WHO ရဲ့ ညွှန်ကြားချက်များအတိုင်း တည်ဆောက်ထားတဲ့ Tent Hospital ဖြစ်ပါတယ်။ ဒါကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူတည်ဆောက်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လူအင်အားနဲ့ ဆေးဝါးဖြည့်ဆည်းပေးပြီး ကျန်လိုအပ်ချက်တွေကို ရောဝတီဖောင်ဒေးရှင်းက ဖြည့်ဆည်းပေးကာ ဒါကို တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းက Tent Hospital ကို ဒဂုံဆိပ်ကမ်းမြို့နယ်က ရိုးမယာယီဆေးရုံနဲ့ လှိုင်တက္ကသိုလ်နယ်မြေထဲက Asymptomatic Hospital တို့မှာ လူနာပြည့်သွားရင် အသုံးပြုသွားမှာဖြစ်ပါတယ်။ လက်ရှိအနေအထားအရ နောက်ထပ်လည်း ထပ်ပြီး လိုအပ်ဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရိုးမယာယီဆေးရုံကို လူနာ ၂၀၀၀ အထိ တိုးချဲ့ကုသနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ယခုလိုအချိန်အတွက် ကြိုတင်စီစဉ်မထားခဲ့ရင် ဒီနေ့ဒီအချိန်မှာ ဒီလိုအလုပ်တွေကို လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒီလိုကြိုတင်မြော်မြင်ပြီး ပြင်ဆင်ထားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

**မေး။ ခာတ်ခွဲအတည်ပြုလူနာတွေကို ရွှေ့ပြောင်းပို့ဆောင်ပေးနေမှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ကိုဗစ် - ၁၉ ရောဂါ ခာတ်ခွဲအတည်ပြုလူနာတွေကို ရွှေ့ပြောင်းတဲ့ သယ်ယူပို့ဆောင်ရေးကတကယ့်ကို အဓိကလုပ်ငန်းဖြစ်ပါတယ်။ လူနာ ၃၀၀ လောက်ကို တစ်ပြိုင်နက်တည်း၊ တစ်နေ့တည်း ရွှေ့ပြောင်းရတဲ့အလုပ်က လွယ်တဲ့အလုပ်ကိစ္စ မဟုတ်ပါဘူး။

ခာတ်ခွဲအတည်ပြုလူနာတွေ သယ်ယူနိုင်အောင်လို့ ကယ်ရီရာကားကြီးတွေကို WHO ရဲ့ ညွှန်ကြားချက်နဲ့အညီ ရှေ့နောက်ကာတာတွေ၊ လူနာတွေ အတင်အချလုပ်နိုင်အောင် Ambulance Bus အနေနဲ့ ကြိုတင်ပြင်ဆင်ထားတာ ကျွန်တော်တို့မှာ ၁၅ စီး ရှိပါတယ်။ ယခင်တုန်းက လေးစီး အသုံးပြုခဲ့ပြီး ယခု ၁၅ စီးလုံး အသုံးပြုကာ သယ်ယူပို့ဆောင်နေပါတယ်။ ဒါကလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။



ဆေးတက္ကသိုလ်-၁ (ရန်ကုန်) မှ
ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

အလားတူ ရန်ကုန်တိုင်းဒေသကြီးမှာ ခရိုင်နဲ့ မြို့နယ်တွေမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့အသီးသီးရဲ့ လူနာတင်ယာဉ်တွေကို စနစ်တကျနဲ့ အကျိုးရှိရှိ ကျွန်တော်တို့ အသုံးချနေပါတယ်။ အထူးသဖြင့် ဒီလူနာတင်ယာဉ်တွေဟာ ရပ်ကွက်/ ရပ်ရွာတွေထဲမှာ လူနာ ဘယ်နေရာမှာ ရှိတယ်ဆိုတဲ့လိပ်စာကို အတိအကျသိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေ၊ ရပ်ရွာထွေ/အုပ်တို့နဲ့ ပူးပေါင်းပြီး လူနာတွေကို သယ်ယူပို့ဆောင်ပေးနေတာက အထောက်အကူဖြစ်ပါတယ်။ သူတို့တွေအနေနဲ့ အချိန်မီ/ အချိန်ပြည့် ပူးပေါင်းပါဝင် ဆောင်ရွက်နေပါတယ်။

**မေး။ ပြည်သူလူထုကို ဆရာအနေနဲ့ အသိပေးပြောကြားလိုတာရှိရင် ပြောပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ပြည်သူလူထုအနေနဲ့ ဒီရက်ပိုင်းကလေးကို သည်းခံပြီး စနစ်တကျနေပေးကြပါ။ အာရုံစူးစိုက်ပြီး ကိုယ့်ကို ရောဂါမကူးအောင်၊ ကိုယ်က ရောဂါမကူးအောင် နေထိုင်ပေးကြပါ။ ဘတ်စ်ကားစီးတာကအစ စနစ်တကျစီးဖို့လိုပါတယ်။ Mask တပ်ဖို့လိုပါတယ်၊ Mask ကို မေးစေ့မှာချိတ်ရမှာ မဟုတ်ပါဘူး။ တပ်ရမှာ ဖြစ်ပါတယ်။ လက်ဆေးရမယ်။ ယခုကားဂိတ်တွေမှာ လက်ဆေးဆပ်ပြာအဆီတွေကို အသုံးပြုဖို့ ထားပေးထားပါတယ်။ အဲဒါတွေကိုသုံးကြပါ။ အသေအချာ လက်ကို Hand Gel နဲ့ ဆေးပါ၊ Mask တပ်ပါ။ ကားပေါ်မှာ စကားမပြောပါနဲ့။ တတ်နိုင်သမျှ သွားတာလာတာတွေကို လျှော့ပြီးနေကြမယ်။ တစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံတာတွေကို လျှော့ပြီး နေကြမယ်ဆိုရင် ကူးစက်မှုနှုန်းက ကျသွားမှာ ဖြစ်ပါတယ်။

အလားတူပဲ စက်ရုံအသီးသီးမှာ လုပ်ငန်းခွင်ဝင်ရောက်ကြတဲ့အခါတိုင်း ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ သတ်မှတ်ချက်တွေနဲ့အညီ နေထိုင်လုပ်ကိုင်ကြပါ။ စက်ရုံ အလုပ်ရုံတွေမှာ Social Distancing အပြည့်နဲ့နေပါ။ Mask ကို သေချာအချိန်ပြည့်တပ်ထားပါ။

> ❒ **ပြည်သူလူထုအနေနဲ့ ဒီရက်ပိုင်းကလေးကို သည်းခံပြီး စနစ်တကျနေပေးကြပါ။ အာရုံစူးစိုက်ပြီး ကိုယ့်ကို ရောဂါမကူးအောင်၊ ကိုယ်က ရောဂါမကူးအောင် နေထိုင်ပေးကြပါ။ ဘတ်စ်ကားစီးတာကအစ စနစ်တကျစီးဖို့လိုပါတယ်။ Mask တပ်ဖို့လိုပါတယ်၊ Mask ကို မေးစေ့မှာ ချိတ်ရမှာ မဟုတ်ပါဘူး။ တပ်ရမှာဖြစ်ပါတယ်။ လက်ဆေးရမယ်။ ယခု ကားဂိတ်တွေမှာ လက်ဆေးဆပ်ပြာအဆီတွေကို အသုံးပြုဖို့ ထားပေးထားပါတယ်။ အဲဒါတွေကို သုံးကြပါ။ အသေအချာ လက်ကို Hand Gel နဲ့ ဆေးပါ၊ Mask တပ်ပါ။ ကားပေါ်မှာ စကားမပြောပါနဲ့။ တတ်နိုင်သမျှ သွားတာလာတာတွေကို လျှော့ပြီးနေကြမယ်။ တစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံတာတွေကို လျှော့ပြီးနေကြမယ်ဆိုရင် ကူးစက်မှုနှုန်းက ကျသွားမှာဖြစ်ပါတယ်**
>
> ❒ **အလားတူပဲ စက်ရုံအသီးသီးမှာ လုပ်ငန်းခွင်ဝင်ရောက်ကြတဲ့အခါတိုင်း ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ သတ်မှတ်ချက်တွေနဲ့အညီ နေထိုင်လုပ်ကိုင်ကြပါ။ စက်ရုံအလုပ်ရုံတွေမှာ Social Distancing အပြည့်နဲ့နေပါ။ Mask ကို သေချာအချိန်ပြည့်တပ်ထားပါ**

ထမင်းစားတဲ့အချိန်မှာ Mask ဖြုတ်ထားတာဖြစ်တဲ့အတွက် ရောဂါကူးစက်နိုင်ပါတယ်။ ဒါကြောင့် ထမင်းစားချိန်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး စုဖွဲ့စားသောက်တာမျိုး လုံးဝမလုပ်ပါနဲ့။ ကျွန်တော် ယခုပြောပြပေးတဲ့ သတ်မှတ်ချက်တွေနဲ့အညီ စက်ရုံတွင်သာမက အိမ်မှာလည်း ယခုအတိုင်း နေဖို့လိုပါတယ်။ ဒါကြောင့် အိမ်ထဲမှာနေတဲ့ လှည်းလှေမြင်းဖောင်းမကျန် ကလေးကနေစပြီး လူကြီးတွေအထိ ဘယ်နေရာမှာ ရှိရှိ၊ ဘယ်သူဖြစ်ဖြစ် ဆင်းရဲချမ်းသာမရွေး ဒီညွှန်ကြားချက်တွေကို လိုက်နာဖို့လိုပါတယ်။ ဒါတွေကို တစ်ဦးတစ်ယောက်ချင်းစီက ကျွန်တော်ပြောတဲ့အတိုင်း စနစ်တကျ အသေအချာ နှစ်ပတ်ခန့် နေထိုင်ခြင်းဖြင့် ဒီကိစ္စ အောင်မြင်သွားမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော် အထူးအလေးထားပြီး တိုက်တွန်းနှိုးဆော်ချင်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**

## ကိုဗစ် - ၁၉ နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်
## ထုတ်ပြန်ချက်အမှတ် (၁၂/ ၂၀၂၀)

၁။ ကိုဗစ်-၁၉ ပြန့်ပွားမှုကို ထိန်းချုပ်တားဆီးရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ ချီးကျူးအားပေးမှုကိုရရှိခဲ့သော နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုနှင့်ထိရောက်မှုရှိသော ဆောင်ရွက်မှုများကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၂၀) ထုတ်ပြန်၍ အသိအမှတ်ပြု အားပေးထောက်ခံခဲ့ပါသည်။ သို့ရာတွင် ဩဂုတ်လလယ်ပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုများ နိုင်ငံအတွင်း ပြန်လည်ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် လက်ရှိ ကူးစက်ပြန့်ပွားမှုများသည် ယခင်ကထက် ပိုမိုမြန်ဆန်လာမှုကလည်း သတိပြုဖွယ်ဖြစ်လာပါသည်။ ပြည်သူများ၏ စိုးရိမ်ပူပန်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ အားသစ်မာန်သစ်ဖြင့် တိကျပြတ်သားသော လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်မှုကို ကြားသိရသည့်အတွက် ကော်မရှင်အနေဖြင့် များစွာဝမ်းမြောက်အားရဖြစ်မိပါသည်။ မည်သူ့ကိုမျှ ချန်မထားဟူသည့် မူဝါဒနှင့်အညီ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများသည် ခွဲခြားဆက်ဆံမှုများအလျဉ်းမရှိကြောင်း တွေ့မြင်ရပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ၊ မသန်စွမ်းသူများ၊ လူနည်းစုအုပ်စုများ၊ ဝေးလံခက်ခဲသော နေရာဒေသများတွင် နေထိုင်သူများနှင့် ထိန်းသိမ်းခံထားရသူများကဲ့သို့သော အချို့သောအုပ်စုများနှင့် လူပုဂ္ဂိုလ်များအပေါ်တွင်လည်း သက်ရောက်မှုရှိသဖြင့် အဆိုပါအုပ်စုများနှင့် လူပုဂ္ဂိုလ်များအပေါ်တွင်လည်း နိုင်ငံတော်အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများတွင် ကွဲပြားခြားနားသည့် လုံလောက်သော အထူးအစီအမံများကို လိုက်လျောညီထွေစွာ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားသည့် ကာလအတွင်း အမျိုးသမီးများအတွက်လည်း သီးသန့်လိုအပ်ချက်များ ရှိပါသည်။ မြန်မာနိုင်ငံတွင် ကန့်သတ်ထားရှိမှုများနှင့် ပိတ်ဆို့မှုများ ဆောင်ရွက်ထားစဉ် ကာလအတွင်း အထည်ချုပ်ကဏ္ဍ၌ အလုပ်အကိုင်များ ဆုံးရှုံးသွားခြင်းကြောင့် အမျိုးသမီးများအတွက် သိသာသော ငွေကြေးဆုံးရှုံးသက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့အတွက် ပိုမိုခက်ခဲကျပ်တည်းလာစေနိုင်ပါသည်။

၂။ သတင်းအချက်အလက်များ လက်လှမ်းမီ သိရှိနိုင်ရေးသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို တားဆီးကာကွယ်ရာတွင် အရေးကြီးသည့်အချက်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ ကာကွယ်တားဆီးရေးအစီအမံများ၊ တစ်ကိုယ်ရည် သန့်ရှင်းကျန်းမာရေးအတွက် လိုက်နာကျင့်သုံးရမည့် အချက်များနှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သော ညွှန်ကြားချက်များအပါအဝင် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းတို့သည် လမ်းကြောင်းမှန်သို့ရောက်ရှိရေးအတွက် အရေးကြီးသော လုပ်ဆောင်မှုများ ဖြစ်ပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန်နှင့် ရပ်တန့်စေရန်အတွက် လုပ်ဆောင်နိုင်သမျှအားလုံးကို ကြိုးပမ်းလုပ်ဆောင်ရာတွင် အောက်ခြေအဖွဲ့အစည်းများက စိုးရိမ်မှုလွန်ကဲပြီး ရပ်ကွက်အတွင်း လမ်းသွယ်များ ပိတ်ဆို့ခြင်းကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရခြင်းသည် စိတ်မချမ်းမြေ့မှုများကို ဖြစ်ပေါ်စေပါသည်။ ကိုဗစ်-၁၉ ဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူအများက ကြည်ဖြူစွာ လိုက်နာစေရန် အောက်ခြေတာဝန်ရှိသူများက ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် ဖြစ်နိုင်သမျှ အချိန်တိုကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကို ကျော်လွှားနိုင်ရန်အတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို တိတိကျကျလိုက်နာရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က တိုက်တွန်းပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်တားဆီး ဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို အပြည့်အဝဆက်လက်အားပေးထောက်ခံလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ လူသားအားလုံး၏ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုကိုလည်း လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်

# အစိုးရအနေဖြင့် စိန်ခေါ်မှုများရှိသည့်တိုင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်မျှော်မှန်းကာ ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ်က လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၅**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် (၄၅)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ပထမနေ့ရက် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကြုံစဖူး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အစိုးရအနေဖြင့် ကပ်ရောဂါအား တုံ့ပြန်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်မှုမရှိစေရေး “မူ” အတိုင်း နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးကြိုးပမ်းမှုများ၌ ကုလသမဂ္ဂအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် မိတ်ဖက်အဖွဲ့များ၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ကပ်ရောဂါကြောင့် မြန်မာအစိုးရ၏ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းမှုများအပေါ် စိန်ခေါ်မှုများစွာ ပိုမိုဖြစ်ပေါ်စေသည့်တိုင်၊ လက်ရှိပြည်သူ့အစိုးရသည် တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ ဒီမိုကရေစီနိုင်ငံဆီသို့ ဦးတည်၍ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် လူ့အခွင့်အရေးနယ်ပယ်တို့တွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများစွာ ရရှိနေပြီဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။



ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဩဂုတ်လတွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ စတုတ္ထအကြိမ် အစည်းအဝေး၌ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ထောင်နိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ခုဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် သိသာထင်ရှားသည့် အောင်မြင်မှုတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

နက်နဲသိမ်မွေ့သည့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ အမြဲတမ်းကိုယ်စားလှယ်က ရေရှည်တည်တံ့သည့် အဖြေရှာရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံမှုစတင်နိုင်ရေးသည် အစိုးရ၏ ဦးစားပေးကိစ္စရပ်များဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ခုနှစ် ဩဂုတ်လတို့တွင် ဖြစ်ပွားခဲ့သည့် အာဆာအကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံတော်မှ ရေရှည်တည်မြဲသည့် အဖြေရှာရေး ဆောင်ရွက်နေမှုအပေါ် လမ်းကြောင်းလွဲသွားစေရန် သိသာသည့် ကြိုးပမ်းမှုများဖြစ်ကြောင်း၊ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ တပ်မတော်နှင့် အေအေ အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားမှုကြောင့် အခြေအနေ ပိုမိုဆိုးရွားစေလျက်ရှိကြောင်းနှင့် WFP၊ ICRC နှင့် ဒေသခံ NGOs များ၏ ကူညီပံ့ပိုးမှုဖြင့် ထိခိုက်ခံစားရသော ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တာဝန်ခံမှု၊ တာဝန်ယူမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ကိုင်တွယ်ဖြေရှင်းရန် ဆန္ဒရှိသကဲ့သို့ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိကြောင်းနှင့် အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်က တင်သွင်းခဲ့သည့် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် အခြေခံ၍ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုလွယ်ကူစေရန် UNHCR၊ UNDP နှင့် အာဆီယံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သင့်လျော်ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖန်တီးရေး အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေး၊ အမုန်းစကားဆန့်ကျင်တားဆီးရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကိုလည်း အသိပေးပြောကြားခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ သာယာဝပြောရေးကို မြန်မာပြည်သူများထက် မည်သူကမျှ အလေးထား ဂရုပြုမည်မဟုတ်ကြောင်း၊ လက်ရှိအစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒအတိုင်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ မှန်းမျှော်ကာ ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပံ့ပိုးမှုများ ဆက်လက်ပေးရေးသည် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံအပေါ် လွန်ကဲသော နိုင်ငံရေးဖိအားပေးမှုများကို ရှောင်ရှားရန်လိုကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှု၊ အပြုသဘောဆောင်သည့် ထိတွေ့မှုနှင့် လက်ကမ်းကူညီမှုတို့ ပြုလုပ်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲအဆုံးသတ်တွင် ထပ်မံတုံ့ပြန်ခဲ့ရာ၌ အမြဲတမ်းကိုယ်စားလှယ်က (၁) ပြဿနာကို ရှုထောင့်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ (၂) နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နောက်ခံအကြောင်းအရာနှင့် ပြဿနာ၏ ရှုပ်ထွေးနက်နဲမှုတို့ကို နားလည်ရန် အရေးကြီးသည့်အပြင် အစိုးရ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် သင့်လျော်သည့် အချိန်အတိုင်းအတာပေးရန် လိုအပ်ကြောင်း၊ (၃) ဆုံးဖြတ်ချက် မှန်ကန်စွာချမှတ်နိုင်ရေးအတွက် သတင်းအချက်အလက် မှန်ကန်တိကျမှုသည် အရေးပါကြောင်း၊ (၄) ရခိုင်ပြဿနာအပေါ် အပြုသဘောမဆောင် ချဲ့ကားပြောကြားမှု ပြုလုပ်ခြင်းသည် ပြဿနာကို ပိုမိုဆိုးရွားစေရေးအတွက် မီးလောင်ရာလေပင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ (၅) အစိုးရ၏ ကတိကဝတ်ဖြစ်သည့် ငြိမ်းချမ်းပြီးသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြန်မာနိုင်ငံသာယာဝပြောရေးကို မြန်မာပြည်သူများထက် မည်သူကမျှ အလေးထားဂရုပြုမည်မဟုတ်ကြောင်း၊ လက်ရှိအစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒအတိုင်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ မှန်းမျှော်ကာပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပံ့ပိုးမှုများ ဆက်လက်ပေးရေးသည် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံအပေါ် လွန်ကဲသော နိုင်ငံရေးဖိအားပေးမှုများကို ရှောင်ရှားရန်လိုကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှု၊ အပြုသဘောဆောင်သည့် ထိတွေ့မှုနှင့် လက်ကမ်းကူညီမှုတို့ ပြုလုပ်ကြရန် တိုက်တွန်းပြောကြား**

## မင်းပြားမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၅**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (COVID-19 Economic Relief Plan-CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP/ တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများအား စားသောက်ကုန်ငါးမျိုး ဝယ်ယူရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ CERP အစီအစဉ်အရ စားသောက်ကုန်ငါးမျိုး ဝယ်ယူရန်အတွက် မင်းပြားမြို့နယ် နဂရာကျေးရွာအုပ်စု ကျွန်းတောရွှေဖောင်တော ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၇၂ စု၊ ပန်းမြောင်းအုပ်စု ရွာသစ်ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၅၀၊ နရမ်းအုပ်စု နရမ်းရွာကြီးဓမ္မာရုံရှိ အိမ်ထောင်စု ၅၇ စု၊ နရမ်းအုပ်စု ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စုခုနစ်စု၊ အလယ်ပိုင်းရပ်ကွက် ပုညရာမဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၄၇ စု၊ စမ္ဗာလေအုပ်စု သေကန်ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၃၁၂ စု၊ စမ္ဗာလေအုပ်စု အမ်းသားဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၉၂ စု၊ သူဌေးကုန်းဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ၅၈ စု၊ ပုလဲပေါက်ကျေးရွာ ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၃၂ စု၊ အိုင်ဝန်းကျေးရွာအုပ်စု အိုင်ဝန်းကျေးရွာရှိ အိမ်ထောင်စုခြောက်စု၊ မြို့သစ်ရပ်ကွက် ဧည့ဝတီကျောင်းတိုက်ရှိ အိမ်ထောင်စု ၆၃ စု၊ မြို့သစ်ရပ်ကွက် မြရတနာကျောင်းတိုက်ရှိအိမ်ထောင်စု သုံးစု၊ ထိန်ပင်အုပ်စု ရွှေကျန်ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၃၈ စု၊ မင်းဇီအုပ်စု ဝါးတောင်ကျေးရွာရှိ



အိမ်ထောင်စု ၇၈ စု စုစုပေါင်း ယာယီတိုက်ပွဲရှောင်စုရပ် ၁၄ ခုရှိ အိမ်ထောင်စု ၉၁၅ စုတို့အတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၃၆၆၀၀၀၀၀ ကို မြောက်ဦးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယမန်နေ့တွင် မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မင်းပြားမြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်ဌာနဆိုင်ရာများနှင့် အတူ တိုက်ပွဲရှောင် စခန်းအသီးသီးသို့ သွားရောက်၍ လက်ဝယ်အရောက် ထောက်ပံ့ခဲ့သည်။ **(အပေါ်ပုံ)**

ထို့အပြင် ထောက်ပံ့ရန်ကျန်ရှိသည့် စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် အမ်းမြို့နယ်များရှိ တိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအား ထောက်ပံ့ကူညီမှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၁၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ကောလင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ နောင်ချိုမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ တွန်းဇံမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ကျိုက်ဒုံမြို့တွင် ၁ ဒသမ ၂၈ လက်မ၊ မိုင်းယန်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ဆောမြို့တွင် ၁ ဒသမ ၂၄ လက်မ၊ မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ)တွင် ၁ ဒသမ ၂၂ လက်မ နှင့် အမ်းမြို့တွင် ၁ ဒသမ ၁၈ လက်မ တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၀၉၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၄၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၉၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ(၄၇၅) ခု၊

  စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၂၄၄) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၄) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃,၂၉၉)ဦး ရှိပြီ ဖြစ်ပါသည်။

၃။ (၁၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၁၀၁) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၈၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၉၅၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၄၄၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၉) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၄၇၅) ခု၊

  စုစုပေါင်း (၄,၄၅၈) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၈၄) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၀) ဦး တွေ့ရှိခြင်းကို (၁၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၄။ (၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာများအနက် သေဆုံးသူ (၃၂) ဦး ရှိပြီဖြစ်ပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၄) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၁,၀၉၀) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၄၄၀) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၁၉၅) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ | (၂၁) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ | (၄၇၅) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၂၄၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၀၄) ဦး |

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၀၄) ဦး | (၃,၂၉၉) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၀) ဦး | (၇၉၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၃၂) ဦး |

*✻ ကျောဖုံးမှ*

၄။ COVID-19 ကုသရေးဌာန (ဖောင်ကြီး) တွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၆၁) နှစ်အရွယ် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိသူ အမျိုးသား (Case-2354) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ည (၁၀:၁၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၅။ COVID-19 ကုသရေးဌာန (ဖောင်ကြီး) တွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၅၉) နှစ်အရွယ် ပန်းနာရင်ကျပ်ရောဂါ အခံရှိသူ အမျိုးသား (Case-2876) သည် ပြင်းထန်အဆုတ်ရောင် ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ည (၉:၄၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၆။ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၆၄) နှစ်အရွယ် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိသူ အမျိုးသား (Case-3186) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းနှင့် သွေးဆိပ်တက်ခြင်းတို့ဖြင့် (၁၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၅:၂၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၇။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၃၅) ဦး ရှိပြီဖြစ်ပါသည်။

၈။ (၁၄-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၅-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၅၇) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| | |
|---|---|
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၃၃) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၁) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၅၉) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၇) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၇) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၄) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၉) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၅) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂၀၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂၀၃) ဦး | (၃,၅၀၂) ဦး |
| ဆေးရုံဆင်း | (၄၂) ဦး | (၈၃၂) ဦး |
| သေဆုံးလူနာ | (၃) ဦး | (၃၅) ဦး |

## လှည်းကူး စိုက်ပျိုးရေးသင်တန်းကျောင်းကို ကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်

လှည်းကူး စက်တင်ဘာ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စိုက်ပျိုးရေးသင်တန်းကျောင်းသို့ ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ထိတွေ့မှုရှိသူများကို အနီးကပ်စောင့်ကြပ်ကြည့်ရှုနိုင်ရန် ယနေ့ နံနက် ၈ နာရီခွဲက ကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များနှင့် လှည်းကူးမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များက အဆိုပါကျောင်းရှိ သင်တန်းသားအိပ်ဆောင်တို့တွင် တစ်ခန်းလျှင် နှစ်ယောက်စီဖြင့် လူ ၅၀ ထားရှိနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်း (လှည်းကူး)**

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၈၂ ဦး ဆက်လက်ဝင်ရောက်

မြဝတီ စက်တင်ဘာ ၁၅

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၈၂ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် စက်တင်ဘာ ၁၅ ရက်က ဆက်လက်ဝင်ရောက်



လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်နေ့အထိ ၆၁၆၁ ဦး စုစုပေါင်း ၇၇၇၇၄ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၂၀၊ အမျိုးသမီး ၆၂ ဦး စုစုပေါင်း ၁၈၂ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# မိုးညှင်း၊ ညောင်ရွှေ၊ တောင်ကြီးနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၆ နာရီက မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာအနီးရှိ မနော‌ဧကရီတိုးဂိတ်တွင် လိုက်ထရပ် ကုန်တင်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် တုံလည်ကျေးရွာအုပ်စု ကျောက်တောကျေးရွာနေ မပွား၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု နန်းပန်-ကျောက်တလုံးသွား ကားလမ်းပေါ်တွင် စိန်ဖူး (ခ) အောင်ထွန်းလင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ထွန်းဦး (ခ) မောင်ပေ နေထိုင်သည့် ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု ကုန်းတိန်ရွာအနီးရှိ သနပ်ဖက်ခြံတဲကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ ကိုလည်းကောင်း။



အိုက်နန်ဟုန်၊ အိုက်ဖတ် တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာအနီး တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်းတွင် စည်သူဝင်း မောင်းနှင်လာသည့် ဟွန်ဒါဖစ် ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ပါဝုန်းကျေးရွာနေ အိုက်ဖတ်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အိုက်နန်ဟုန်အားတွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၂၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပဲခူးမြို့နယ်၌ အထောက်အထားမဲ့ ယာဉ်တစ်စီးအား လိုက်လံရောင်းချနေသူသုံးဦး ဖမ်းဆီးရမိ

**ပဲခူး စက်တင်ဘာ ၁၅**

အမှတ် (၂) နယ်မြေရဲစခန်းမှုစခန်းမှူးရဲအုပ်ရဲထွဋ်ကို ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် ပဲခူးမြို့နယ် ဇိုင်း/မြောက် ရပ်ကွက်တွင် စက်တင်ဘာ ၁၃ ရက် ညနေပိုင်းက ကားတစ်စီးလိုက်လံရောင်းချနေသည့် လူသုံးဦးကို မသင်္ကာ၍ စစ်ဆေးခဲ့သည်။ ကားလိုက်လံရောင်းချသူများမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ထွန်းထွန်းဝင်း(ခ) နာဂဒါဂျူး(၂၆ နှစ်)၊ ဝင်းထွန်း(၂၀ နှစ်) နှင့် ဇင်မင်းထက် (၂၀ နှစ်) တို့ဖြစ်ပြီး ၎င်းတို့အား ဟိုက်ဂျက် BGO 9P/----- ယာဉ် တစ်စီးနှင့်အတူ တွေ့ရှိ၍မေးမြန်းရာ အဆိုပါ ယာဉ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားပြသနိုင်ခြင်းမရှိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

# ရောဝတီနှင့် ဟံသာဝတီအသင်း နိုင်ပွဲဆက်

## ဟံသာဝတီအသင်းက ရောဝတီကို ရမှတ်တူဖြင့် ဆက်လက်ဖိအားပေး

**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရောဝတီ၊ ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် စစ်ကိုင်းအသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့ပြီး ဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲတွင် အကောင်းဆုံးပုံစံ ပြသနိုင်ခြင်းမရှိသော်လည်း တောင်ပံကစားသမား ဆာဆက်၏ သွင်းဂိုးနှစ်ဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းသည် ယခင်ပွဲများထက် ပိုမိုကောင်းမွန်သည့်ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းချက်များကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရောဝတီအသင်းသည် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး စစ်ကိုင်းအသင်းမှာလည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ စစ်ကိုင်းအသင်းသည် ပွဲစကတည်းက ကစားအားမြှင့်ခဲ့ပြီး ရောဝတီအသင်းမှာလည်း နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် စစ်ကိုင်းအသင်း၏ ကစားပုံကြောင့် ရောဝတီအသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ စစ်ကိုင်းအသင်းသည် ကစားပုံတိုးတက်လာသော်လည်း ခံစစ်ကစားပုံမှာ လိုအပ်ချက်များရှိနေဆဲဖြစ်ပြီး ခံစစ်အားနည်းချက်များကြောင့် နှစ်ဂိုးစလုံးပေးခဲ့ရခြင်းဖြစ်သည်။ ရောဝတီအသင်းတိုက်စစ်မှာ ယခင်ပွဲများလောက် ထိရောက်မှုမရှိဘဲ ၁၉၊ ၈၄ မိနစ်တွင် ဆာဆက်သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းသည် ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် ရလဒ်မကောင်းသေးဘဲ ရှုံးပွဲဆက်ခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုနိုင်ပွဲကြောင့် ဇယားထိပ်ဆုံးမှ ရောဝတီကို ရမှတ်တူဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ ဟံသာဝတီအသင်းသည် ယခုပွဲတွင် သုံးဂိုးပြတ်အနိုင်ရပါက ဇယားထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်မည်ဖြစ်သော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးတစ်ဂိုးပြန်ပေးလိုက်ရသောကြောင့် ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ဆက်ရှိနေခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၃၉ မိနစ်တွင် အီမီကာသွင်းယူသည့်ဂိုးဖြင့် ပထမပိုင်းတွင် အနိုင်ရနေသည်။ ဒုတိယပိုင်းအစတွင်လည်း ဟံသာဝတီအသင်းကသာ ဖိကစားနိုင်ခဲ့ပြီး ၄၈ မိနစ်တွင် ဒိုနယ်က ဒုတိယဂိုးထပ်သွင်းကာ တတိယဂိုးမှာမူ ၆၃ မိနစ်တွင် ရခိုင်အသင်းမှ အောင်ကျော်သူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းအတွက် ချေပဂိုးကို ၇၈ မိနစ်တွင် အလက်ဇန္ဒားက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုး ပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ဂိုးများကို ၁၄၊ ၄၇ မိနစ်တွင် ဝင်းနိုင်စိုး၊ ၈၇ မိနစ်တွင် မြတ်ကောင်းခန့်တို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၁၆ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း၊ YUSC ကွင်း၌ မကွေးအသင်းနှင့် အားကာသိပွံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ထန်းတပင်၊ လှိုင်သာယာ(အရှေ့ပိုင်း)နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တို့အတွင်းမှ ဖုန်း၊ ဆိုင်ကယ် ခိုးမှုကျူးလွန်သူ သုံးဦးကို ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ ပထမပတ်က မင်းမင်းဦး (ခ) အောင်အောင်ဦးနှင့် ထွန်းထွန်း (ခ) သန်းထွန်းဦး တို့ကို ဆိုင်ကယ် တစ်စီးစီဖြင့် ထန်းတပင်မြို့နယ်နှင့် ယင်းတင်ကျေးရွာကြား ကားလမ်းမပေါ်၌ တွေ့ရှိစစ်ဆေးရာ အဆိုပါ ဆိုင်ကယ်နှစ်စီးကို ထန်းတပင်မြို့နယ် အုတ်ဖိုကျေးရွာရှိ နေအိမ်များအတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးခဲ့သည်။

လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နေသူများဖြစ်သည့် မင်းမင်းဦး (ခ) အောင်အောင်ဦးနှင့် ထွန်းထွန်း (ခ) သန်းထွန်းဦး တို့ကို အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် မေလမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တို့အတွင်း လှည့်လည်သွားလာ၍ နေအိမ်အသီးသီးမှ ဖုန်း ၂၁ လုံးနှင့် ဆိုင်ကယ် ရှစ်စီးကို ခိုးယူခဲ့ကြကြောင်း၊ ခိုးယူရရှိသည့် ဖုန်း၊ ဆိုင်ကယ်များကို လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ရွှေလင်ပန်းကျေးရွာ ခိုင်ရွှေဝါလမ်းနေ နိုင်နိုင် (ခ) နိုင်ကြီးမှတစ်ဆင့် ပြန်လည်ရောင်းချပေးခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် ခိုးရာပါ ပစ္စည်းများအား ပြန်လည်ရောင်းချပေးသူ နိုင်နိုင် (ခ) နိုင်ကြီး ကို အမှုဖြင့် ဖမ်းဆီးခဲ့သည်။

သက်သေခံပစ္စည်း ဖုန်း၊ ဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ မင်းမင်းဦး (ခ) အောင်အောင်ဦး၊ ထွန်းထွန်း (ခ) သန်းထွန်းဦးနှင့် နိုင်နိုင် (ခ) နိုင်ကြီး တို့ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မလှိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာလမှစ၍ ညစဉ်နယ်မြေလုံခြုံရေး ကင်းလှည့်စစ်ဆေးလျက်ရှိ

**မလှိုင် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ကာလ နယ်မြေလုံခြုံရေးလှည့်ကင်းဆောင်ရွက်ခြင်းနှင့် ဂိတ်စခန်းများ လှည့်လည်စစ်ဆေးခြင်းကို စက်တင်ဘာ ၁၄ ရက်ညပိုင်းက ဆောင်ရွက်ကြောင်း သိရသည်။ **(ယာပုံ)**



ကိုဗစ်-၁၉ ကာလနယ်မြေအတွင်း ဒုစရိုက်မှုမဖြစ်ပွားစေရေး၊ ညမထွက်ရအမိန့် ဖောက်ဖျက်ကျူးလွန်မှုများမရှိစေရေးနှင့် မလှိုင်မြို့တွင် ဆောင်ရွက်လျက်ရှိသည့် စစ်ဆေးရေးဂိတ်များအား စစ်ဆေးခြင်းကို မလှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းထွန်းတို့က ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်/ကျေး ဥက္ကဋ္ဌများဖြင့် လှည့်လည်ဆောင်ရွက်ခြင်းဖြစ်ပြီး စက်တင်ဘာလမှစ၍ ညစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ထံမှ သိရသည်။

**ဘိုဘို (မလှိုင်)**

● ***ကျောဖုံးမှ***

ဂျီမီနက်ဇ်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။ အခြားသတင်းတစ်ရပ်တွင် မန်စီးတီးအသင်းသည် အဆိုပါ ဥရုဂွေးခံစစ်ကစားသမားကို အပိုဆုကြေး ပေါင် ၄ ဒသမ ၅ သန်းအပါအဝင် ပေါင် ၈၂ သန်းဖြင့် ကမ်းလှမ်းလိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါပြောင်းရွှေ့ကြေး ပမာဏသည် ဂျီမီနက်ဇ်ကို ဝမ်ဒါ မက်ထရိုပိုလီတာနိုမှ အီတီဟက်သို့ ခေါ်ယူရန် လုံလောက်မှုမရှိသေးကြောင်း ဖော်ပြထားသည်။

အက်သလက်တီကို မက်ဒရစ်အသင်းအနေဖြင့် အဆိုပါ ခံစစ်ကစားသမားကို ရောင်းထုတ်ရန်ဆန္ဒမရှိကြောင်း သိရသည်။ ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် ဂျီမီနက်ဇ်ကို ခေါ်ယူရန် အခက်တွေ့ဖွယ်ရှိနေသည်။ အသက် (၂၅ နှစ်) အရွယ်ရှိ ဂျီမီနက်ဇ်၏ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်တွင် စာချုပ်လျော်ကြေး ပေါင်သန်း ၁၁၀ ထည့်သွင်းချုပ်ဆိုထားသည်။ သို့သော်လည်း မန်စီးတီးအသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အသင်းဘဏ္ဍာရေးထိခိုက်ခံစားနေရသည့်အတွက် အဆိုပါ အပြောင်းအရွှေ့ကို သဘောတူညီမှုအဆင့်သို့ ရောက်ရှိလာနိုင်သည်ဟု မျှော်လင့်နေသည်။ ထို့ကြောင့် အဆိုပါ အပြောင်းအရွှေ့မှာ အထမြောက်လာမည်လား စောင့်ကြည့်ရမည်ဖြစ်သည်။

ဂျီမီနက်ဇ်သည် ၂၀၁၃ ခုနှစ်တွင် ဥရုဂွေးကလပ် ဒန်နူဘီယိုအသင်းမှ စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ခုနစ်ရာသီကြာ ဖြတ်သန်းခဲ့ပြီး ပြိုင်ပွဲအရပ်ရပ် ၁၉၁ ပွဲတွင် ရှစ်ဂိုးသွင်းယူပေးထားနိုင်သည်။ မိခင်နိုင်ငံ ဥရုဂွေးအသင်းတွင်လည်း ၅၈ ပွဲ ပါဝင်ကစားထားကာ ရှစ်ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ ထို့အပြင် ၎င်းသည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဖလား၊ ၂၀၁၈ ခုနှစ်တွင် ယူအီးအက်ဖ်အေ စူပါဖလားတို့ကို ဆွတ်ခူးထားနိုင်သူဖြစ်သည်။

မန်စီးတီးအသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ပရီမီယာလိဂ် ၃၈ ပွဲတွင် ၂၆ ပွဲ နိုင်ပြီး သုံးပွဲသရေကျကာ ကိုးပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် အမှတ်ပေးဇယားတွင် ရမှတ် ၈၁ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်ထားနိုင်သည့် အသင်းဖြစ်သည်။ ဂိုးရရှိမှုအပိုင်းတွင် ၁၀၂ ဂိုးအထိ သွင်းယူထားနိုင်ပြီး ပြန်လည်ပေးခဲ့ရသည့် ဂိုးက ၃၅ ဂိုးသာရှိသည်။ ချန်ပီယံလီဗာပူးအသင်းက ရဂိုး ၈၅ ဂိုးရှိပြီး ပြန်လည်ပေးခဲ့ရသည့် ဂိုးက ၃၃ ဂိုးသာရှိသည့်အတွက် ခံစစ်အကောင်းဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် လီဗာပူးအသင်းပြီးလျှင် ဒုတိယခံစစ် အကောင်းဆုံးအသင်း ဟုဆိုရပေမည်။ သို့သော်လည်း နည်းပြဂွါဒီယိုလာက ယခုနှစ်ရာသီတွင် ခံစစ်ကို အင်အားဖြည့်တင်းရန် ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ဂျီမီနက်ဇ်အပြင် နာပိုလီအသင်းမှ ကူလီဘာလီကိုလည်း ခေါ်ယူရန် ချိတ်ဆက်လုပ်ဆောင်နေကြောင်း သိရသည်။ နာပိုလီအသင်းက အဆိုပါ ဗဟိုခံစစ်ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀ တောင်းဆိုထားသည်။ ထို့အပြင် နာပိုလီနည်းပြ ဂတ်တူဆိုကလည်း မန်စီးတီးအသင်းအနေဖြင့် ကူလီဘာလီအတွက် ၎င်းတို့တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးကို မပေးချေလျှင် ရောင်းထုတ်သွားမည်မဟုတ်ကြောင်း ပြောကြားထားသည်။ မန်စီးတီးအသင်းသည် ခံစစ်တွင် လာပေါ်တေးနှင့် ရေရှည်တွဲဖက်ကစားရန်အတွက် ကူလီဘာလီကို ပစ်မှတ်ထား ခေါ်ယူလိုနေခြင်းဖြစ်သည်။

**အောင်ဇော်**

# တရုတ်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး နိုဝင်ဘာလအတွင်း ပြည်သူများအတွက် အဆင်သင့်ဖြစ်နိုင်ဟုဆို



Sinovac Biotech နှင့် Sinopharm တို့မှ ကာကွယ်ဆေးကို ပြသထားစဉ်။

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံထုတ် ကိုဗစ် – ၁၉ ကာကွယ်ဆေးမှာ နိုဝင်ဘာလအစောပိုင်းတွင် ပြည်သူများ အသုံးပြုရန် အဆင်သင့်ဖြစ်လာမည်ဟု တရုတ်အရာရှိတစ်ဦးက နိုင်ငံပိုင်ရုပ်သံမှတစ်ဆင့် ပြောကြားခဲ့သည်။

### ယုံကြည်မှုအပြည့်ရှိ

တရုတ်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီသည် ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး ယုံကြည်မှုအပြည့်ရှိပြီး Sinovac Biotech နှင့် Sinopharm ကုမ္ပဏီတို့မှ ၎င်းတို့၏ ကာကွယ်ဆေးကို ယခုလအတွင်း ပေကျင်းမြို့ ကုန်စည်ပြပွဲတွင် ပြသခဲ့သည်။

### အများပြည်သူများထံ ရောက်ရှိလိမ့်မည်

အဆင့် ၃ စမ်းသပ်မှုကို နှစ်ကုန်ပိုင်းတွင် စောနိုင်သမျှ စောစောပြီးဆုံးပါက ကာကွယ်ဆေးကို အတည်ပြုသွားရန် မျှော်လင့်ထားကြသည်ဟု အဆိုပါကုမ္ပဏီများမှ ကိုယ်စားလှယ်များက ပြောသည်။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကာကွယ်ဆေးမှာ အများပြည်သူများထံ ရောက်ရှိလိမ့်မည်ဟု တရုတ်နိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာမှ ဇီဝလုံခြုံရေးဆိုင်ရာ အကြီးအကဲက စီစီတီဗွီရုပ်သံတွင် ပြောကြားခဲ့သည်။

### တိုးတက်မှုများရရှိနေ

မည်သည့်ကာကွယ်ဆေးကို ရည်ညွှန်းကာပြောသည်ဆိုသည်ကိုမူ ဝူဂွီကျန်းက ပြောကြားသွားခြင်း မရှိပေ။ သို့သော်လည်း အဆင့် ၃ စမ်းသပ်ချက်မှာ လက်ရှိတွင် တိုးတက်မှုများ ရရှိနေသည်ဟု ၎င်းက ပြောကြားသွားခဲ့သည်။

### အခက်အခဲများနှင့် ကြုံတွေ့နေရ

ဧပြီလအတွင်းက ကာကွယ်ဆေးထိုးခဲ့ပြီး လွန်ခဲ့သည့်လများအတွင်း နေထိုင်၍ကောင်းမွန်ကြောင်း ဝူက ပြောကြားခဲ့သော်လည်း ၎င်းထိုးထားသည့် ကာကွယ်ဆေးမှာ မည်သည့် ကာကွယ်ဆေးဖြစ်သည်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။ လူသားများတွင် စမ်းသပ်မှုပြုလုပ်နေသည့် ကာကွယ်ဆေးလက်ရှိတွင် ကိုးခုရှိပြီး အချို့သော ကာကွယ်ဆေးများမှာ အခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟု သိရသည်။

**အေအက်ဖ်ပီ**

# တောင်ကိုရီးယား၌ နိုင်ငံ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးမြန်မြန်ရရှိစေရေး ဆောင်ရွက်မည်

**ဆိုးလ် စက်တင်ဘာ ၁၅**

တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ပြည်သူသန်း ၃၀ အတွက် ကိုဗစ်– ၁၉ ကာကွယ်ဆေး စောစီးစွာရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ချန်ဆီကျွန်းက စက်တင်ဘာ ၁၅ ရက်တွင် ပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေးအတွင်း ပြောကြားခဲ့သည်။

အာဏာပိုင်များအနေဖြင့် နိုင်ငံ့လူဦးရေ ၅၂ သန်းအတွက် ကာကွယ်ဆေး ဖြန့်ဝေပေးလိုသော်လည်း ကာကွယ်ဆေး၏ ဘေးကင်းစိတ်ချရမှု၊ အစွမ်းထက်မြက်မှုနှင့် ထုတ်လုပ်မှုဆိုင်ရာ မသေချာမရေရာမှု အချို့ရှိနေခြင်းတို့က ကာကွယ်ဆေးအတွက် တောင်ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်လိုက်ကြောင်း ချန်က ပြောသည်။

အစိုးရအနေဖြင့် ကိုဗစ်– ၁၉ ကာကွယ်ဆေး ပထမအသုတ်ကို ပြည်သူလူထုအတွင်း ဖြန့်ဝေပေးနိုင်ရန်နှင့် နောက်ထပ်ကာကွယ်ဆေး ပိုမိုဝယ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကာကွယ်ဆေး ထုတ်လုပ်သူများနှင့် အတူ ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်သည့် ကိုဗစ်– ၁၉ ကာကွယ်ဆေး ခွဲဝေရေးအစီအစဉ်(COVAX Facility) တွင် ပါဝင်ရန် စီစဉ်ခဲ့သည်။ အဆိုပါအစီအစဉ်သည် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို နိုင်ငံအများအပြားက ဝယ်ယူဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကာကွယ်ဆေးအခုရေ သန်း ၂၀ ကို COVAX အစီအစဉ်မှ ဝယ်ယူမည်ဖြစ်ပြီး ပြည်သူ ၁၀ သန်းအတွက် ဖြန့်ဝေပေးမည်ဖြစ်ကာ ကာကွယ်ဆေးအခုရေ သန်း ၄၀ ကို ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများမှ ဝယ်ယူမည်ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**သည်ဂါဒီယန်**




လက်ဘနွန်နိုင်ငံရှိ ဖန်ချက်စက်ရုံတစ်ခုတွင် စုစည်းထားသည့် ဖန်ကွဲစများကို တွေ့ရစဉ်။




တောင်ကိုရီးယားဝန်ကြီးချုပ် ချန်ဆီကျွန်း

# လက်ဘနွန်ပေါက်ကွဲမှုတွင် အစိတ်အစိတ်အမြွှာမြွှာဖြစ်ခဲ့သည့် ဖန်ကွဲစများကို ဖန်ထည်အဖြစ် ပြန်လည်ထုတ်လုပ်ရန်အသုံးပြု

**ဘေရွတ် စက်တင်ဘာ ၁၅**

လက်ဘနွန်နိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဘေရွတ်ဆိပ်ကမ်း၌ အကြီးစားပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အဆိုပါ ပေါက်ကွဲမှုအတွင်း အစိတ်စိတ်အမြွှာမြွှာကွဲကြေပျက်စီးခဲ့သည့် ဖန်ကွဲစများသည် အလေးချိန်အားဖြင့် တန်ချိန် ၅၀၀၀မှ ၇၀၀၀ အထိရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖန်ကွဲစများကို နိုင်ငံအတွင်း စွန့်ပစ်မြေများအဖြစ် ရောက်ရှိသွားမည့်အစား ပြန်လည်အသုံးပြုခြင်းဖြင့် အကျိုးဖြစ်ထွန်းအောင် ပြုလုပ်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်ဂျင်နီယာ ဇီအက်အဘီချက်ကာက စိတ်ဝင်စားခဲ့သည်။

အဘီချက်ကာသည် ဘေရွတ်မြို့တွင် ဖန်ကွဲစများ စုဆောင်းရေး စေတနာ့ဝန်ထမ်းဆောင်ရွက်နေသည့် အဖွဲ့များကို စတင်ဆော်ဩခဲ့ပြီး ထရီပိုလီမြို့ရှိ ဖန်စက်ရုံနှစ်ခုနှင့် ချိတ်ဆက်ကာ ဖန်ကွဲစများကို ဖန်ထည်ပစ္စည်းများအဖြစ် ပြောင်းလဲကာ အခြားသောလုပ်ငန်းများတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

လက်ဘနွန်ပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံမှ ၁၅ ဘီလီယံအထိ ရှိခဲ့သည်။

အဘီချက်ကာက ဖန်ကွဲစ တန်ချိန် ၁၀၀ သည် ကရားအိုးပေါင်း ၁၅၀၀၀၀ အထိ ဖန်တီးပေးနိုင်ပြီး လက်ဘနွန်ငွေ ပေါင်သန်း ၇၅၀ အထိ ရရှိစေကြောင်း၊ အဆိုပါနည်းဖြင့် စက်ရုံအချို့တွင် အလုပ်အကိုင်အချို့ ဖန်တီးပေးလျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဒစ္စနေးလ်မှဝန်ထမ်းများ ဆောင်းတွင်းကာလဆုကြေးငွေကို ၇၀ ရာခိုင်နှုန်း ဖြတ်တောက်သွားမည်

**တိုကျို စက်တင်ဘာ ၁၅**

တိုကျို ဒစ္စနေးလ်ဥယျာဉ်တို့နှင့် ဒစ္စနေးလ် ရေကစားဥယျာဉ်တို့မှ ဝန်ထမ်းများ၏ ဆောင်းတွင်းကာလ အပိုဆုကြေးငွေကို ၇၀ ရာခိုင်နှုန်းအထိ ဖြတ်တောက်သွားမည်ဟု ကုမ္ပဏီဘက်မှ ကြေညာခဲ့သည်။

ထို့ပြင် နစ်နာကြေးယူကာ အလုပ်မှထွက်ရန် ဆန္ဒရှိ မရှိကိုလည်း ဝန်ထမ်းများအား မေးမြန်းသွားမည်ဟု သိရသည်။ အပိုဆုငွေဖြတ်တောက်မှုမှာ ဝန်ထမ်းပေါင်း ၄၀၀၀ အပေါ် သက်ရောက်မည်ဖြစ်သည်။ ကိုဗစ် – ၁၉ ကြောင့် ဒစ္စနေးလ် ဥယျာဉ်များတွင် သက်ရောက်မှုများစွာ ရှိခဲ့သည်။

ဖေဖော်ဝါရီလကုန်ပိုင်းမှစကာ ဇူလိုင်လအထိ ဥယျာဉ်ကြီးကို ပိတ်ထားရသည်။

ယခုအခါတွင်လည်း ဥယျာဉ်ကို အပြည့်အဝ ပြန်မလည်ပတ်နိုင်သေးဘဲ တစ်ဝက်အင်အားဖြင့်ပင် ပြန်လည် လည်ပတ်နေရသည်။

ဒစ္စနေးလ်၏ နာမည်ကျော်စီတန်းလှည့်လည်ခြင်းကိုလည်း ကိုဗစ် – ၁၉ ကြောင့် ကျင်းပနိုင်ခြင်း မရှိသည့်အပြင် လပေါင်းအတန်ကြာသည်အထိလည်း ပြုလုပ်နိုင်ဦးမည် မဟုတ်ပေ။

ဇွန်လမှစတင်ကာ ကုမ္ပဏီဘက်မှ ငွေကြေးအမေရိကန်ဒေါ်လာ ၂၃၄ သန်း ဆုံးရှုံးခဲ့ရသည်ဟု ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၄၂ ဦး ထပ်တိုး

**ဒါကာ စက်တင်ဘာ ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စက်တင်ဘာ ၁၅ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၂၄ ဦး ထပ်တိုးခဲ့ပြီး သေဆုံးသူ ၄၃ ဦး ရှိကြောင်း သိရသည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း ၃၄၁၀၅၆ ဦးရှိပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၄၈၀၂ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြသည်။

နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်– ၁၉ စစ်ဆေးမှု ၁၄၀၅၀ အထိ ဆောင်ရွက်ထားကြောင်း သိရသည်။ရောဂါပျောက်ကင်းသွားသူအရေအတွက်စုစုပေါင်းမှာ ၂၄၅၅၉၄ ဦး ဖြစ်သည်။

**ဆင်ဟွာ**

# မဲခေါင်နိုင်ငံများ၏ စီးပွားရေးပြန်လည်တည်ဆောက်ရာတွင် အမေရိကန်က ဒေါ်လာသန်း ၁၅၀ ကူညီမည်

ဝါရှင်တန် စက်တင်ဘာ ၁၅

**အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှ မဲခေါင်ဒေသနိုင်ငံများ၏ စီးပွားရေးများ ပြန်လည်တည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကူညီရန် ကတိပြုခဲ့သည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အဆိုပါအကူအညီကို လက်ခံရရှိမည့် နိုင်ငံများထဲတွင် ပါဝင်သောနိုင်ငံများ ဖြစ်ကြသည်။**



မဲခေါင်နိုင်ငံများကို အမေရိကန်နိုင်ငံ၏ ကောင်းမွန်သောမိတ်ဖက်နိုင်ငံများအဖြစ် ဖော်ပြထားသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို တွေ့ရစဉ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၄ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ စက်တင်ဘာ ၁၁ ရက်က မဲခေါင်-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး ကျင်းပပြီးနောက် အမေရိကန်က ထိုသို့ ကတိပြုလိုက်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာအကူအညီသည် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအကျပ်အတည်းနှင့်ကြုံတွေ့နေရသည့်... ရောက်ရှိနေသည့် မဲခေါင်နိုင်ငံများ၏ စီးပွားရေးပြန်လည်ထူထောင်ရာတွင် ကူညီပေးမည်ဖြစ်သည်။ ထို့အပြင် ဓာတ်အားလိုင်း တည်ဆောက်ခြင်းကဲ့သို့သော အခြားလုပ်ငန်းများကိုလည်း ထောက်ပံ့ ကူညီပေးမည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုက ထုတ်ပြန်ချက်တွင် မဲခေါင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းသည် အမေရိကန်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာ၏ ပေါင်းစည်းမှုတစ်ခုဖြစ်ကြောင်း ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည်လည်း အဓိကရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး မဲခေါင်ဒေသနိုင်ငံများအား ထိပ်တန်းဦးစားပေးအနေဖြင့် တရုတ်နိုင်ငံတွင် စမ်းသပ်လျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၀၀၀၀ ခန့်ရှိလာ

**မနီလာ စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၃၅၄၄ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၉၄၀၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အပြင် ကိုဗစ်- ၁၉ ကူးစက်ခံနေရမှုမှ နေပြန်ကောင်းလာသူ ၂၀၇၃၅၂ ဦးရှိကြောင်းနှင့် သေဆုံးသူ ၄၆၆၃ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြလိုက်သည်။



ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ စစ်ဆေးရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာသဖြင့် သမ္မတ ရိုဒရီဂို ဒူတာတေးက ပုဂ္ဂလိကဆေးရုံများကို ကိုဗစ်-၁၉ ဝေဒနာသည်များအတွက် နေရာထိုင်ခင်းများ ပိုမိုပြုလုပ်ထားရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကုသမှုလုပ်ဆောင်ရာတွင် အကျိုးရှိရှိအသုံးချရန် ခုတင် ၄၆ ရာခိုင်နှုန်းခန့် ပြင်ဆင်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်- ၁၉ အမျိုးသားလုပ်ငန်းအဖွဲ့ အဓိက အကောင်အထည်ဖော်သူ ကာလီတိုကာဗက်ဇ်က ကိုဗစ်-၁၉ လူနာများအတွက် နောက်ထပ် ခုတင် ၁၀၀၀ ကို နိုဝင်ဘာလတွင် ရရှိမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ဂျော်ဒန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှု တိုးနေသည့်အတွက် ကျောင်းများ၊ ဈေးများကို နှစ်ပတ်ကြာပိတ်ထားမည်ဟု ကြေညာ

**အမ္မန် စက်တင်ဘာ ၁၅**

ဂျော်ဒန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု တိုးနေသည့်အတွက် ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဘာသာရေးအဆောက်အအုံများကို စက်တင်ဘာ ၁၆ ရက်မှစတင်ကာ နှစ်ပတ်ကြာပိတ်သွားမည်ဟု ဂျော်ဒန်အစိုးရက စက်တင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။

## ဈေးငယ်လေးများ ပိတ်သွားမည်

အဓိကဈေးကြီးများတွင် လူများစုပြုံတိုးမနေစေရေးအတွက် အစိုးရက ပြင်ဆင်မှုများ ပြုလုပ်နေစဉ်တွင် ဈေးငယ်လေးများကိုလည်း ပိတ်သွားမည်ဟု သတင်းအချက်အလက်ဝန်ကြီး အမ်ဂျက်အက်ဒယ်လစ်ရှ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## အရေးယူသွားမည်

လူစုလူဝေးများ မပြုလုပ်ရန် အစိုးရက သတိပေးထားသော်လည်း ပြည်သူများက လိုက်နာခဲ့ခြင်းမရှိသည့်အတွက် ကိုဗစ်-၁၉ ကူးစက်မှုများ တိုးလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရသည် စည်းကမ်းချိုးဖောက်သူများကို တင်းကျပ်သည့် အရေးယူမှုများ ပြုလုပ်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## နှစ်ပတ်ကြာ ပိတ်သွားမည်

အလယ်တန်း ပြီးဆုံးကြောင်း လက်မှတ်ရရေး စာမေးပွဲဖြေဆိုမည့် ကျောင်းသားများကလွဲ၍ ကျောင်းများအားလုံးနှင့် မူလတန်းကျောင်းများကို နှစ်ပတ်ကြာ ပိတ်သွားမည်ဟု ပညာရေးဝန်ကြီး တေဆီယာ နူရာမီက ကြေညာခဲ့သည်။

စက်တင်ဘာ ၁၆ ရက်မှစတင်ကာ ဘာသာရေး အဆောက်အအုံများကိုလည်း နှစ်ပတ်ကြာပိတ်သွားမည်ဖြစ်သည်။

စက်တင်ဘာ ၁၄ ရက်က ဂျော်ဒန်နိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၁၄ ဦးရှိပြီး နှစ်ဦးသေဆုံးခဲ့ရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ**


အမ္မန်မြို့ရှိ ဒုက္ခသည်စခန်းမှ ကျောင်းသူနှစ်ဦး ကျောင်းမှပြန်လာသည်ကို တွေ့ရစဉ်။

# ကိုလံဘီယာတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၂၃၁၂၃ ဦးရှိ

ဘိုဂိုတာ စက်တင်ဘာ ၁၅

ကိုလံဘီယာနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၉၉ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စုစုပေါင်း သေဆုံးသူ ၂၃၁၂၃ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

## ဆင်းသွားသူ ၆၀၆၉၂၅ ဦးရှိ

တစ်ချိန်တည်းမှာပင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၅၅၇၃ ဦးရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ဖြစ်ပွားသူ ၇၂၁၈၉၂ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

ကိုဗစ်- ၁၉ ခံစားနေရမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွားသူပေါင်း ၆၀၆၉၂၅ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။

## သတိပေးဖော်ပြ

ကိုလံဘီယာ ကိုယ်အင်္ဂါအစားထိုးကုသရေးအဖွဲ့က ကိုဗစ်- ၁၉ ၏ ဖြစ်ပေါ်လာနိုင်သော အကျိုးရလဒ်များကို သတိပေးဖော်ပြထားပြီး နိုင်ငံအတွင်း ကိုယ်ခန္ဓာအစိတ်အပိုင်းလှူဒါန်းမှုများ ကျဆင်းလာသောကြောင့် အချို့ဝေဒနာရှင်များမှာ အစားထိုးခွဲစိတ်ရန် စောင့်ဆိုင်းနေစဉ် သေဆုံးခဲ့ကြရသည်။

ဆင်ဟွာ

# ဗိုင်းရပ်စ်စစ်ဆေးမှု မပြုလုပ်နိုင်ပါက ကျန်းမာရေးစနစ်ကို ထိခိုက်နိုင်ဟု ဗြိတိန် သတိပေးထား

လန်ဒန် စက်တင်ဘာ ၁၅

ကိုဗစ်- ၁၉ ရှိ မရှိ ဆေးစစ်မှုများ မပြုလုပ်နိုင်လျှင် ကျန်းမာရေးဝန်ဆောင်မှုစနစ်ကို ထိခိုက်စေနိုင်သည်ဟု အင်္ဂလန်ရှိ ဆေးရုံအကြီးအကဲများက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

## ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးသင့်

ဆေးစစ်မှုများ အလုံအလောက်ပြုလုပ်နိုင်ရန် အခက်ကြုံတွေ့နေရသည်ဟု အစိုးရက ဦးစီးဦးဆောင်ပြုလုပ်နေသည့် ကျန်းမာရေးဝန်ဆောင်မှု ဆေးရုံအကြီးအကဲများက ပြောသည်။ ဆေးစစ်မှုများ လုံလုံလောက်လောက်ပြုလုပ်နိုင်ခြင်း မရှိခြင်းတို့ကြောင့် မြို့ကြီးများတွင် ကျန်းမာရေးဝန်ထမ်းများ လျော့ပါးလာစေသည့်အတွက် ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးကာ လုပ်ဆောင်ပေးသင့်သည်ဟု အမျိုးသားကျန်းမာရေးဝန်ဆောင်မှုမှ အကြီးအကဲဖြစ်သူ ခရစ်ဟော့ပ်ဆွန်က ပြောသည်။

## ဆေးစစ်မပေးနိုင်

လူနာများသည်လည်း ကိုဗစ်- ၁၉ ရှိ မရှိ ဆေးစစ်မှုများ လုံလုံလောက်လောက်မရသည့်အတွက် ရုန်းကန်နေရကြောင်း၊ ယခုအခါလူနာများမှာ ဆေးကုသမှု လိုအပ်နေသော်လည်း ကိုဗစ် -၁၉ ရှိ မရှိ လုံလုံလောက်လောက် ဆေးစစ်မပေးနိုင်သည့် ကိစ္စများနှင့် ကြုံတွေ့နေရသည်ဟုလည်း ၎င်းက စကိုင်းနယူးတီဗွီနှင့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

ဆေးစစ်ရန် သလိပ်နမူနာပေါင်း ၁၈၅၀၀၀ ရှိနေသေးသည်ဟု ဖော်ပြလာပြီးနောက် ခရစ်ဟော့ပ်ဆွန်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ စစ်ဆေးရန်ပုံနေသည့် အဆိုပါ သလိပ်နမူနာများကို အီတလီနှင့် ဂျာမနီတို့ရှိ ဓာတ်ခွဲခန်းများသို့ ပေးပို့ခဲ့ရကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် ဥရောပတွင် ကိုဗစ်- ၁၉ ကြောင့် ဆိုးဆိုးဝါးဝါး ထိခိုက်ခဲ့ရသည့် နိုင်ငံဖြစ်ပြီး လူပေါင်း ၄၂၀၀၀ သေဆုံးခဲ့ရသည်။ မကြာသေးမီ သီတင်းပတ်များအတွင်းမှစတင်ကာ ကူးစက်မှုများ ပြန်လည်တိုးလာခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# စင်ကာပူမှာ ဘလူးတုအသုံးပြု ကိုဗစ်-၁၉ ခြေရာခံကိရိယာကို လူထုအတွင်းစတင်ဖြန့်ဝေ

*ကလျာမိုးမြင့်*

**စင်ကာပူနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် ဘလူးတုစနစ်ပါရှိတဲ့ ဗိုင်းရပ်စ်ထိတွေ့မှု ခြေရာခံတိုကင်တွေကို လူဦးရေငါးသန်းရှိတဲ့ စင်ကာပူပြည်သူတွေဆီ စတင်ဖြန့်ဝေပေးနေပြီဖြစ်တယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြနေပါတယ်။**



## ဟာ့ဒ်ဝဲဗားရှင်းနဲ့ ထုတ်လုပ်ထား

ခရာကြိုးကဲ့သို့ လည်ပင်းမှာ ဆွဲထားပြီးတော့ဖြစ်စေ၊ အိတ်ဆောင်အနေနဲ့ ထည့်ထား ပြီးတော့ ဖြစ်စေ သယ်သွားလို့ရတဲ့ ဗိုင်းရပ်စ်ခြေရာခံ တိုကင်ဟာ စင်ကာပူမှာ ပြီးခဲ့တဲ့လအတွင်းက စတင်သုံးစွဲခဲ့တဲ့ လက်ရှိဗိုင်းရပ်စ်ခြေရာခံ ဆော့ဖ်ဝဲလ်ကို ဟာ့ဒ်ဝဲဗားရှင်းအသွင်နဲ့ တီထွင်ထုတ်လုပ်လိုက်ခြင်း ဖြစ်ပါတယ်။

ဆော့ဖ်ဝဲလ်အက်ပလီကေးရှင်းတစ်ခုလိုပဲ ဒီအရာက တခြားသုံးစွဲသူဆီမှာရှိနေတဲ့ အလားတူ ကိရိယာကို ဘလူးတုအသုံးပြုပြီးရှာဖွေတာ ဖြစ်ပါတယ်။ ယခုအသုံးပြုမယ့် တိုကင်ရဲ့ အားသာချက်ကတော့ ဒီကိရိယာက စမတ်ဖုန်းမသုံးတဲ့ အသက်ကြီး ပုဂ္ဂိုလ်တွေအတွက်ပါ အဆင်ပြေစေနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ အစိုးရအနေနဲ့ ယခုထုတ်လုပ်လိုက်တဲ့ ခြေရာခံတိုကင်ဟာ နိုင်ငံ့စီးပွားရေး နောက်တစ်ကြိမ် ပြန်လည်ဖွင့်လှစ်နိုင်ဖို့ အထောက်အကူပြုမယ်လို့ မျှော်လင့်ထားပါတယ်။

## ပြည်ပနိုင်ငံသားများပါ ရရှိမည်

အဆင့်မြင့်ဟိုတယ်တွေ၊ ရုပ်ရှင်ရုံတွေနဲ့ အားကစားရုံတွေလိုမျိုး ရောဂါဖြစ်ပွားနိုင်ခြေမြင့်မားတဲ့ ဝန်းကျင်တွေမှာ ဗိုင်းရပ်စ်ထိတွေ့မှုကို ပိုမိုကောင်းစွာ ခြေရာခံနိုင်စေလိမ့်မယ်လို့ အစိုးရက မျှော်မှန်းထားပါတယ်။

ဒီတော့ ကိုဗစ်-၁၉ ထိတွေ့မှုခြေရာခံတိုကင်တွေကို စမတ်ဖုန်းအသုံးနည်းသူတွေလည်းဖြစ်၊ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနိုင်ခြေများတဲ့ ကျန်းမာရေးဆိုင်ရာ အားနည်းသူတွေလည်းဖြစ်တဲ့ အသက်ကြီးပုဂ္ဂိုလ်တွေ စုဝေးရာနေရာတွေမှာ အရင်ဆုံး ဦးစားပေးဖြန့်ဝေပေးနေတယ်လို့ သိရပါတယ်။ ပြီးတော့ ဗိုင်းရပ်စ်ခြေရာခံ တိုကင်ကို စင်ကာပူနိုင်ငံမှာ ရောက်ရှိနေတဲ့ ပြည်ပနိုင်ငံသားတွေအပါအဝင် စင်ကာပူနိုင်ငံသားမှန်သမျှ လက်ခံရရှိမှာ ဖြစ်ပါတယ်။

## စမတ်ဖုန်းဖွင့်စရာမလို

ဗိုင်းရပ်စ်ခြေရာခံတိုကင်နဲ့ ပတ်သက်ပြီး အစိုးရအဖွဲ့ နည်းပညာအေဂျင်စီဆိုင်ရာ အကြံပေးသူက ယခုတီထွင်လိုက်တဲ့ ကိရိယာဟာ သုံးစွဲသူရဲ့ ကိုယ်ရေးအချက်အလက်နဲ့ပတ်သက်ပြီး စိုးရိမ်နေတဲ့သူတွေအားလုံးအတွက် ပိုကောင်းတဲ့ ကိရိယာတစ်ခုဖြစ်တယ်လို့ မှတ်ချက်ပေးခဲ့ပါတယ်။

ဆော့ဖ်ဝဲတစ်ခုရဲ့ လုပ်ဆောင်ချက်လိုပဲ သတင်းအချက်အလက်တွေကို တိုကင်ထဲမှာ သိမ်းဆည်းသိုလှောင်ထားပြီး ပုံမှန်ရှင်းလင်းပေးမှာ ဖြစ်သလို အကယ်၍ တိုကင်သုံးစွဲသူထံမှာ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ရှိနေရင် ကျန်းမာရေးဝန်ကြီးဌာနဆီ တိုကင်ကို ကိုယ်တိုင်လွှဲပြောင်းပေးတဲ့ ကိစ္စမျိုးမှာသာ upload တင်မှာဖြစ်တယ်လို့ ဆိုပါတယ်။ တိုကင်ကို အိတ်တစ်ခုခုသို့မဟုတ် လည်မှာ ခရာကြိုးလို ဆွဲထားပြီး သယ်ဆောင်သွားနိုင်သလို ဒီကိရိယာကို အသုံးပြုဖို့ စမတ်ဖုန်းဖွင့်နေစရာမလိုတာကလည်း အားသာချက်တစ်ခုဖြစ်ပါတယ်။

## သုံးစွဲသူအပြောက်အမြားရှိခဲ့

ပြီးခဲ့တဲ့မတ်လအတွင်း စင်ကာပူနိုင်ငံဟာ ကိုဗစ်-၁၉ ခြေရာခံ ဆော့ဖ်ဝဲကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စတင်အသုံးပြုတဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး စင်ကာပူပြည်သူ ၂ ဒသမ ၄ သန်းအထိ အဲဒီခြေရာခံ အက်ပလီကေးရှင်းကို ဒေါင်းလုတ်ဆွဲခဲ့ကြပြီး ဩဂုတ်လမှာ သုံးစွဲသူ ၁ ဒသမ ၄ သန်းအထိ ရှိတယ်လို့ သိရပါတယ်။

အဲဒီသုံးစွဲသူအရေအတွက် ပမာဏကိုကြည့်ခြင်းအားဖြင့် ဗိုင်းရပ်စ်ခြေရာခံဆော့ဖ်ဝဲနဲ့ ဘလူးတုစနစ်ခြေရာခံ တိုကင်တွေကို ထိထိရောက်ရောက်နဲ့ ပိုမိုတီထွင်ပြုလုပ်သွားဖို့ လိုအပ်တယ်ဆိုတာကို စင်ကာပူအစိုးရက အသိအမှတ်ပြု လက်ခံခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက အဲဒီအစီအစဉ်ဟာ ကိုဗစ်-၁၉ ကူးစက်ခံထားရသူတွေနဲ့ နီးကပ်စွာ ထိတွေ့မှုကို ဖော်ထုတ်ဖို့နဲ့ ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ကြာချိန်ကို လေးရက်ကနေ နှစ်ရက်အထိ လျှော့ချနိုင်ဖို့ အထောက်အကူပြုတယ်လို့ ဆိုပါတယ်။

## တခြားနိုင်ငံတွေထက် စိတ်အားထက်သန်

စင်ကာပူနိုင်ငံဟာ ကိုဗစ်- ၁၉ ခြေရာခံဆော့ဖ်ဝဲနဲ့ ပတ်သက်လို့ တခြားနိုင်ငံတွေထက်ပိုပြီး စိတ်အားထက်သန်မှုရှိတာကို တွေ့ရပါတယ်။ တခြားနိုင်ငံတွေမှာတော့ ဒီအက်ပလီကေးရှင်းကို စတင်အသုံးပြုတဲ့နေရာမှာလည်း တုံ့ဆိုင်းမှုရှိသလို ကောင်းကောင်းအသုံးပြုနိုင်ဖို့အတွက်လည်း ဝန်လေးတဲ့သဘောကို တွေ့ရပါတယ်။

ဗြိတိန်နဲ့ ဝေးလ်မှာဆိုရင် ၎င်းတို့ တီထွင်ထားတဲ့ ခြေရာခံဆော့ဖ်ဝဲကို ယခုလနှောင်းပိုင်းအထိ စတင်အသုံးပြုဦးမှာ မဟုတ်ဘူးလို့ သိရပါတယ်။ ဩစတြေးလျမှာတော့ ၎င်းတို့သုံးတဲ့ ခြေရာခံဆော့ဖ်ဝဲက ပုံမှန်ထိတွေ့မှု ခြေရာခံခြင်းနည်းအားဖြင့် သတင်းအချက်အလက်မရရှိနိုင်တဲ့အတွက် အချက်အလက်ရရှိရေး ကြိုးပမ်းနေရတယ်လို့ သိရပါတယ်။

## ၄၈ ဦး ထပ်မံကူးစက်ခံရ

စင်ကာပူနိုင်ငံမှာ ကိုဗစ်- ၁၉ကူးစက်ဖြစ်ပွားမှု ဆက်လက်အရှိန်မြင့်နေဆဲဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်ညနေပိုင်းမှာ ၄၈ ဦး ထပ်မံကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဒီထဲကမှ ငါးဦးဟာ ပြည်ပကနေ ကူးစက်ခံလာရသူတွေ ဖြစ်ပါတယ်။ လက်ရှိမှာတော့ စင်ကာပူတစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၅၇၄၅၄ ဦး ရှိပြီဖြစ်ပါတယ်။

## ခပ်ခွာခွာနေထိုင်ဖို့ မလွယ်ကူ

ပြီးခဲ့တဲ့ စက်တင်ဘာ ၁၃ ရက်ကလည်း နိုင်ငံအတွင်း ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၄၉ ဦး တွေ့ခဲ့ပြီး ၎င်းတို့ထဲက အများစုဟာ ရွှေ့ပြောင်းလုပ်သားအိမ်ရာတွေမှာ နေထိုင်ကြတဲ့သူတွေဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားပါတယ်။ ရွှေ့ပြောင်းလုပ်သားအိမ်ရာတွေမှာ နေထိုင်ကြတဲ့ လူဦးရေဟာ ပြွတ်သိပ်ကျပ်ညပ်နေတဲ့ အနေအထားကြောင့် တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ဖို့ မလွယ်ကူတဲ့အတွက် ရောဂါကူးစက်မှုတွေ မကြာခဏဖြစ်ပွားခဲ့ပါတယ်။

## ၇၀ ရာခိုင်နှုန်းလောက်အထိ အသုံးပြုနိုင်

ဘလူးတုအသုံးပြုတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ခြေရာခံတိုကင်ကို စင်ကာပူလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက်အထိ အသုံးပြုနိုင်မှာဖြစ်ပြီး စမတ်ဖုန်းတွေမရှိတဲ့ ပြည်သူငါးရာခိုင်နှုန်းလောက်ကပါ အစိုးရရဲ့ ဗိုင်းရပ်စ်ခြေရာခံ ကွန်ရက်မှာ ပူးပေါင်းပါဝင်ဆောင်ရွက်လို့ရတော့မှာဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီရန် ဘာလာကရစ်ရှ်နန်က ပြောကြားခဲ့ပါတယ်။

## ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးမည်

လူကြီးတွေအတွက် အဓိကရည်ရွယ်ပြီး ထုတ်လုပ်ထားတဲ့ ခြေရာခံကိရိယာကို နောက်ထပ် သုံးလအကြာမှာ ပြည်သူလူထုအတွင်း ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ကိုဗစ်- ၁၉ ဆိုင်ရာ ကန့်သတ်ချက်အများအပြားကိုလည်း ဖယ်ရှားထားပြီဖြစ်တဲ့အတွက် စင်ကာပူ အစိုးရအနေနဲ့ နိုင်ငံ့စီးပွားရေးကို ဘေးကင်းလုံခြုံစွာပြန်ဖွင့်လှစ်နိုင်ဖို့ မျှော်လင့်စောင့်စားလျက် ရှိနေပါတယ်။ ။

**စီအင်န်အင်န်**

> **"ဆော့ဖ်ဝဲလ်အက်ပလီကေးရှင်းတစ်ခုလိုပဲ ဒီအရာက တခြားသုံးစွဲသူဆီမှာရှိနေတဲ့ အလားတူ ကိရိယာကို ဘလူးတုအသုံးပြုပြီး ရှာဖွေတာ ဖြစ်ပါတယ်။ ယခုအသုံးပြုမယ့် တိုကင်ရဲ့ အားသာချက်ကတော့ ဒီကိရိယာက စမတ်ဖုန်းမသုံးတဲ့ အသက်ကြီးပုဂ္ဂိုလ်တွေအတွက်ပါ အဆင်ပြေစေနိုင်တယ်ဆိုတဲ့ အချက်ပါပဲ"**

**နိုင်ငံတကာသတင်းတိုထွာ**

## အမေဇုန်ကုမ္ပဏီက အမေရိကန်နှင့် ကနေဒါနိုင်ငံတစ်ဝန်း ဝန်ထမ်းပေါင်း ၁၀၀၀၀၀ အထိ ငှားရမ်းမည်

**ဆန်ဖရန်စစ္စကို စက်တင်ဘာ ၁၅**

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းများအတွက် အချိန်ပြည့်နှင့် အချိန်ပိုင်းအလုပ်သမားပေါင်း ၁၀၀၀၀၀ ကို အမေဇုန်ကုမ္ပဏီက ငှားရမ်းလျက်ရှိကြောင်း စက်တင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။

ယခုလ တစ်လတည်းမှာပင် အမေဇုန်ကုမ္ပဏီက အဆောက်အအုံပေါင်း ၁၀၀ ကို ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းဌာနခွဲအများအပြားပါရှိကြောင်း အမေဇုန်ကုမ္ပဏီမှ ကမ္ဘာ့တစ်ဝန်းလုပ်ငန်းဆောင်ရွက်မှု အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေ့ဗ်ကလာ့ခ်က ပြောကြားခဲ့သည်။

အဆိုပါအဆောက်အအုံများနှင့် မိမိတို့၏နည်းပညာဆိုင်ရာကွန်ရက်များတွင် တစ်နာရီလျှင် လုပ်ခလစာ အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာနှင့်အထက်ဖြင့် ဝန်ထမ်းသစ်ပေါင်း ၁၀၀၀၀၀ ကို ငှားရမ်းနိုင်မည့်အတွက် ဂုဏ်ယူမိကြောင်း ၎င်းကပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူ ၃၇ သန်းခန့် အလွန်အမင်း ဆင်းရဲဒုက္ခရောက်လျက်ရှိ

**နိုင်ရိုဘီ စက်တင်ဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့တစ်ဝန်းရှိပြည်သူ ၃၇ သန်းခန့် အလွန်အမင်းဆင်းရဲကျပ်တည်းမှုနှင့် ရင်ဆိုင်ရလျက်ရှိပြီး ၎င်းတို့အနက်အများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း ဘီလ်နှင့် မီလင်ဒါဂိတ်စ် ဖောင်ဒေးရှင်းက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့တစ်ဝန်း ဆင်းရဲနွမ်းပါးသူအရေအတွက်သည် နှစ်ပေါင်း၂၀ ကြာအောင် တောက်လျှောက်လျော့ကျခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါပေါ်ထွက်လာမှုက ဆင်းရဲနွမ်းပါးသူအရေအတွက် တစ်ဖန်ပိုမိုများပြားလာစေခဲ့ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ရောဂါကြောင့် ပြည်သူ ၃၇ သန်းခန့်မှာ တစ်ရက်လျှင် ရှီလင် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဒေါ်လာ) အောက် ဝင်ငွေသာရရှိကြောင်း သိရသည်။ ဝင်ငွေနိမ့်ပါးသည့် နိုင်ငံများတွင် တစ်ရက်လျှင် ဒေါ်လာ ၃ ဒသမ ၂၀ သာ ဝင်ငွေရှိကြောင်း သိရသည်။ ရောဂါကျရောက်မှုကြောင့် ဆင်းရဲဒုက္ခရောက်ရသည့်အပြင် အစာရေစာရရှိမှုတို့ကိုပါ ခက်ခဲစေခဲ့ပြီး ကလေးငယ်များ အာဟာရချို့တဲ့မှုဖြစ်ခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၃ ရက်သာ**

**လိုတော့သည်။**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

## ဆွမ်ပရာဘွမ်မြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ပြုလုပ်သည်။

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဒိန်ခန်ယုံခ က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သင်တန်းပို့ချမည့်အခန်းများ ပြင်ဆင်ထားရှိမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက သင်တန်းဖွင့်လှစ်နိုင်ရေးကိစ္စများနှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**ဖွင့်လှစ်ပို့ချသွားမည်**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းကို မြို့ပေါ် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုအတွင်းရှိ သင်တန်းသူ/သား ၃၀ ခန့်အား စက်တင်ဘာ ၁၇ ရက်တွင် စတင်ဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကုဋ္ဌေ(ပြန်/ဆက်)

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## အထွေထွေရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားဖော်ပြနိုင်ရန် အွန်လိုင်းမှ ဆွေးနွေးပို့ချမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ဦးဆောင်ပြီး ယူနက်စကို၏ ပံ့ပိုးကူညီမှုဖြင့် "၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ" ဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်( စနေနေ့) နှင့် စက်တင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့)တို့တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အွန်လိုင်းမှ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ နီးကပ်လာသဖြင့် မြန်မာသတင်းမီဒီယာသမားများအနေဖြင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ သတင်းရေးသား ဖော်ပြနိုင်ကြစေရန် ရည်ရွယ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ သတင်းမီဒီယာသမားများ ပါဝင်ဆွေးနွေးကြမည်ဖြစ်၍ ပါဝင်ဆွေးနွေးလိုသည့် သတင်းမီဒီယာသမားများအနေဖြင့် mmpresscouncil@gmail.com သို့ စက်တင်ဘာ ၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားစာရင်းပေးပို့ကြရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အသိပေးကြေညာထားသည်။

သန့်ဇင်ဝင်း

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသန်းဌေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားချစ်ခင်အပ်ပါသော မိဘပြည်သူများ နိုင်ငံသူ နိုင်ငံသားများအားလုံး ကောင်းခြင်းမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေခင်ဗျာ**

ရက်များမကြာခင်မှာ လွှတ်တော်သက်တမ်း(၁)ခုနဲ့ အစိုးရတစ်ရပ်ရဲ့ တာဝန်များကုန်ဆုံးပြီး အနာဂတ်သစ်တစ်ခုကို ပြည်သူများ ဖန်တီးခွင့် ရကြဦးတော့မှာ ဖြစ်ပါတယ်။ ကျင်းပတော့မယ့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးက တိုင်းပြည်နဲ့ လူမျိုးအတွက် အနာဂတ်အသစ်ကို ပုံဖော်ပေးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ ပါတီစုံဒီမိုကရေစီစနစ်အရ ပြည်သူလူထု အများစုက ထောက်ခံဆန္ဒပြုရွေးချယ်လို့ ပြည်သူ့ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူများသာ အနာဂတ်နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကို ဦးဆောင်သယ်ပိုးခွင့် ရနိုင်မှာဖြစ်ပါတယ်။ ဒီအတွက်လည်း ပြည်သူလူထုရဲ့ အဆုံးအဖြတ်သာလျှင် အခရာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ အနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ကံကြမ္မာကို ဦးဆောင်ဖန်တီးပေးလိုတယ်ဆိုလျှင် ဖန်တီးနိုင်မယ့်အခြေအနေနဲ့ ဖန်တီးပိုင်ခွင့်ဆိုတဲ့ လုပ်ပိုင်ခွင့်ကို လက်ဝယ်ပိုင်ပိုင်ရဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲအောင်နိုင်မှလည်း အခြေအနေဖန်တီးနိုင်ခွင့် လုပ်ပိုင်ခွင့်များရရှိတာဖြစ်ပါတယ်။ ဒီသဘောတရားအရပဲ နိုင်ငံရေးပါတီတစ်ခုရဲ့ ရွေးကောက်ပွဲ အနိုင်အရှုံးရလဒ်ဟာ တိုင်းပြည်ရဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ် အနေအထားတွေ ကံကြမ္မာတွေကို ပြုပြင်ဖန်တီးနိုင်စွမ်းရှိတယ်ဆိုတာ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်တွေက သက်သေပြနေပြီ ဖြစ်ပါတယ်။ ပြည်သူရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်တွေနဲ့ အဲ့ဒီကိုယ်စားလှယ်အများစု ပါဝင်တဲ့ ပါတီများက တိုင်းပြည်ရဲ့ ကံကြမ္မာကို ဦးဆောင်ဖန်တီးသွားတယ်ဆိုပေမယ့် ဒီကိုယ်စားလှယ်တွေကို ရွေးချယ်ရမယ့် လုပ်ပိုင်ခွင့်က ပြည်သူလူထုလက်ထဲမှာ ရှိနေတာပါ။ ဒါကြောင့် ပြည်သူတွေ စဉ်းစားသုံးသပ် ရွေးချယ်နိုင်အောင် နိုင်ငံရေးပါတီများကလည်း နိုင်ငံတော်အတွက် ရေရှည်မျှော်မှန်းချက်တွေ၊ ပါတီကဆောင်ရွက်မယ့် မူဝါဒတွေ၊ အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်တွေ ပြည်သူလူထုကို ခိုင်ခိုင်မာမာ တင်ပြချင်တဲ့ ကတိကဝတ်တွေကို ယခုလို ရှင်းလင်းတင်ပြကြရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးအတွက် ပိုမိုတောက်ပတဲ့အနာဂတ်ကို ဖော်ဆောင်နိုင်ရန် ပါတီရဲ့ မူဝါဒတွေနဲ့ လုပ်ငန်းစဉ်တွေကို နိုင်ငံတော်ရဲ့ သမိုင်းကြောင်းနောက်ခံ၊ ပကတိအခြေအနေနဲ့ အရှိတရားများအပေါ်မှာ သေသေချာချာ စဉ်းစားသုံးသပ် ချမှတ်ထားပါတယ်။ ပိုမိုတောက်ပသော အနာဂတ်ဆိုတာကတော့ ပြည်သူတွေအတွက် လက်ရှိအခြေအနေထက်ပိုပြီး စီးပွားဥစ္စာရှာဖွေရလွယ်ကူတဲ့ အနာဂတ်၊ ပိုမိုလုံခြုံတဲ့အနာဂတ်၊ ပိုမိုလွတ်လပ်ပွင့်လင်းပြီး ဖိနှိပ်ခြင်း၊ ကြောက်ရွံ့ရခြင်းကင်းတဲ့ အနာဂတ်၊ အခြေခံဥပဒေကပေးထားတဲ့ နိုင်ငံသားအခွင့်အရေးကို နိုင်ငံသားတိုင်း အပြည့်အဝ ခံစားရရှိနိုင်မယ့် အနာဂတ်၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဥပဒေပါ အခွင့်အရေး အပြည့်အဝရမယ့် အနာဂတ်၊ နိုင်ငံသားတိုင်းဟာ ကိုယ့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းဖို့ စိုးရွံ့အားငယ်စရာမရှိတဲ့ အနာဂတ်၊ ကလေးသူငယ်များ ကျား/မ မဟူ လူငယ်လူရွယ်များအတွက် သင်ယူမှုအခွင့်အလမ်းတွေ၊ အလုပ်အကိုင် အခွင့်အလမ်းတွေ၊ နိုင်ငံ့သားကောင်း၊ သမီးကောင်းဖြစ်မှု အခွင့်အလမ်းတွေနဲ့ ပြည့်လျှမ်းနေစေမယ့် အနာဂတ်၊ အပြန်အလှန်နားလည်စာနာမှု၊ ညီညွတ်မျှတမှုတွေနဲ့ အမုန်းတရားကင်းတဲ့ အနာဂတ်လူမှုအဖွဲ့အစည်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့ ပြည်သူ့အတွက် အာမခံချက်များကို တင်ပြပါ့မယ်၊ လက်တွေ့ အောင်မြင်အောင်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျာ၊ မဲဆန္ဒရှင်ပြည်သူများခင်ဗျာ၊ ကျွန်တော်တို့ပါတီဟာ အစိုးရဖွဲ့ပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတော်ရဲ့ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး အစရှိတဲ့ မြားမြောင်လှသော ကိစ္စရပ်များအပေါ်မှာ မူဝါဒချမှတ်ပြီး ပိုင်ပိုင်နိုင်နိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သလို အများအခေါ် အတိုက်အခံပါတီဆိုတဲ့ အနေအထားကို ရောက်ရှိလာတဲ့ အချိန်မှာလည်း နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အထွေထွေအရပ်ရပ်သော အရေးအရာတွေမှာ အစိုးရကို ထိန်းညှိထောက်ပြခြင်း၊ အနာဂတ်အတွက် မူဝါဒများနဲ့ လုပ်ငန်းစဉ်များ ချမှတ်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နေပါကြောင်း တင်ပြလိုပါတယ်။ ပိုမိုတောက်ပတဲ့ အနာဂတ်အသစ်ကို တည်ဆောက်နိုင်ဖို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကိုင်စွဲထားတဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးနဲ့ ပြည်ထောင်စုသားများရဲ့ အမျိုးသားအကျိုးစီးပွားအပေါ်မှာ ခိုင်ခိုင်မာမာ အခြေခံထားတဲ့ မူဝါဒကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံနဲ့ လူမျိုး ရှိနေသမျှ ဘယ်တော့မှ မဖောက်မပြန်၊ မလွဲမှားနိုင်တဲ့ မူဝါဒပဲ ဖြစ်ပါတယ်၊ ဒီအမျိုးသားရေးမူဝါဒအပေါ်မှာ အခြေခံပြီး တိုင်းပြည်ရဲ့ လတ်တလော လုပ်ဆောင်သင့်တဲ့ လုပ်ငန်းများကို စဉ်းစားလိုက်တဲ့အခါမှာတော့ (၁) စီးပွားရေးနဲ့ ပတ်သက်လို့ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးမှာဖြစ်သလို အမျိုးသားအကျိုးစီးပွားအခြေခံနဲ့ စဉ်းစားပြီးတော့ မိမိတို့နိုင်ငံသားများ လုပ်ငန်းရှင်များကို ထိုက်သင့်တဲ့ အကာအကွယ်တွေ ပေးမှာဖြစ်ပါတယ်၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ စိတ်ချလက်ချ ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် **“ယုံကြည်မှု”** ကို အာမခံတည်ဆောက်ပေးရပါမယ်၊ နိုင်ငံတော်ဆိုတဲ့ အဖွဲ့အစည်းကြီးကနေပြီး နိုင်ငံသားတစ်ဦးချင်းစီမှာပါ လေးလံစွာ ကျရောက်နေတဲ့ ကြွေးမြီဝန်ထုပ်ဝန်ပိုးကို တစ်နှစ်အတွင်းလျှော့ချနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်၊ (၂) စိုက်ပျိုးရေး၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍအပါအဝင် တိုင်းပြည်ရဲ့ စီးပွားရေး ဘက်စုံဖွံ့ဖြိုးမှုကို အရေးတကြီးဆောင်ရွက်ရပါမယ်။ (၃) လိပ်ခဲတည်းလည်း အငြင်းပွားနေတဲ့ အခြေခံဥပဒေပြင်ဆင်ရေးကို ဦးစားပေးအဆင့်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားပါမယ်၊ ရည်မှန်းထားတဲ့ ဖက်ဒရယ်အနှစ်သာရ၊ ပြည်ထောင်စုအနှစ်သာရ၊ ဒီမိုကရေစီအနှစ်သာရများကို ချက်ချင်းပြသနိုင်မယ့် လက်တွေ့ကျတဲ့ လုပ်ဖို့လည်းမခက်တဲ့ ပြင်ဆင်မှုတွေနဲ့ ခရီးရောက်တဲ့ ပြောင်းလဲပြင်ဆင်မှုတွေကိုဆောင်ရွက်သွားပါမယ်၊ နမူနာကောက်နုတ်ပြီး တင်ပြလိုတဲ့ ပြင်ဆင်ချက်တွေကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်ခြင်းဆိုင်ရာ ပုဒ်မများ၊ တန်းတူညီမျှမှုကို လက်တွေ့ ပုံဖော်နိုင်စေမယ့် ဥပဒေပုဒ်မများ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအကြား လုပ်ပိုင်ခွင့်ခွဲဝေခြင်းနဲ့ ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းချက်များ၊ မဏ္ဍိုင်(၃)ရပ် အပြန်အလှန် အမှန်အကန် ထိန်းကျောင်းခြင်းကို အာမခံနိုင်ဖို့အတွက် အခြေခံဥပဒေဆိုင်ရာခုံရုံးတို့၊ ရွေးကောက်ပွဲကော်မရှင်တို့နဲ့ ပတ်သက်သော ဥပဒေများ၊ ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း (Right to Recall) ဆိုင်ရာ ဥပဒေ၊ ရွေးချယ်တင်မြှောက်ခြင်းစနစ် (FPTP, PR) ရွေးချယ်ကျင့်သုံးမှုများဆိုင်ရာ ဥပဒေများအပါအဝင် အခြားလိုအပ်တဲ့ ဥပဒေပြင်ဆင်မှုတွေ ဖြစ်ပါတယ်။ (၄) ပြည်ထောင်စု နိုင်ငံတော်ကြီးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဒီမိုကရေစီတည်ဆောက်ရေးရဲ့ အခြေခံဖြစ်တဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုများကိုလည်း ယုံကြည်မှုအပြည့်နဲ့ ဆက်လက်ဆောင်ရွက်သွားပါမယ်၊ (၅) ပြည်သူအများ ယုံကြည်အားထားရတဲ့ လယ်ယာစီးပွားကဏ္ဍကို အလေးထားဖော်ဆောင်ဖို့အတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန သီးခြားဖွဲ့စည်းပြီး အသေးစိတ်စီမံဆောင်ရွက်ပါမယ်။ (၆) လယ်ယာထွက်ကုန်သီးနှံများ စိုက်ပျိုးရေးထုတ်ကုန်များအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ထက် ပိုမိုတဲ့ရောင်းဈေးနှုန်းနဲ့ ဈေးကွက်ကို ဖန်တီးပေးပါမယ်။ (၇) အလုပ်သမားတွေအတွက် အနိမ့်ဆုံးရသင့်တဲ့ လစာငွေဟာ ဖြစ်ပေါ်နေသည့် လူနေမှုစရိတ်ကို ကာမိအောင်၊ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်သတ်မှတ်ပေးပါ့မယ်၊ (၈) ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ ကိုယ်ရတဲ့လစာငွေနဲ့ ထောက်ပံ့မှုများနဲ့ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်အောင် ၂၀၂၁ ခုနှစ်ကစပြီး နှစ်အလိုက်လစာနှင့် ထောက်ပံ့မှုတွေ တိုးမြှင့်ပေးပါမယ်။ (၉) အခွန်ထမ်းဆောင်ရန်တာဝန်ရှိတဲ့ အခွန်ထမ်းပြည်သူအားလုံးအတွက် ထမ်းဆောင်နိုင်တဲ့ နှုန်းထား၊ သင့်တင့်သောနှုန်းထားနဲ့ မပင်မပန်း အခွန်ထမ်းဆောင်နိုင်မယ့်စနစ်ကို သုံးသပ်ပြင်ဆင်ပေးပါ့မယ်။ (၁၀) လက်ရှိအခြေအနေထက် ပိုမိုထိရောက်တဲ့ တရားဥပဒေစိုးမိုးရေး၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွေကို ထိထိရောက်ရောက် ဆောင်ရွက်ပါမယ်။ (၁၁) ခြိမ်းခြောက်ခံနေရတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ဥပဒေများပြင်ဆင်ခြင်းနဲ့ ရှိပြီးဥပဒေများကို ထိထိရောက်ရောက် ကိုင်စွဲကျင့်သုံးပြီးတော့ ကာကွယ်ဆောင်ရွက်သွားပါ့မယ်။ (၁၂) ကျက်မှတ်စွဲမြဲမှု၊ ထိုးထွင်းကြံဆမှုနဲ့ ပိုင်းခြား သုံးသပ်တတ်မှုကနေပြီး လက်တွေ့အသုံးချမှုကို ကူးပြောင်းနိုင်တဲ့ ပညာရေးစနစ်နဲ့ ဆရာနဲ့တပည့်ကြားက အပြန်အလှန် တန်ဖိုးထား ရိုသေလေးစားမှုများကို ပြန်လည်ပျိုးထောင်ပါ့မယ်။ (၁၃) လူငယ်များ၊ အမျိုးသမီးများအတွက် အားကစားကဏ္ဍမြှင့်တင်ရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်သလို ကျား မ ခွဲခြားမှုမရှိဘဲ အရည်အချင်းနဲ့ လုံ့လဥဿာဟအတိုင်း အခွင့်အရေး တန်းတူရှိစေရပါမယ်။ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်းရေးအတွက် ထိရောက်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပါ့မယ်။ (၁၄) နိုင်ငံတကာ အဖွဲ့အစည်းအားလုံး၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ အမျိုးသားအကျိုးစီးပွားကို စံထားပြီး ပြန်လည်သုံးသပ်ဆောင်ရွက်သွားပါမယ်။ (၁၅) မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးရဲ့ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ ကြီးပွားတိုးတက်ရေး၊ ဘဝလုံခြုံရေးတို့ကို လက်တွေ့ကျကျ ဆောင်ရွက်ပေးပါမယ်။



အဲ့ဒီကတိကဝတ်များ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ဆိုရင်တော့ ကျွန်တော်တို့ တစ်ပါတီတည်းနဲ့ ဆောင်ရွက်ခြင်း၊ ပါတီခေါင်းဆောင် တစ်ကိုယ်တော် တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဆောင်ရွက်ခြင်းမျှဖြင့်တော့ ခါချဉ်ကောင်မာန်ကြီးတဲ့ ရည်မှန်းချက်၊ ကြုံးဝါးချက်မျိုးသာ ဖြစ်နိုင်မယ်ဆိုတာလည်း ကျွန်တော် လက်တွေ့ကျကျ ယုံကြည်ထားတဲ့အတွက် ပါဝင်သင့် ပါဝင်ထိုက်သူ ပါတီ၊ အဖွဲ့အစည်း၊ လူမျိုးစုများ၊ တစ်ဦးချင်း ထူးချွန်ထက်မြက်သူများ၊ သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ မူဝါဒကို လက်ကိုင်ထားပါတယ်။

ပါတီစုံစနစ်မှာ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ ကိုယ်စားလှယ်လောင်းများဟာ မိမိတို့အပေါ် ပြည်သူလူထုရဲ့ အထင်ကြီးလေးစားမှုနဲ့ ယုံကြည်မှုရစေဖို့အတွက် ဟောပြောမှု၊ ရေးသားမှု ကတိကဝတ်နဲ့ အာမခံချက်ပေးမှုတွေကို လုပ်ကြတာဟာ သဘာဝပါပဲ။ သို့ပေမယ့် လက်တွေ့လုပ်ကိုင်လိုတဲ့ စေတနာရှိမှု၊ မရှိမှု လုပ်နိုင်ကိုင်နိုင်၊ ကတိကဝတ်တွေကို အကောင်အထည် ဖော်ဆောင်နိုင်တဲ့ အရည်အချင်း၊ အရည်အသွေးနဲ့ စိတ်စေတနာများဟာ ပြည်သူအများစုအပေါ်မှာ အာရုံထား ရပ်တည်ထားခြင်း ဟုတ်/မဟုတ်ဆိုတာ တွေကလည်း ရက်ပိုင်း၊ နှစ်ပိုင်းအတွင်းမှာပဲ သိသာပေါ်လွင်လာတတ်တဲ့ ကိစ္စမျိုးဖြစ်ပါတယ်။

ဒါကြောင့် နှစ်များစွာစောင့်ပြီးမှ ကိုယ့်လက်ထဲရောက်လာတဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် အလွန်တန်ဖိုးကြီးတဲ့ ရွေးချယ်ခွင့်ကို သေသေချာချာ စဉ်းစားသုံးသပ်ပြီးမှ ဆုံးဖြတ်အသုံးပြုစေချင်တာပါ၊

ကျွန်တော့်ကို ရွေးပေးပါလို့ မပြောလိုသလို ကျွန်တော့်ပါတီကို ရွေးချယ်ပေးကြပါလို့လည်း မပြောလိုပါဘူးခင်ဗျာ။ မဲဆန္ဒရှင်ပြည်သူတွေက ဆုံးဖြတ်မယ့်လူ၊ ရွေးချယ်မယ့်လူ၊ နိုင်ငံရေးပါတီတွေ၊ ကိုယ်စားလှယ်လောင်းတွေက ဆုံးဖြတ်ခံ ရွေးချယ်ခံမယ့်လူတွေ ဖြစ်ပါတယ်။

ကျွန်တော်အထက်က တင်ပြသလိုပဲ ကျွန်တော်တို့ကို ရွေးပေးရမှာလို့ မခံယူဘဲ မိဘပြည်သူများက စိတ်ကြိုက်ရွေးယူရမယ့် အခွင့်အရေးဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက် အသုံးချကြပါခင်ဗျာ။

ကျွန်တော်ရဲ့ လူမှုကွန်ရက်စာမျက်နှာကနေပြီး ရေးသားတင်ပြခဲ့တာတွေ ရှိခဲ့ဖူးပါတယ်။ ကျွန်တော့်ရဲ့ ပုဂ္ဂလိကအမြင်အရ လူတစ်ယောက်ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ဖို့ ထိုက်သင့်တဲ့ စောင့်စည်းမှု၊ ကိုယ်ကာယ လေ့ကျင့်မှုကို ကာလရှည်ကြာ လေ့ကျင့်ရပါတယ်။

တစ်ယောက်ချင်း စိတ်ချမ်းသာဖို့ စိတ်လေ့ကျင့်ခန်းတွေနဲ့ သတိကပ်ရှုမှတ်မှုတွေကို ကာလရှည်ကြာ လေ့ကျင့်ဖို့လိုပါတယ်၊ တစ်ယောက်ချင်း ချမ်းသာကြွယ်ဝဖို့ စုဆောင်းမှု၊ မြှုပ်နှံမှု၊ စွန့်စားမှုတွေနဲ့ ကာလရှည်ကြာ အားထုတ်ရပါတယ်။

သို့သော် တိုင်းပြည်နဲ့လူမျိုးနဲ့ချီပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာဖို့ဆိုရင် တစ်ချက်တည်း၊ တစ်ရက်တည်း လုပ်ဖို့ပဲ လိုပါတယ်၊ အဲ့ဒါကတော့ “မှန်ကန်တဲ့ရွေးချယ်မှု”ပဲ ဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူအားလုံး မဲရုံကိုသွားပြီး တန်းစီပြထားတဲ့ အရောင်အသွေးစုံ၊ အရည်အသွေးစုံ၊ ပါတီစုံ၊ ကိုယ်စားလှယ်အစုံထဲက မိမိစိတ်ကြိုက်ရွေးချယ် ရယူအသုံးချပြီး မိမိတို့ရဲ့ တောက်ပတဲ့ အနာဂတ်ကို ဖန်တီးကြဖို့ အလေးအနက် တိုက်တွန်းတင်ပြအပ်ပါတယ်ခင်ဗျာ။

မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျ။

# တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ အကြံပေးပုဂ္ဂိုလ်နှင့် ပြောရေးဆိုခွင့်ရှိသူ ဦးရော်မန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–



လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းတို့ခင်ဗျား၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊ ရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ (Ethnic National Development Party– ENDP) ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရော်မန်း ဖြစ်ပါတယ်။ ယခုလို ကျွန်တော်တို့ပါတီ၏ ရည်ရွယ်ချက်များကို ပြည်ထောင်စုဖွား ပြည်သူလူထုကြီးအား ရေဒီယိုနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားခွင့်ရရှိတဲ့အတွက် အလွန်ပင်ဂုဏ်ယူဝမ်းမြောက်ဝမ်းသာ ဖြစ်ပါကြောင်းလည်း ဖော်ပြလိုပါတယ်။

နိုင်ငံရေးပါတီ(၁)ခု ဖွဲ့စည်းတည်ထောင်မယ်ဆိုရင်တော့ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်သော နိုင်ငံရေးအမြင်၊ နိုင်ငံတကာဆက်ဆံရေးအမြင်၊ နိုင်ငံတစ်နိုင်ငံနှင့် သက်ဆိုင်သော နိုင်ငံရေးအမြင်၊ ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ လူမျိုးနွယ်စုများနှင့် စီးပွားရေးအမြင် စတဲ့နိုင်ငံရေးအမြင် အမျိုးမျိုးကို ရှုမြင်ပြီး ဖွဲ့စည်းတည်ထောင်ကြမှာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ၏ ရည်ရွယ်ချက်နှင့် ရပ်တည်ချက်တွေကို အကျယ်တဝင့်မပြောဆိုဘဲ အဓိကဦးတည်ချက်ကိုသာလျှင် တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးပေါင်း ၁၃၅ မျိုး ရှိတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီလူမျိုးအသီးသီးမှာ စာပေ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်ရာဘာသာတရား၊ ရိုးရာဓလေ့ထုံးတမ်းများ အသီးသီးရှိကြပါတယ်။ ၎င်းတို့အားလုံးထဲမှာ လူမျိုးနွယ်စုတွေလည်းပါဝင်ပြီး သူတို့ရဲ့အခန်းကဏ္ဍကို ချန်လှပ်ထားလို့မရသလို သူတို့၏ စာပေယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာတွေကိုလည်း တိုးတက်ကောင်းမွန်အောင် မြှင့်တင်ပေးရန်နှင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးရန် လိုအပ်ပါတယ်။ ကျွန်တော်တို့ပါတီသည် တိုင်းရင်းသားလူမျိုးစုများကို တန်းတူအခွင့်အရေးပေးပြီး လူမျိုးနွယ်စုများ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးသော အစိုးရနှင့် လက်တွဲ၍ နိုင်ငံတော်အကျိုးဆောင်ရွက်ရမည်ဟု ခံယူထားပါတယ်။ ဤကဲ့သို့ ခံယူထားသည့်အတွက် ကျွန်တော်တို့ပါတီ၏ ဦးတည်ချက်မှာ

၁။ စစ်မှန်သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေး၊

၂။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး၊

၃။ တိုင်းရင်းသားလူမျိုးစုများ ရသင့်ရထိုက်သော တန်းတူအခွင့်အရေးများရရှိရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိနိုင်ရေးတို့ ဖြစ်ပါတယ်။

ပထမအချက်ဖြစ်သော စစ်မှန်သောဒီမိုကရေစီစနစ်သည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်သော လွတ်လပ်မှု၊ တရားမျှတမှုတို့ အခြေခံသောစနစ်ဖြစ်၍ လူမျိုးတိုင်းလက်ခံနိုင်သော စနစ်ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ပါတီအနေဖြင့် စစ်မှန်သော ဒီမိုကရေစီပေါ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်တစ်ခုသာ တည်ထောင်ပါက အဆင်ပြေနိုင်မှာ မဟုတ်သည့်အတွက် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုပေါင်းပြီး တည်ထောင်ရန်လိုအပ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံစု၍ နေထိုင်သော နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ဖက်ဒရယ်စနစ်သည် လူမျိုးနွယ်စုများ ရသင့်ရထိုက်သောအခွင့်အရေးကို ပေးနိုင်သော နိုင်ငံရေးစနစ်ဖြစ်သလို ထမ်းဆောင်ရမည့် တာဝန်များကို ပြဋ္ဌာန်းနိုင်ပါတယ်။ တန်းတူအခွင့်အရေး ရရှိရေးဆိုတဲ့နေရာမှာ လူမှုဘဝဆက်လက်၍ ဖွံ့ဖြိုးတိုးတက်ရေး၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းကာကွယ်ရေးနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရေး၊ ပထဝီဝင်နယ်မြေဆက်စပ်၍ နေထိုင်သော လူမျိုးနွယ်စုများစုစည်း၍ အုပ်ချုပ်ရေးနယ်မြေ သတ်မှတ်ပေးနိုင်ရေး စတဲ့ အခွင့်အရေးများ ပေးနိုင်ရေးလည်း ပါဝင်ပါတယ်။

တတိယအချက်ကတော့ တိုင်းရင်းသားလူမျိုးနွယ်စုများ တန်းတူအခွင့်အရေး ရရှိရေးပင်ဖြစ်ပါတယ်။ ဤစနစ်ဟာ ကျွန်တော်တို့နိုင်ငံမှာ အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းပါတီများနှင့်အတူ ပူးပေါင်းပါဝင်၍ လှုပ်ရှားဆောင်ရွက်နိုင်ကြောင်း ဖော်ပြလိုပါတယ်။ ဤစနစ်ဟာ အခွင့်အရေးအပြင် ထမ်းဆောင်ရမည့်တာဝန်များကိုလည်း ပြဋ္ဌာန်းပေးနိုင်တဲ့စနစ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံကို ဖက်ဒရယ်နိုင်ငံတော် လုပ်ဆောင်မှသာလျှင် တိုင်းသူပြည်သားအားလုံးအတွက် အေးချမ်းသာယာနိုင်ပြီး အတူယှဉ်တွဲနေထိုင်ကောင်းသောနိုင်ငံတော်၊ နေချင်စဖွယ်ကောင်းသော နိုင်ငံတော်ဖြစ်မည်ဟု ယုံကြည်ပါတယ်။ အထူးဖော်ပြလိုတာကတော့ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများကို အုပ်စုနှစ်ခုအားဖြင့် ဖော်ပြလိုပါတယ်။ ပထမအုပ်စုသည် ပထဝီဝင်နယ်မြေ တစ်ဆက်တစ်စပ်တည်းမရှိဘဲ လူမျိုးပေါင်းစုံများနှင့် ရောနှောနေထိုင်သောအုပ်စုနှင့် ဒုတိယအုပ်စုမှာ ပထဝီဝင်နယ်နိမိတ် တစ်ဆက်တစ်စပ်တည်းရှိသော နယ်မြေဒေသတွင် နေထိုင်သော အုပ်စုများ ဖြစ်ကြပါတယ်။ အချို့သောလူမျိုးနွယ်စုများမှာ ပထဝီဝင်နယ်မြေဒေသ တစ်ဆက်တစ်စပ်တည်းတွင် နေထိုင်သော်လည်း မြို့နယ်သုံးခုထက်မနည်းသော အုပ်ချုပ်ရေးနယ်ပယ်တွင် နေထိုင်သောကြောင့် လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှုများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်းကောင်း အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါတယ်။ ထိုကဲ့သို့ အခက်အခဲများနှင့် ကြုံတွေ့နေသော တိုင်းရင်းသား လူမျိုးနွယ်စုများမှ လူဦးရေအသင့်အတင့်ရှိပြီး နေထိုင်ရာ ဒေသနယ်နိမိတ် အကျယ်အဝန်း အသင့်အတင့်ရှိကာ စာပေ၊ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာများ ပိုင်ဆိုင်ထားသော သီးခြားလူမျိုးနွယ်စုများကို တစ်စုတစ်စည်းတည်း အုပ်ချုပ်ရေးနယ်မြေ သတ်မှတ်ပေးရေးကို အစိုးရထံ တောင်းဆိုနိုင်ရန်အတွက် အဓိက ရည်ရွယ်ချက်ဖြစ်ပါတယ်။ နယ်မြေခွဲခြား၍ နေထိုင်ရသဖြင့် လူဦးရေအားဖြင့် လူနည်းစုအသွင်သို့ရောက်ရှိကာ အခြားပါတီတွင်ပါဝင်ရေးမှာလည်း အင်အားနည်းသော အခြေအနေဖြစ်နေပါတယ်။ မိမိတို့မျိုးနွယ်စုကိုယ်စားပြု ပြောဆိုရမည့်သူလည်းမရှိ၊ တောင်းဆိုပေးနိုင်မည့်သူလည်း မတွေ့နိုင်ဖြစ်နေပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မရာပြည်သူ့ပါတီ (Mara People's Party ) အမည်ဖြင့်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီအမည်ဖြင့် လည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင်လည်း ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇)၊ အမှတ်(၉) နှင့် မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည် ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးအခြေအနေအရ ပြည်မတွင်ရှိသော ပါတီနိုင်ငံရေးအခြေအနေနှင့် တိုင်းရင်းသားဒေသတွင်ရှိသော ပါတီနိုင်ငံရေးအခြေအနေများဟာ မတူညီကြပါဘူးလို့ ယူဆပါတယ်။ နိုင်ငံရေးခံယူပုံ၊ ရှုမြင်ပုံ၊ ပါတီနိုင်ငံရေးလှုပ်ရှားပုံတွေ မတူညီပါ။ ဒီလိုမတူညီသော အခြေအနေမှာ လူမျိုးနွယ်စုများအနေနဲ့ ပါတီကြီးသို့ဝင်ရောက်၍၊ ရသင့်သော အခွင့်အရေးနှင့် ပြောရေးဆိုခွင့်တွေရရှိရေး အခွင့်အရေး နည်းပါးနိုင်သည်ဟု ယူဆရပါတယ်။

သို့ဖြစ်ပါ၍ တန်းတူအခွင့်အရေးရရှိရေးနှင့် အေးချမ်းသာယာစွာ ယှဉ်တွဲနေထိုင်နိုင်ရေး၊ ဒီမိုကရေစီစနစ်ပေါ်ထွန်းရေး၊ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်တည်ထောင်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးနွယ်စုများ ရသင့်ရထိုက်သော အခွင့်အရေးရရှိရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုးစားနေသော ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီအရွေးခံရန်၊ ရွေးချယ်ထားသောနယ်မြေရှိ ပြည်သူလူထုများအနေဖြင့် ပုဆိန်၊ စပါးနှံ၊ ဓားပုံပါသော တံဆိပ်ကိုသာရွေးချယ်၍ အသည်းနှလုံးကြားက မဲကိုပေးကြပါလို့ တောင်းဆိုရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မန္တလေး စက်တင်ဘာ ၁၅



မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး (၁/၂၀၂၀) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံးဟောင်း၌ စက်တင်ဘာ ၁၄ ရက်က ပြုလုပ်သည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ကျော်စိုးက နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများ၊ တာဝန်ရှိသူများနှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ဝင်များက အသီးသီး ဆွေးနွေးပြောကြားရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးသည်။

တိုင်းဒေသကြီးအတွင်း၌ လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၁ ပါတီမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ စုစုပေါင်း ကိုယ်စားလှယ် ၅၄၁ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ လက်ရှိပြုစုထားသော စာရင်းများအရ မဲရုံပေါင်း ၅၄၄၇ ရုံလျာထား သတ်မှတ်ထားပြီး မဲဆန္ဒရှင် ၄၇၂၂၈၂၂ ဦး ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း၊
- ထောင်ဒဏ်ကျခံနေရသူ၊
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

# ကမန်အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

**ကမန်အမျိုးသားတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးလှတိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသူ/နိုင်ငံသားများခင်ဗျား မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် နိုင်ငံသူ/နိုင်ငံသားများခင်ဗျား...**

ကျွန်တော်ကတော့ ကမန်အမျိုးသားတိုးတက်ရေးပါတီ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးလှတိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီကို ၂၀၁၀–ခုနှစ်၊ ဇွန်လတွင် ပါတီတည်ထောင်ခွင့်လျှောက်ထားခဲ့ပြီး ၂၀၁၀–ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် မှတ်ပုံတင်ခွင့် ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူမျိုး (၈) မျိုးကိုတော့ လူတိုင်းသိကြပါတယ်။ ရခိုင်မျိုးနွယ်စုမှာပါဝင်တဲ့ ကမန်တိုင်းရင်းသားလူမျိုးစုကိုတော့ လူတိုင်းမသိကြပါဘူး။ ကမန်တိုင်းရင်းသားလူမျိုးစုဟာ ရခိုင်ပြည်နယ်မှ ပေါက်ဖွားလာကြတဲ့ တိုင်းရင်းသားလူမျိုးစု ဖြစ်ပါတယ်။

ကမန်လူမျိုးတွေဟာ ရခိုင်ဘုရင်အုပ်စိုးစဉ်ကာလကပင် ရခိုင်တပ်မတော်မှ လေးကိုင်သူရဲကောင်းများအဖြစ် သစ္စာရှိစွာ အမှုထမ်းခဲ့ကြသည့် လူမျိုးများ ဖြစ်ကြောင်း ရခိုင်ဆရာတော်ကြီးများရေးသားသည့် သမိုင်းရာဇဝင်အထောက်အထား မှတ်တမ်းတွေမှာ ရေးသားထားတာတွေကို တွေ့ရှိရပါတယ်။ ကမန်လူမျိုးတွေဟာ တိုင်းရင်းသားလူမျိုးဖြစ်သည့်အတွက် မြန်မာ့နိုင်ငံရေးမှာ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်အချိန်တွေမှာလည်း နိုင်ငံရေးကိစ္စတွေမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သလို ၁၉၉၀–ခုနှစ်တွင်လည်း ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်ပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဆိုပါရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခံခဲ့ရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်ဖွဲ့စည်းခွင့်၊ လွှတ်တော်တက်ရောက်ခွင့် မရရှိခဲ့ပါဘူး။ ၂၀၁၀–ခုနှစ်တွင်လည်း ကမန်အမျိုးသားတိုးတက်ရေးပါတီကို တည်ထောင်ပြီး ရခိုင်ပြည်နယ်အနှံ့အပြားတွင် ကိုယ်စားလှယ်လောင်း (၆) နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၅–ခုနှစ်တွင်လည်း ကျွန်တော်တို့ပါတီမှ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ရခိုင်ပြည်နယ် အချို့နေရာများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ ယခု ၂၀၂၀–ခုနှစ်တွင်လည်း ရန်ကုန်တိုင်းတွင် (၃) နေရာနှင့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၌ ကိုယ်စားလှယ်လောင်း (၂) နေရာ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းထားပြီးဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား...**

ကျွန်တော်တို့ပါတီဟာ မိမိတို့လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံဖွဲ့စည်းထားပေမယ့် ပါတီဝင်အဖြစ် လျှောက်ထားရာတွင် နိုင်ငံသူ/နိုင်ငံသား မည်သူ့ကိုမဆို ဝင်ရောက်ခွင့်ပြုထားပါတယ်။ နိုင်ငံတော်ကသတ်မှတ်ထားသည့် ဥပဒေနှင့်ညီညွတ်သူ မည်သူမဆို လျှောက်ထားနိုင်ပါတယ်။ ဒါပေမယ့် ပါတီဝင်တိုင်းကတော့ ကမန်လူမျိုးဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်တော့ မရှိပါဘူး။ ယခု ၂၀၂၀–ပြည့် ရွေးကောက်ပွဲမှာ နိုင်ငံတော်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်မယ့် အစိုးရသစ်နဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို တည့်မတ်ထိန်းကျောင်းပေးနိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ထွက်လာရေး ရည်ရွယ်လျက် သမာသမတ်ကျကာ ကိုယ်ကျိုးမဖက်ဘဲ အဂတိတရားကင်းရှင်းပြီး မှန်ကန်ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေးနဲ့ ပြည်သူတွေလိုလားချက်ကို အကောင်အထည်ဖော်နိုင်တဲ့ အစိုးရတစ်ရပ်ဖြစ်ရန် အရေးကြီးပါတယ်။ ပြည်သူတွေရဲ့လိုလားချက်တွေကို အကောင်းဆုံးအကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရကို တိုက်တွန်းတင်ပြနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ထွန်းလာရေးမှာ ပြည်သူများကသာ ရွေးချယ်ပေးမယ့် မဲတစ်ပြားအပေါ် အဓိကမူတည်လျက် ရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့အကျိုးကို အမှန်တကယ် ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မယ့် အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို သေချာစဉ်းစားဆင်ခြင်ပြီး မဲပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အကျိုးကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်မပေးနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်မိခဲ့ရင် နိုင်ငံသူ နိုင်ငံသားများရဲ့ အခက်အခဲများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ အသေအချာပါပဲ။

ကျွန်တော်တို့ပါတီက အမည်စာရင်း တင်သွင်းထားတဲ့ ကိုယ်စားလှယ်တွေကတော့ ရပ်ရွာအကျိုး၊ နိုင်ငံအကျိုးအတွက် စိတ်ကောင်းစေတနာမှန်နဲ့ မိမိတတ်နိုင်သည့်ဘက်မှ ဥပဒေနဲ့အညီ အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တကယ်မလုပ်နိုင်တဲ့ကိစ္စကို ကတိလွယ်လွယ်ပေးပြီး ပြည်သူများဆီမှမဲကို လိမ်လည်ရယူသူများ မဖြစ်စေရပါဘူး။

ကျွန်တော်တို့ဟာ ကမန်တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ ဒါပေမယ့် မိမိလူမျိုးအတွက်သာ အမြင်ကျဉ်းကျဉ်းနဲ့ ဦးစားပေးဆောင်ရွက်ပေးသွားမည့် သူများမဟုတ်ဘဲ မိမိဒေသ၊ ရပ်ကွက်ကျေးရွာများနဲ့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူများ၏ အခက်အခဲ၊ အကျပ်အတည်းများကို ဥပဒေနဲ့အညီ ကူညီဆောင်ရွက်ပေးနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ဒို့အပြင် ကျွန်တော်တို့ဟာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရင် ကျွန်တော်တို့ကိုယုံကြည်စွာ ဆန္ဒမဲပေးခဲ့တဲ့ ဒေသ၊ မြို့ရွာများမှ ပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေးတန်းတူရရှိရေးနှင့် နိုင်ငံသားတွေရဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ဖြေရှင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အဆိုပါ ကိစ္စရပ်များအတွက် နိုင်ငံတော်အစိုးရကို တင်ပြနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်ဖြစ်မှသာ ကူညီဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။ ဒို့အပြင် ၂၀၀၈–ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအောင်မြင်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တိုက်တွန်းတင်ပြပေးမှာဖြစ်တဲ့အတွက် ပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့၊ စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံသော နိုင်ငံတော်တည်ဆောက်ရေးကိုလည်း ကိုယ်စားလှယ်တစ်ဦးရဲ့ လုပ်ပိုင်ခွင့်ထဲက ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည့်အခါ လူနည်းစုနိုင်ငံသားများရဲ့ အခက်အခဲ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အပြင် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ထောင်ရေးအတွက်လည်း အားသွန်ခွန်စိုက် တိုက်တွန်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ဖွဲ့စည်းပုံမှာ ဖော်ပြထားသည့်အတိုင်း ဒီမိုကရေစီဘောင်အတွင်းက ဥပဒေနဲ့အညီ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားလူတန်းစားများနှင့်အဖိနှိပ်ခံ ပြည်သူများရဲ့ အခွင့်အရေးများကို အပြည့်အဝရရှိအောင် အစွမ်းကုန် ဆောင်ရွက်သွားပြီး လူမျိုးရေး၊ ဘာသာရေး၊ လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်သွားပါမယ်။ အဲဒါကြောင့် မဲဆန္ဒရှင် နိုင်ငံသူနိုင်ငံသားများအနေနဲ့ အသည်းကြားက မဲတစ်ပြားကို မဲပေးတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အကျင့်စာရိတ္တ ကောင်း မကောင်း၊ စိတ်ကောင်းစေတနာမှန် ရှိ၊ မရှိ၊ သမာသမတ် ရှိ၊ မရှိ တို့ကို လေ့လာဆုံးဖြတ်ပြီး မဲပေးကြဖို့အတွက် အရွေးမမှားစေရန် စေတနာကောင်းနဲ့ သတိပေးပြောကြားလိုပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေကတော့ ကိုယ်လုပ်မပေးနိုင်တာကို ပုံကြီးချဲ့ပြီး ချမပြလိုပါဘူး။ ကိုယ်ကြိုးစားပြီး ဆောင်ရွက်နိုင်မယ့်ကိစ္စတွေကိုသာ ပြည်သူအကျိုးအတွက် ဥပဒေနဲ့မဆန့်ကျင်ဘဲ ဆောင်ရွက်ပေးသွားပါမယ်လို့ တင်ပြလိုပါတယ်။

**မဲဆန္ဒရှင် နိုင်ငံသူ နိုင်ငံသားများခင်ဗျား...**

ကျွန်တော်တို့ပါတီရဲ့ မူဝါဒကိုလည်း အခုလိုဖော်ပြပေးထားပါတယ်။

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် လောကပါလတရားများကို အခြေခံပြီး လူ့အခွင့်အရေးများကို လေးစားလိုက်နာသော ပြည်ထောင်စုဖွား ပြည်သူပြည်သားများ၊ ပါတီများနှင့် လက်တွဲပြီး အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ဖက်ဒရယ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေဖို့ အစွမ်းကုန်ကြိုးပမ်းသွားရေး။

(၂) အကြမ်းဖက်ဝါဒနဲ့ အခြားအစွန်းရောက် ဘယ်ဝါဒမျိုးကိုမဆို ဆန့်ကျင်သွားရေး။



(၃) ကမ္ဘာ့နိုင်ငံများအပါအဝင် အိမ်နီးချင်း နိုင်ငံများနဲ့ ဖြောင့်မတ်ပြီး ဘက်မလိုက်မူဝါဒကို အခြေခံတဲ့ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးတွင် ပါဝင်ကူညီရေး။

(၄) နိုင်ငံတစ်ဝန်းလုံးမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး။

(၅) မြန်မာလူ့အဖွဲ့အစည်းကို အကျိုးမပြုသော အတွေးအခေါ်၊ အယူအဆများ ပပျောက်ချုပ်ငြိမ်းသွားအောင် ပညာပေးစည်းရုံးရေးတို့ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်အတွင်းကို ဝင်ရောက်ရေးအတွက် မကြာမီ ပြည်သူများက မဲပေးခွင့်ရတော့မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်တစ်ရပ်မှာ မိမိတို့ရွေးချယ်လိုတဲ့ခေါင်းဆောင်ကို မဲပေးခွင့်ရရှိနေခြင်းဟာလည်း ဒီမိုကရေစီရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တာမို့လို့ မဲပေးမမှားဖို့၊ လူရွေးမမှားဖို့၊ ပါတီအရွေးမမှားဖို့ အလွန်အရေးကြီးပါတယ်။ ပြည်သူများအနေဖြင့် နိုင်ငံရေးဘက်ကို နည်းနည်းလေးဖြစ်ဖြစ်အချိန်ပေးပြီး လေ့လာစဉ်းစားကြည့်စေချင်ပါတယ်။ ကိုယ်ပေးရမယ့် မဲပြားကို လေးလေးနက်နက် တန်ဖိုးထားစေချင်ပါတယ်။ တတ်နိုင်သလောက်အချိန်ပေးပြီး စဉ်းစားဆုံးဖြတ်စေချင်ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရာမှာ ကိုယ်ရွေးချယ်ခဲ့တဲ့ကိုယ်စားလှယ်ဟာ အရည်အချင်း ကောင်း မကောင်း၊ အများပြည်သူများရဲ့အကျိုးကို ဆောင်ရွက်နိုင်စွမ်းရှိသူ ဟုတ် မဟုတ် ခွဲခြားသိနိုင်ရန် ပြည်သူတွေအနေနဲ့ စဉ်းစားဖို့လိုအပ်ပါတယ်။

ဒါကြောင့် မိမိတို့ရဲ့ မဲပေးရွေးချယ်ရန် တာဝန်ကို အလေးထားမဆောင်ရွက်ခဲ့တဲ့အတွက်ပဲဖြစ်ဖြစ်၊ မဲပေးမှားခဲ့တာကြောင့်ပဲဖြစ်ဖြစ်၊ နိုင်ငံတော်အတွက်၊ အများပြည်သူအတွက် လူကောင်းသူကောင်းတွေ၊ လွှတ်တော်အဆင့်ဆင့်ထဲကို ရောက်လာခဲ့လို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေ တိုးတက်လာနိုင်မလား၊ ဘယ်လိုဖြစ်သွားမလဲဆိုတာကို သေချာစဉ်းစား ဆုံးဖြတ်ကြစေလိုပါတယ်။ တိုင်းပြည်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးရမည့်သူများမှာ မဲဆန္ဒရှင် နိုင်ငံသူ/နိုင်ငံသားများသာ ဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား . . .

ကျွန်တော်တို့ ကမန်အမျိုးသား တိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အပြည့်အဝ မဲပေးခဲ့မယ်ဆိုလျှင် ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်လာကြမှာပါ။ အဲဒီအခါမှာ ကျွန်တော်တို့ကိုမဲပေးခဲ့တဲ့ ဒေသခံပြည်သူများရဲ့အကျိုး၊ ရပ်ကွက်ကျေးရွာ၊ နိုင်ငံသူ / နိုင်ငံသားများရဲ့အကျိုးကို အပြောမဟုတ်ဘဲ အလုပ်နဲ့သက်သေပြသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ လူမျိုးစုတိုင်းရင်းသားပါတီ ဖြစ်တာကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်၊ မဲဆန္ဒနယ် (၁) တွင် တစ်ဦး၊ တာမွေမြို့နယ်တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် (၂) တွင် တစ်ဦး၊ မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် (၁) တွင် တစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် တစ်ဦးနှင့် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် (၁)တွင် တစ်ဦး စုစုပေါင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီရဲ့ တံဆိပ်ကတော့ ယခုပြသထားတဲ့ပုံ ဖြစ်ပါတယ်။

နိုင်ငံသူ နိုင်ငံသားများခင်ဗျား ပြည်သူများရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မယ့် ကျွန်တော်တို့ရဲ့ကိုယ်စားလှယ်များကို ရွေးချယ်မဲပေးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**နိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းကြပါစေ...။**

## ကိုဗစ်- ၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား လှိုင်းဘွဲ့၌ ဒုတိယအကြိမ် ထောက်ပံ့ငွေများပေးအပ်

လှိုင်းဘွဲ့ စက်တင်ဘာ ၁၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်(CERP) အရ မိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် မျိုးစေ့ထုတ် တောင်သူလယ်သမားများအား ဒုတိယအကြိမ် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်သည်။



အဆိုပါ မျိုးစပါး မျိုးစေ့ထုတ် တောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၆၅၀၀၀ နှုန်းဖြင့် ဆင်းသုခ စိုက်ပျိုးတောင်သူ ၁၈၂ ဦး၊ ပေါ်ဆန်းစိုက်တောင်သူ ၂၂ ဦးနှင့် မိုးစပါးစိုက်ဧက ၂၁၄ ဧကအတွက် မျိုးစေ့ထုတ် တောင်သူ ၈၅ ဦးတို့အား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်တွင် မိုးစပါး စိုက်ဧက ၁၂၄၆၄၃ ဧကရှိပြီး မျိုးသန့်မျိုးစေ့စိုက်ပျိုးမည့် သမ္မာန်၊ ထီလုံ၊ ဒိုင်းပြ၊ သာယာကုန်း၊ ဥဒေါင်း၊ တဝန်ဖန်ရ၊ ကမော့ကချူး၊ ဝင်းစိန်၊ နောင်သင့် စသည့် ကျေးရွာ ၂၀ တွင် မျိုးကောင်းမျိုးသန့် ၂၁၄ ဧကကို စိုက်ပျိုးထားကြောင်း မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာတွင် မီးလောင်မှုကြောင့် ထောက်ပံ့ပစ္စည်းများပေးအပ်

ဟားခါး စက်တင်ဘာ ၁၅

ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာတွင် စက်တင်ဘာ ၁၁ ရက်က အိမ်ရှင်ဦးလျန်ဟရမ်၏ နေအိမ် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး ထိခိုက်နစ်နာသည့် အိမ်ထောင်စု သုံးစုအား စက်တင်ဘာ ၁၄ ရက်က ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရာလ်ခမ်းနှင့် တပ်ဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများတွင် မိသားစုအသုံးအဆောင်ပစ္စည်းများ စုစုပေါင်းထောက်ပံ့ပစ္စည်း အမျိုးအစား ၁၃ မျိုးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း ထောက်ပံ့ပစ္စည်းအမျိုးအစား ၂၀ ကို ထိခိုက်နစ်နာသည့် အိမ်ထောင်စုသုံးစုအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့်အခြေအနေများကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ဧကများ ပြည့်မီစွာရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၉ - ၂၀၂၀

ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၀ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၀ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၀၁ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၈ . ၅ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၆ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၃၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၃၃၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၁၁၈၁ | ၁၁၆၉၁၉၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၂၀၄၈ | ၇၅၈၇၇၀၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၂၀၁ | ၁၅၈၈၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅ | ၁၁၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃၀ | ၈၁၀၀၀ |
| EFR | ၃၀၅၀ | ၃၁၀၀ | ၂၁ | ၆၄၃၅၀ |

ခင်ရတနာ - စုစည်းသည်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၃၅)

# အလွဲအမှား တင်ပြပြောဆိုခြင်း



ဦးဟန်ညွန့် (ဥပဒေ)

**မောင်ပျင်းရိ၏မေးခွန်း**

အလုပ်သင်ရှေ့နေမောင်ပျင်းရိက "ပဋိညာဉ်အက်ဥပဒေမှာ လွဲမှားပြီးပြောတာနဲ့ ပတ်သက်လို့ ပြဋ္ဌာန်းချက်ရှိပါသလား။ ဆက်ပြီးရှင်းပြပါဦး" ဟု မေးမြန်းလာပြန်ပါသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**အလွဲအမှားတင်ပြပြောဆိုခြင်း**

အလွဲအမှား တင်ပြပြောဆိုခြင်းကို အင်္ဂလိပ်ဘာသာအားဖြင့် MISREPRESENTATION ဟုဆိုသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းသည်–

အလွဲအမှားတင်ပြပြောဆိုခြင်းဆိုသည်တွင် အောက်ပါတို့ပါဝင်သည်–

(၁) မဟုတ်မမှန်သော အကြောင်းတစ်စုံတစ်ရာကို သိရှိရသော သတင်းအရ ဟုတ်မှန်ကြောင်း၊ ယုံကြည်ရန်လုံလောက်သည့်အကြောင်း မရှိဘဲ ဟုတ်မှန်သည်ဟု ယုံကြည်မိသဖြင့် ဧကန်ဟုတ်မှန်ကြောင်း အခိုင်အမာပြောဆိုခြင်း။

(၂) မိမိတွင် လိမ်လည်ရန် ရည်ရွယ်ချက်မရှိဘဲ အခြားပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) ထိုပုဂ္ဂိုလ်အားအမှီပြု၍ တောင်းဆိုပိုင်ခွင့်ရှိသူ တစ်ဦးဦးကို ထိခိုက်နစ်နာစေပြီး မိမိအတွက် (သို့မဟုတ်) မိမိအား အမှီပြု၍ တောင်းဆိုပိုင်ခွင့်ရှိသူ တစ်ဦးဦးအတွက် အကျိုးအမြတ်ရရှိစေရန်၊ ထိုအခြားပုဂ္ဂိုလ်အား လမ်းလွဲကို ညွှန်ပြခြင်းဖြင့် မိမိစောင့်ထိန်းရမည်ဖြစ်သော တာဝန်ဝတ္တရားတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(၃) မည်သို့ပင် ရိုးသားဖြောင့်မတ်စွာ ပြုလုပ်စေကာမူ သဘောတူညီချက်တစ်ရပ်တွင် ပါဝင်သူပုဂ္ဂိုလ်တစ်ဦးအား အဆိုပါ သဘောတူညီချက်တွင် ပါဝင်သည့် အဓိကအကြောင်းခြင်းရာ၏ ဆိုလိုရင်းအဓိပ္ပာယ်နှင့်စပ်လျဉ်း၍ မှားယွင်းစေရန်ပြုလုပ်ခြင်း။

**"လိမ်လည်လှည့်ဖြားခြင်းနှင့် အလွဲပြောဆိုခြင်းတို့၏ အဓိကခြားနားချက်သည် လှည့်လည်လှည့်ဖြားသူက မိမိကိုယ်တိုင် မယုံကြည်သည့်ကိစ္စကို သူတစ်ပါးအား ယုံကြည်ရန်ပြောဆိုခြင်း ဖြစ်သည်။ အလွဲပြောသူသည် မိမိပြောဆိုသောအရာ၏ မမှန်ခြင်းကို မိမိကိုယ်တိုင်က မသိသည့်အပြင် တစ်ဖက်သားကိုလည်း မှန်ကန်သည်ဟု ယုံကြည်သွားအောင် ပြောဆိုမိခြင်းဖြစ်သည်။ သို့သော် ဤသို့ပြောသည့် သူတို့နှစ်ဦးစလုံးသည် မမှန်သော အကြောင်းအရာကို မှန်သည်ဟု ပြောသည့်လူများသာ ဖြစ်ကြသည်။ ထိုအကြောင်းကို စီရင်ထုံးများတွင် လေ့လာဖတ်ရှုနိုင်မည်ဖြစ်"**

**တူသလိုလိုနှင့်မတူ**

တူသလိုလိုနှင့် မတူသော လိမ်လည် လှည့်ဖြားခြင်းနှင့် အလွဲပြောဆိုခြင်း အကြောင်းကို မောင်ပျင်းရိတို့အဖွဲ့ ဆက်လက်လေ့လာစေလိုပါသည်။ ဥပဒေပညာသည် စဉ်းစားတွေးခေါ်ရသော ပညာဖြစ်သည့်အတွက် ဉာဏ်ကူပြီး စဉ်းစားပါ၊ သုံးသပ်ပါ။ သို့မှသာ အတွေးအခေါ် ထက်မြက်လာပါလိမ့်မည်။

**လိမ်လည်လှည့်ဖြားခြင်းနှင့် အလွဲပြောဆိုခြင်း**

လိမ်လည်လှည့်ဖြားခြင်းနှင့် အလွဲပြောဆိုခြင်းတို့၏ အဓိကခြားနားချက်သည် လှည့်လည် လှည့်ဖြားသူက မိမိကိုယ်တိုင် မယုံကြည်သည့်ကိစ္စကို သူတစ်ပါးအား ယုံကြည်ရန်ပြောဆိုခြင်းဖြစ်သည်။ အလွဲပြောသူသည် မိမိပြောဆိုသောအရာ၏ မမှန်ခြင်းကို မိမိကိုယ်တိုင်က မသိသည့်အပြင် တစ်ဖက်သားကိုလည်း မှန်ကန်သည်ဟု ယုံကြည်သွားအောင် ပြောဆိုမိခြင်းဖြစ်သည်။ သို့သော် ဤသို့ပြောသည့် သူတို့နှစ်ဦးစလုံးသည် မမှန်သောအကြောင်းအရာကို မှန်သည်ဟု ပြောသည့်လူများသာ ဖြစ်ကြသည်။ ထိုအကြောင်းကို စီရင်ထုံးများတွင် လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍မှားယွင်းခြင်း**

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းသည်–

သဘောတူညီချက်တစ်ရပ်တွင် ပါဝင်သည့် နှစ်ဖက်ပုဂ္ဂိုလ်တို့က ထိုသဘောတူညီချက်၏ အဓိကဖြစ်သော အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ နှစ်ဖက်လုံးက မှားယွင်းယူဆခဲ့ကြလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်၏။

**ရှင်းလင်းချက်**

သဘောတူညီချက်၏ အခင်းဖြစ်အကြောင်းအရာဖြစ်သော ပစ္စည်းတန်ဖိုးနှင့်ပတ်သက်၍ မှားယွင်းသောထင်မြင်ယူဆချက်သည် အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ မှားယွင်းခြင်းဟု မမှတ်ယူရ။

**မှားယွင်းခြင်း**

မှားယွင်းခြင်းဟုဆိုရာတွင် အကြောင်းခြင်းရာမှားယွင်းခြင်း (mistake of fact)နှင့် တရားဥပဒေအရ မှားယွင်းခြင်း( Mistake of Law ) ဟူ၍ နှစ်မျိုးနှစ်စား လေ့လာတွေ့ရှိရပါသည်။

**နှစ်ဦးစလုံးက အခြေခံအကြောင်းခြင်းရာမှားယွင်းခြင်း(Common Mistake)**

သဘောတူညီချက်တွင် ပါဝင်သူနှစ်ယောက်လုံးသည် သဘောတူညီချက်နှင့် ပတ်သက်၍ အဓိကအကြောင်းခြင်းရာကို အယူအဆလွဲနေခဲ့သည်ဆိုလျှင် သဘောတူညီချက်သည် ပျက်ပြယ်သည်။

**ဥပမာ**

မန္တလေးက ရန်ကုန်သို့လာသော သင်္ဘောနှင့် တင်ဆောင်လာသော ကုန်စည်တစ်ရပ်ကို ဦးဖြူက ဦးမဲကို ရောင်းမည်ဟု သဘောတူထားကြသည်။ သို့သော် သူတို့နှစ်ယောက်သည် ပဋိညာဉ် မပြုကြခင်ကတည်းက သင်္ဘောမြုပ်ပြီး ကုန်စည်များ ဆုံးရှုံးသွားပြီးဖြစ်ကြောင်းကို မသိကြပါ။ ထို့ကြောင့် အဆိုပါ ပဋိညာဉ်သည် ပျက်ပြယ်ပါသည်။

(ပဋိညာဉ်ဥပဒေပုဒ်မ ၂၀ ကို ရည်ညွှန်းပါသည်။ )

**နှစ်ဦးနှစ်ဖက်အလွဲယူဆခြင်း(Mutual Mistake)**

**ဥပမာ**

စားပွဲရောင်းသူနှင့် စားပွဲဝယ်သူတို့သည် ပဋိညာဉ်လုပ်လိုက်ကြတာမှန်သော်လည်း တစ်ဖက်သည် စားပွဲအဝိုင်းများကို ရောင်းရမည်ဟု မှတ်ယူထားပြီး နောက်တစ်ဖက်သည် လေးထောင့်ပုံစားပွဲ ကြိုဝယ်ထားသည်ဟု မှတ်ယူထား၍ နှစ်ဦးနှစ်ဖက် ယူဆကြတာလွဲနေသည့်အတွက် ဤသို့ ပဋိညာဉ်မျိုးသည် ပျက်ပြယ်နေသည့် ပဋိညာဉ်ဖြစ်သည်။

**ဥပဒေနှင့်စပ်လျဉ်း၍မှားယွင်းခြင်း**

ပုဒ်မ ၂၁။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ခုခုကို အယူအဆလွဲမှားခြင်းကြောင့်ပြုလုပ်သော ပဋိညာဉ်တစ်ရပ်အား ပျက်ပြယ်ခွင့်မရချေ။ သို့ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အာဏာမတည်သော ဥပဒေတစ်ရပ်ကို အယူအဆလွဲမှားခြင်းသည် အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ မှားယွင်းခြင်းကဲ့သို့ ပဋိညာဉ်တစ်ရပ်ကို ပျက်ပြယ်စေသည်။

**ဥပမာ**

A နှင့် B တို့သည် ကြွေးမြီတစ်ရပ်တွင် ကာလစည်းကမ်းသတ်အက်ဥပဒေအရ သတ်မှတ်ထားသော အချိန်ကာလကုန်ဆုံးသွားပြီဟု မှားယွင်းယုံကြည်လျက် ပဋိညာဉ်တစ်ရပ်ကို ပြုလုပ်ကြသည်။ ဤကိစ္စတွင် ပဋိညာဉ်ကို ပျက်ပြယ်ခွင့် ရသည်မဟုတ်။

**မှတ်ချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အတည်ဖြစ်နေသော တရားဥပဒေကို မှားယွင်းပြီး ပြုလုပ်သော ပဋိညာဉ်တစ်ရပ်သည် ပျက်ပြယ်စေနိုင်သော ပဋိညာဉ်မဟုတ်။ သို့သော် နိုင်ငံခြားဥပဒေကို မှားယွင်းခြင်းသည် အကြောင်းခြင်းရာကို မှားယွင်းခြင်းသဘော သက်ရောက်သဖြင့် သဘောတူညီသူ ပုဂ္ဂိုလ်နှစ်ဦးစလုံးက မှားယွင်းလျှင် ထိုပဋိညာဉ်ကို ပျက်ပြယ်စေနိုင်သည်။ ဥပဒေကို သိလျက်နှင့် အလွဲအမှားတင်ပြပြောဆိုခြင်းဖြင့် ပဋိညာဉ်တစ်ရပ်ကို ပြုလုပ်စေလျှင် ၎င်းကို ပျက်ပြယ်စေနိုင်သည်။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို မှားယွင်းပြီးပြုလုပ်သော ပဋိညာဉ်ကို ပျက်ပြယ်စေနိုင်သည်။

**အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ မှားယွင်းခြင်း**

ပဋိညာဉ်တွင် ပါဝင်သူတစ်ဦးထဲက အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ မှားယွင်းခြင်းအကြောင်းကို ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၂ တွင် ပြဋ္ဌာန်းထားပါသည်။ ဆိုလိုရင်းမှာ ပဋိညာဉ်ပြုသူ ပုဂ္ဂိုလ်နှစ်ဦးစလုံးက မှားယွင်းမှသာလျှင် ပဋိညာဉ်သည် ပျက်ပြယ်သည် သို့မဟုတ် ပျက်ပြယ်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။ အကျယ်ကို မောင်ပျင်းရိတို့ ဆက်လက်လေ့လာကြပါ။

**စေတနာ**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိမေးမြန်းသည့် အလွဲအမှား တင်ပြပြောဆိုခြင်း MISREPRESENTATION အကြောင်း ဥပဒေပြဋ္ဌာန်းချက်အပေါ် တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ-- ။ ။

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ကေတီပယ်ရီ၏ သမီးလေးအတွက် တေလာဆွစ်က လက်ဆောင်ပေးပို့

အဆိုတော် တေလာဆွစ်နဲ့ အဆိုတော်ကေတီပယ်ရီတို့ဟာ အရင်တုန်းက တစ်ဦးနဲ့ တစ်ဦးအမုန်းပွားပြီး ရန်စတွေရှိခဲ့ကြပါတယ်။

မကြာသေးမီအချိန်ကမှ သူတို့နှစ်ဦးရဲ့ ရန်စတွေ ပြေပျောက်ပြီး အခုအခါမှာတော့ တေလာဆွစ်ဟာ ကေတီပယ်ရီရဲ့ သမီးလေးအတွက် လက်ဆောင်ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ တေလာဆွစ်ပေးပို့ခဲ့တဲ့ လက်ဆောင်ကတော့ ပန်းထိုးထားတဲ့ ပိုးသား ကလေးအနှီးဖြစ်ပြီး ကေတီပယ်ရီက အဲဒီလက်ဆောင်ကို ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်မီဒီယာမှာ မျှဝေခဲ့ပါတယ်။

ဒီဓာတ်ပုံကိုမြင်ရတဲ့ ပရိသတ်တွေလည်း ကျေနပ်ရပြီး ပေါ့အဆိုတော်နှစ်ဦးကြားက ရန်စတွေ လုံးဝချုပ်ငြိမ်းသွားပြီဆိုတာကို ပြသလျက်ရှိပါတယ်။ ပေါ့အဆိုတော် ကေတီပယ်ရီနဲ့ ဟောလိဝုဒ်ရုပ်ရှင်မင်းသား အော်လန်ဒိုဘလွန်းတို့ဟာ ဩဂုတ်လအကုန်မှာ သမီးလေးပိုင်ဆိုင်ခဲ့ကြပါတယ်။

တေလာဆွစ်ဟာ သူ့ရဲ့လက်ဆောင်ကို ကေတီပယ်ရီ သမီးမမွေးခင်မေလကတည်းက ပြင်ဆင်ထားခဲ့တာလို့လည်း သိရပါတယ်။ တေလာဆွစ်နဲ့ ကေတီပယ်ရီတို့ဟာ နောက်ခံအကသမားတွေနဲ့ ပတ်သက်ပြီး အငြင်းပွားပြီး ရန်စတွေ ဖြစ်ခဲ့ရတာလည်း ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်တုန်းကလည်း ကေတီပယ်ရီဟာ တေလာဆွစ်ဆီကို ငြိမ်းချမ်းရေးသင်္ကေတဖြစ်တဲ့ သံလွင်ခက်တွေ ပေးပို့ခဲ့ဖူးပါတယ်။ အခုတစ်ခါမှာလည်း တေလာဆွစ်ပေးတဲ့ လက်ဆောင်ကို အင်စတာဂရမ်ပေါ် တင်လိုက်တဲ့အခါ လေးနာရီအတွင်းမှာ Like ပေးသူ သန်းတစ်ဝက်နီးပါးရှိတယ်လို့ သိရပါတယ်။ **စကိုင်းနယူးစ်**



အဆိုတော်ကေတီပယ်ရီနှင့် အဆိုတော် တေလာဆွစ်

### ဂျက်စတင်ဘီဘာနှင့် ဟေလီတို့ မင်္ဂလာသက်တမ်း နှစ်နှစ်ပြည့်အထိမ်းအမှတ် ကျင်းပ

အဆိုတော် ဂျက်စတင်ဘီဘာနဲ့ ဟေလီ ဘီဘာတို့စုံတွဲဟာ လက်ထပ်ခဲ့ကြတာ အခုဆိုရင် နှစ်နှစ်ပြည့်သွားပြီ ဖြစ်ပါတယ်။ မင်္ဂလာသက်တမ်း နှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နှစ်ဦးထဲ ပျော်ပွဲစားထွက်ခဲ့ကြတယ်လို့ ဟေလီရဲ့ အင်စတာဂရမ် အကောင့်မှာ စက်တင်ဘာ ၁၃ ရက်က ဖော်ပြထားပါတယ်။

ဂျက်စတင်ဘီဘာဟာလည်း အဲဒီအကြောင်းကို သူ့ရဲ့အင်စတာဂရမ်မှာ ပြန်လည်မျှဝေခဲ့ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ဟေလီတို့ဟာ ၂၀၁၈ ခုနှစ် ဇွန်လအတွင်းမှာ စေ့စပ်ခဲ့ကြပြီးနောက် နှစ်လအကြာ စက်တင်ဘာလအတွင်းမှာတော့ နယူးယောက်မြို့မှာ လျှို့ဝှက်စွာပဲ တရားဝင် လက်ထပ်ခဲ့ကြပါတယ်။

အဲဒီနောက် တစ်နှစ်အကြာမှာ တောင်ကာရိုလိုင်းနားမှာ မိသားစုမိတ်ဆွေတွေနဲ့အတူ ရိုးရာအစဉ်အလာအတိုင်း လက်ထပ်ပွဲအခမ်းအနားနဲ့ ပါတီပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲကို ခိုင်လီဂျန်နာ၊ ဂျေဒင်စမစ်၊ ဂျက်စတင် စကိုင်ရီ၊ ဂျက်စတင်ဘီဘာရဲ့ မန်နေဂျာတို့ အပါအဝင် အခြားသောနာမည်ကျော်တွေနဲ့ ဧည့်သည်ပေါင်း ၁၀၀ နီးပါးတက်ရောက်ခဲ့ကြပါတယ်။

**ဖောက်ခ်နယူးစ်**




အဆိုတော်ဂျက်စတင်ဘီဘာနှင့် ဇနီးသည် ဟေလီ

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ

*ယမန်နေ့မှ အဆက်*


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

နမူနာ - ၁
ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

နမူနာ - ၂
လုံးဝ ဆန္ဒပြုမထားသော မဲလက်မှတ်


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

နမူနာ - ၃
အစွန်းအထင်းပါသော မဲလက်မှတ်


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

နမူနာ - ၄
အမှတ်အသားပြုထားသော မဲလက်မှတ်


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

နမူနာ - ၅
ကြက်ခြေခတ်၍ ဆန္ဒပြုထားသော မဲလက်မှတ်


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |


မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

နမူနာ - ၆
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

*ဆက်လက်ဖော်ပြပါမည်*

# ကိုရီးယားနိုင်ငံ အာရှနှင့် ပစိဖိတ်ဒေသ ကမ္ဘာ့အမွေအနှစ်မြို့တော်များအဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဆု ရှစ်ဆုရရှိ



**မကွေး စက်တင်ဘာ ၁၅**

ကိုရီးယားနိုင်ငံ အာရှနှင့် ပစိဖိတ်ဒေသ ကမ္ဘာ့အမွေအနှစ်မြို့တော်များ အဖွဲ့အစည်း (The Organization of World Heritage Cities Asia and the Pacific/ Owhc-AP ) က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် ဓာတ်ပုံပြိုင်ပွဲကို ဩဂုတ် ၃၁ ရက်က ကျင်းပရာ မြန်မာနိုင်ငံက ငွေတံဆိပ်ဆု အပါအဝင် ဆုရှစ်ဆုရရှိခဲ့ကြောင်း အဆိုပါ ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ရရှိသူ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)ထံမှ သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို ရန်ကုန်မြို့မှ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)က Bagan, Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း (ဝဲပုံ)၊ ကြေးတံဆိပ်ဆုနှစ်ဆုကို ဦးထွန်းဝေက Pyay, Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဌေးလွင် (အမရပူရ)က Bagan, Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း ရရှိခဲ့ကြပြီး အထူးဆုများအဖြစ် စိုင်းသူမြင့်၊ ကျော်သူရ၊ အောင်ကျော်ဇော၊ ကျော်နိုင်လင်းနှင့် နေလင်းအောင်တို့က ရရှိကြကြောင်း သိရသည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် သုံးပုံနှုန်း တင်ခွင့်ရပြီး အီးမေးလ်မှတစ်ဆင့် ပေးပို့ယှဉ်ပြိုင်ကာ ဆုကြေးငွေများအဖြစ် ရွှေတံဆိပ်ဆု အမေရိကန်ဒေါ်လာ ၂၀၀၀၊ ငွေတံဆိပ်ဆု အမေရိကန်ဒေါ်လာ ၁၅၀၀၊ ကြေးတံဆိပ်ဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ ထူးချွန်ဆု အမေရိကန်ဒေါ်လာ ၅၀၀ နှင့် အထူးဆုများကို အမေရိကန်ဒေါ်လာ ၁၀၀ စီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဩဂုတ်လ ၁၆ ရက် နောက်ဆုံးထား ပေးပို့ရပြီး ဆုရရှိသူများစာရင်းကို ဩဂုတ် ၃၁ရက်က (http;// owch-ap.co.Kr) Website တွင် ကြေညာပေးထားကြောင်းနှင့် ဆုရရှိသူများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

## ညောင်ဦးမြို့နယ်၌ မြေအောက်ရေအသုံးပြု၍ ဖီးကြမ်းငှက်ပျော စိုက်ပျိုးမှုများလာ

**ညောင်ဦး စက်တင်ဘာ ၁၅**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်း မြေအောက်ရေတူးဖော်ကာ မြေအောက်ရေသွင်း၍ ဖီးကြမ်းငှက်ပျောစိုက်ပျိုး သည့် တောင်သူများ များပြားလာကြောင်း သိရသည်။

ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက်သည့် တောင်သူများသည် ငှက်ပျောများကို တပေါင်းလ၊ တန်ခူးလတို့တွင် စတင်စိုက်ပျိုးကြကြောင်း၊ လက်ပံခြေပေါ်အုပ်စု ကျေးရွာများသည် ငှက်ပျောစိုက်ပျိုးကြရာတွင် ဖီးကြမ်းငှက်ပျောတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြပြီး ငှက်ပျောပေါ်ချိန်တွင်လည်း ဖီးကြမ်းငှက်ပျောသည် ရောင်းအား အကောင်းဆုံးနှင့် ဈေးနှုန်းလည်း အရဆုံးဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးက ပြောသည်။

ဖီးကြမ်းငှက်ပျော စိုက်ပျိုးရာတွင် တစ်ပင် တစ်ကျင်း စိုက်ပျိုးခြင်း၊ တစ်ကျင်းနှစ်ပင်စိုက်ပျိုးခြင်း၊ ကွက်စိတ်ချ စိုက်ပျိုးခြင်း စသည့် နည်းအမျိုးမျိုးဖြင့် စိုက်ပျိုးကြပြီး တစ်ပင်တစ်ကျင်း စိုက်ပျိုးသူများက ငှက်ပျောသားတက် မထားကြဘဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ပျိုးကြကြောင်း၊ တစ်ကျင်းနှစ်ပင်စိုက် တောင်သူများမှာမူ ငှက်ပျောသားတက် တစ်ပင်တစ်တက်ထားပြီး စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောပင် စတင်စိုက်အပြီး ၁၀ လ၊ ၁၁ လခန့် တွင် စတင် အသီးသီးကြောင်းနှင့် ထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောများကို ညောင်ဦး၊ ပခုက္ကူ၊ ကျောက် ပန်းတောင်းမြို့နယ်များမှ ပွဲစားများက ငှက်ပျောခြံအထိ လာရောက်ဝယ်ယူကြခြင်းဖြင့် ဈေးကွက်အခိုင်အမာရှိနေ၍ လက်ပံခြေပေါ်အုပ်စုအတွင်းမှ ကျေးရွာများ၌ မြေအောက်ရေအသုံးပြု၍ ဖီးကြမ်းငှက်ပျောစိုက်ပျိုးမှု များလာခြင်းဖြစ်ကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)


လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့


## ပုဏ္ဏားကျွန်းမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာငါးလုံးတည်ဆောက်ပေး


**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၅**


လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းက တာဝန်ယူ တည်ဆောက်ခဲ့ကာ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်း (NEP Phase-1) ဖြင့် ဆောင်ရွက်သော ရေပေါက်ချောင်းကျေးရွာနှင့် စေတီရင်းကျေးရွာနှစ်ရွာတွင် ဓာတ်အားပို့လွှတ်ပေးခြင်း အပါအဝင် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ၂၀၁၉- ၂၀၂၀ ပြည့်နှစ်ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ပုဏ္ဏားကျွန်းမြို့ပေါ် ရပ်ကွက်များ လျှပ်စစ်မီး အပြည့်အဝရရှိစေရန် ၂၀၀ ကေဗွီအေ ထရန်စဖော်မာငါးလုံး တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးယခုအခါ ဓာတ်အားလုံလောက်စွာ ပို့လွှတ်ပေးထားပြီးဖြစ်သည်။

ထို့အပြင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်သော အလယ်ချောင်းငယ်ကျေးရွာအား ၂၄နာရီ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးပြီးဖြစ်ကြောင်း ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူထံမှ သိရှိရကာ မြို့နယ်လျှပ်စစ်မှူးနှင့် တာဝန်ရှိသူတို့က ပြည်သူများထံသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ဟောပြောရှင်းလင်းခြင်းနှင့် လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)





# ကိုဗစ်နှင့် လင်းနို့များ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**လင်းနို့တို့သည် ထူးခြားသောပျံသန်းနိုင်သည့် နို့တိုက်သတ္တဝါတစ်မျိုးဖြစ်ရုံမက နေ့ဘက်တွင်ခိုအောင်းနေကာ ညဘက်တွင်မှ ပျံသန်းလှုပ်ရှားကြသဖြင့် nocturnal mammals များဟုလည်း ခေါ်ပါသည်။ ယင်းတို့တွင် အလွန်ထူးခြားသည့် သဘာဝများရှိရာ သိပ်သည်းစွာအုပ်ဖွဲ့နေတတ်ကြခြင်း၊ မှောင်မိုက်သောလိုဏ်ဂူများ၊ သစ်ခေါင်းများ၊ အဆောက်အအုံများ စသည်တို့တွင် နေထိုင်တတ်ကြခြင်းတို့က ဗိုင်းရပ်စ်ကဲ့သို့သော ရောဂါပိုးတို့ ခိုအောင်းနိုင်စရာနေရာတစ်ခုကဲ့သို့ ဖြစ်နေခြင်းဖြစ်သည်။ ထို့ကြောင့် လင်းနို့များကို ဗိုင်းရပ်စ်ပိုးချစ်သူများဟုလည်း သိပ္ပံပညာရှင် အချို့က ဆိုကြပါသည်။ သူတို့သည် သူတို့ပတ်ဝန်းကျင်ရှိ သစ်သီးသစ်စေ့များမှတစ်ဆင့် မျိုးပြန့်ပွားစေခြင်း၊ ဝတ်မှုန်ကူးခြင်း၊ စိုက်ခင်းများရှိ သီးနှံဖျက်ပိုးများကို ရှင်းလင်းစေ ခြင်း၊ သဘာဝမြေဩဇာထုတ်လုပ်ခြင်းစသည့် ဂေဟစနစ်နှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အကျိုးပြုနေခြင်းများ တွေ့နိုင်ပါသည်။ သို့သော် ယင်းတို့၏ တည်ဆောက်နေထိုင်မှု ပုံစံများကလည်း ရောဂါပိုးများ ခိုနားနိုင်စရာနေရာဖြစ်နေစေပါသည်။**

**လင်းနို့မှ ဗိုင်းရပ်စ်များ ကူးစက်နိုင်**

ခေတ်သစ်ကမ္ဘာအတွက် Emerging Infectious Diseases ခေါ် အသစ်ဖြစ်ပွားလာသည့် ကူးစက်ရောဂါများ၏ အဓိကတရားခံများတွင် လင်းနို့တို့ ထိပ်ဆုံးမှပါဝင်နေကြောင်းလည်း သိရသည်။ လင်းနို့တို့၏ ကိုယ်ခံအားစနစ်က တစ်မူထူးခြားပြီး ကိုရိုနာဗိုင်းရပ်စ်များကဲ့သို့ လူနှင့်အခြားသတ္တဝါများကို အန္တရာယ်ပြုနိုင်သည်။ ဗိုင်းရပ်စ်များကို သူတို့အတွက် မည်သည့်အကျိုးသက်ရောက်မှုမျိုးမှ မဖြစ်အောင် ဖန်တီးထားနိုင်သည်ကို လေ့လာတွေ့ရကြောင်း သိရပါသည်။ Canada Simon Fraser University မှ Evolutionary Biology Professor Bernard Crespi ပါမောက္ခဘားနပ်ခရစ်စ်ပီဆိုသူက လေ့လာခဲ့သည်။ လင်းနို့တို့တွင် ဗိုင်းရပ်စ်ပိုးတို့နှင့် ယှဉ်ပါးနေအောင် သူတို့ ၏ ကိုယ်ခံအားစနစ်က ဖန်တီးပေးထားသည်။ ပါမောက္ခကြီးက ယင်းကို Bat Immunology လင်းနို့ကိုယ်ခံအားစနစ်ဗေဒဟုပင် ဆိုလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ်တို့သည် လင်းနို့တို့ထံ ခိုအောင်းနေခဲ့ကြသည်မှာ နှစ်ပေါင်းထောင်သောင်းမက သန်းဂဏန်းမျှပင် ရှိနိုင်သည်ဟုဆိုသည်။ ထိုဗိုင်းရပ်စ်တို့ကို အခြေအနေပေးပါက ကြားခံတိရစ္ဆာန်တစ်မျိုးမျိုးမှတစ်ဆင့် လူသားတို့ထံ ကူးစက်စေနိုင်သည်။ ယခုအခါ ကိုရိုနာဗိုင်းရပ်စ် SARS-Cov-2 ခေါ် COVID-19 (Coronavirus Disease 2019) ကို ကူးစက်နေစေခြင်းဖြစ်သည်။ Ebola, Marburg,Nipah စသည့်ဗိုင်းရပ်စ်ပိုးတို့ကို ဖြန့်ဝေခြင်းဖြင့် အီဘိုလာ၊ ဆားစ်၊ မားစ်နှင့် ယခု ကိုဗစ်-၁၉ ရောဂါတို့ကို ဖြစ်ပွားစေပါသည်။ အလွန်ထူးခြားသည်မှာ သူတို့၏ ကိုယ်ခံအားစနစ် (Immune System)တွင် Innate Immune System ခေါ် နဂိုရှိပြီးသား ခုခံအားစနစ်ပါဝင် ဖွံ့ဖြိုးနေခြင်းဖြစ်သည်ဟု Standford University မှ Virral Immunologist ဗိုင်းရပ်စ်ခုခံအားစနစ်ပါရဂူ Catherine Blish ကလည်း ဆိုပါသည်။

ထိုစနစ်သည် လူသားများတွင်လည်းရှိပြီး ပြင်ပမှဝင်ရောက်လာသည့် ပဋိပစ္စည်းတို့ကို အမျိုးအမည် မခွဲခြားရသေးမီ ဦးစွာတိုက်ခိုက်သည့်သွေးဖြူ ဥဆဲလ်များ ဖြစ်သည်။ ယင်းတို့တွင် သွေးဖြူဥများနှင့် အင်တာဖီယာရွန် (Interferons)များ ပါဝင်ပါသည်။ Interferonsတို့သည် ကျယ်ပြန့်သော ခုခံအားရှိမှုကို ဖြစ်စေရုံမက လင်းနို့တို့ရှိ ဗိုင်းရပ်စ်ပိုးတို့ ပြန့်ပွားမှုကိုပါ တားဆီးပေးနိုင်သည်ကို တွေ့ရပါသည်။ ထို့ကြောင့်ပင် လင်းနို့နှင့် ဗိုင်းရပ်စ်တို့ ပူးပေါင်းရှင်သန်နေနိုင်ကြပါသည်။ သို့သော် ထိုဗိုင်းရပ်စ်တို့သည် လူ့ခန္ဓာကိုယ်ထဲရောက်သွားသောအခါတွင်မူ လင်းနို့ကိုယ်ထဲမှာလို မဟုတ်တော့ဘဲ မူလအသွင်ကို ဆောင်ကာ ပြင်းထန်သောအခြေအနေကို ဖြစ်စေပါသည်။ နို့တိုက်သတ္တဝါတို့တွင် ပြင်ပမှရောဂါပိုး တစ်ခုခုဝင်ရောက်လာပါက ကိုယ်တွင်းဇီဝကမ္မဖြစ်ပျက်မှုနှင့် ကိုယ်တွင်းအပူချိန် မြင့်မားလာမှုတို့ဖြင့် မိမိ၏ ကိုယ်ခံအားစနစ်များဖြစ်သော Innate Immunity ခေါ် စဖြစ်လာကတည်းက ပါလာပြီးဖြစ်သော ခုခံအားစနစ်နှင့် Adaptive Immunity (T-Cells,B-Cells စသည်များ)



> **“ကိုဗစ်ပိုးကြောင့် ခန္ဓာကိုယ်၏ တုံ့ပြန်မှုက နောက်ကျသွားသည့်အပြင် အင်တာဖီယာရွန်များ အပါအဝင် ခုခံအားစနစ်တို့က ရန်သူ၊ မိတ်ဆွေမခွဲခြားတော့ဘဲ အပြင်းအထန်တုံ့ပြန်တိုက်ခိုက်ကြသဖြင့် ကိုယ်တွင်းမုန်တိုင်းတစ်ခုသဖွယ် ဖြစ်ခဲ့ရသည်။ ယင်းကို Cytokine storm ဟုခေါ်ပြီး cytokine ခေါ် ရောင်ရမ်းမှုကိုဖြစ်စေသည့် ဓာတ်များစွာဖြစ်ပေါ်စေခြင်းကြောင့် ကိုယ်တွင်းအင်္ဂါများပင် ထိခိုက်ပျက်စီးစေနိုင်သည်အထိ ဖြစ်တတ်”**

ဝင်လာသည့် ရောဂါပိုးကို သတ်မှတ်ခုခံကာကွယ်သည့် ဒုတိယအဆင့် ကာကွယ်ရေးစနစ်တို့က နိုးကြားလာရပါသည်။ ထိုအခါ ရောဂါပိုးကို ခုခံနိုင်စွမ်းရှိလာပါသည်။

လင်းနို့တို့မှာပင် တစ်နေ့လျှင် ကိုယ်အပူချိန် အမြင့်မားဆုံးဖြစ်ပေါ်မှု နှစ်ကြိမ်မျှဖြစ်ပေါ်နေတတ်သည်ဟုလည်း သိရသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာ ခံစားနေရသူတို့၏ ကိုယ်ခံအားစနစ်တို့ သည် မူလကကဲ့သို့ ပုံမှန်နိုးထနေနိုင်ခြင်း မရှိဘဲ ဗိုင်းရပ်စ်ပိုးတို့က စနစ်တစ်ခုလုံး ကမောက်ကမဖြစ်သွားအောင်လုပ်ထားသည်ကိုလည်း တွေ့ရသည်ဟု Professor Angrew Cunnigham, London’s Istitute of Zoology က ဆိုပါသည်။ ကိုဗစ်ပိုးကြောင့် ခန္ဓာကိုယ်၏ တုံ့ပြန်မှုက နောက်ကျသွားသည့်အပြင် အင်တာဖီယာရွန်များ အပါအဝင် ခုခံအားစနစ်တို့က ရန်သူ၊ မိတ်ဆွေမခွဲခြားတော့ဘဲ အပြင်းအထန်တုံ့ပြန်တိုက်ခိုက်ကြသဖြင့် ကိုယ်တွင်း မုန်တိုင်းတစ်ခုသဖွယ် ဖြစ်ခဲ့ရသည်။ ယင်းကို Cytokine storm ဟုခေါ်ပြီး cytokine ခေါ် ရောင်ရမ်းမှုကိုဖြစ်စေသည့် ဓာတ်များစွာ ဖြစ်ပေါ်စေခြင်းကြောင့် ကိုယ်တွင်းအင်္ဂါများပင် ထိခိုက်ပျက်စီးစေနိုင်သည်အထိ ဖြစ်တတ်ပါသည်။ လေ့လာသောပညာရှင်တို့က ကိုဗစ် - ၁၉ ကုသရာတွင် အင်တာဖီယာရွန်များကို အသုံးပြုသည့် ကုသမှုကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ယင်းသည် ဗိုင်းရပ်စ်တို့ကို အစောပိုင်းအချိန်များမှာကတည်းက လက်ဦးမှုရယူကာ တိုက်ခိုက်နိုင်မည်ဟု ယုံကြည်ကြ၍ဖြစ်ကြောင်း သိရပါသည်။

**လင်းနို့တို့နှင့် ကူးစက်ရောဂါများ**

လင်းနို့ငှက်တို့သည် Rodents ခေါ် သွားဖြင့် ကိုက်ဖြတ်စားသောက်တတ်သော သတ္တဝါများပြီးလျှင် ဒုတိယ အရေအတွက်အများဆုံးဖြစ်သော နို့တိုက်သတ္တဝါများ ဖြစ်သည်။ နို့တိုက်သတ္တဝါတို့၏ ၂၀ ရာခိုင်နှုန်းမျှ အရေအတွက်ရှိပြီး မျိုးစိတ်ပေါင်း ၁၂၄၀ ခန့်ရှိသည်ဟု သိရသည်။ ယင်းတို့၏ ၇၀ ရာခိုင်နှုန်းခန့်သည် အင်းဆက်ပိုးများကို စားသောက်ရှင်သန်ကြပြီး ကျန်အများစုက သစ်သီးစားလင်းနို့များ ဖြစ်သည်။ အနည်းစုတို့က ငါးစားတတ်ကြပြီး Vampire အမျိုးအစားလင်းနို့တို့က သွေးစုပ်တတ်ကြသည်ဟုလည်း သိရသည်။ လင်းနို့များသည် ကမ္ဘာတစ်ဝန်း နေရာဒေသတိုင်းတွင် နေထိုင်ကြပြီး အလွန်အေးသော ဒေသများတွင်သာ နေထိုင်ကြခြင်း မရှိသည်ကို တွေ့ရသည်။ သက်တမ်းမှာ နှစ် ၂၀ မှ နှစ် ၃၀ ခန့်ရှိကြသဖြင့် သက်တမ်းရှည်သတ္တဝါတစ်မျိုးလည်း ဖြစ်သည်။ လင်းနို့တို့၏ ထူးခြားချက်မှာ ဗိုင်းရပ်စ်ပိုးများကို သယ်ဆောင်ထားနိုင်ခြင်း ဖြစ်သည်။ Zoonotic pathogens ခေါ် တိရစ္ဆာန်မှ လူသို့ကူးစက်စေနိုင်သော ခွေးရူးပြန်ရောဂါပိုး (Rabies virus, Histoplasmosis) ခေါ် ဖန်းဂပ်စ်မှိုစွဲရောဂါ၊ နီပါးဗိုင်းရပ်စ်များ (Nipah Hindra Viruses )၊ အီဘိုလာဗိုင်းရပ်စ်(Ebola Viruses) စသည်တို့ကို သယ်ဆောင်ကြလေ့ရှိသည်ကို တွေ့ရပြီးဖြစ်သည်။ ထို့ပြင် သန်း၊ လေး၊ ကြမ်းပိုးစသည့် အင်းဆက်ပိုးတို့ကို သယ်ဆောင်ထားနိုင်ကြသည်။ သူတို့၏ ခုခံအားစနစ်ကလည်း ဗိုင်းရပ်စ်ပိုးတို့ကို ကောင်းစွာခံနိုင်ရည်ရှိကြသည်။

SARS (Severe Acute Respiratory Syndrome) ဆားစ်ရောဂါဖြစ်ပွားစေသော ဗိုင်းရပ်စ်မျိုးသည် ကိုရိုနာဗိုင်းရပ်စ် (Coronavirus) အုပ်စုဝင် ပိုးတစ်မျိုးသာဖြစ်သည်။ မူလက ထိုပိုးသည် အသက်ရှူလမ်းကြောင်းကို အနည်းငယ်သာ ဒုက္ခပေးနိုင်သည်။ SARS ဖြစ်ပွားမှုတွင် CoronaVirus Group ခေါ် ကိုရိုနာဗိုင်းရပ်စ် တစ်မျိုးကြောင့် ဖြစ်ပွားရသည်ကိုတွေ့ရပြီး တရုတ်နိုင်ငံရှိ လင်းနို့ငှက် အချို့တွင် တွေ့ခဲ့ရသည်။ ယခုအခါ ကပ်ရောဂါတစ်ခုအဖြစ်တွေ့နေရသည့် COVID-19 သည်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုးသစ်တစ်မျိုးသာဖြစ်သည်။ ယင်းကို Rhinolophus affinis လင်းနို့များတွင် တွေ့ရသည့် CoV(Bat CoV Ra TG13) နှင့် မျိုးရိုးဗီဇ ၉၆ ရာခိုင်နှုန်းတူသောကြောင့် ကိုဗစ်-၁၉ ၏ အစပြုရာသည် လင်းနို့များဖြစ်နိုင်သည်ဟု ပညာရှင်တို့ ယူဆကြပါသည်။ တရုတ်ပညာရှင်တို့ကလည်း သင်းခွေချပ် (pangolin) တွင် တွေ့ရသော Corona-virus(Pangolin-CoV) သည် မျိုးဗီဇအားဖြင့် ကိုဗစ်-၁၉ နှင့် ၉၁ ရာခိုင်နှုန်း၊ လင်းနို့ CoV(Bat CoV RaT13) နှင့် ၉၀ ဒသမ ၆ ရာခိုင်နှုန်း တူညီသည်ဟု ဆိုပါသည်။ ထို့ကြောင့် သင်းခွေချပ်သည် ကြားခံ သတ္တဝါ (Intermediate Host) ဖြစ်နိုင်သည်ဟု ယူဆကြပါသည်။ အခြားကူးစက် ရောဂါတစ်ခုမှာ ခွေးရူးပြန်ရောဂါ (Rabies) ဖြစ်သည်။

၂၀၁၆ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံတောင်ပိုင်းပြည်နယ်အချို့တွင် လင်းနို့များ အထူးအခြေချနေထိုင်ကြပြီး ထိုဒေသတို့တွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှု အချို့ရှိခဲ့ကြောင်း သိရသည်။ ၁၉၉၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အမေရိကန်တစ်နိုင်ငံလုံးတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားသူ ၃၆ ဦးရှိခဲ့ပြီး ခွေးကိုက်ခံရမှုကြောင့် နှစ်ဦး၊ ကိုယ်အင်္ဂါ အစားထိုးခံယူရာတွင် ပေးလှူသူက ခွေးရူးပြန်ရောဂါဖြင့် သေဆုံးခဲ့ရာ ယင်းမှခွေးရူးပြန်ရောဂါ ကူးစက်ခံရသူ လေးဦး၊ ကျန်သူများမှာ လင်းနို့အကိုက်ခံရသဖြင့် ကူးစက်ခံရခြင်း ဖြစ်သည်ဟု သိရသည်။ ကင်တပ်ကီပြည်နယ် မြို့ကလေး တစ်မြို့ရှိဘုရားကျောင်းတွင် မိန်းကလေးငယ်တို့ကို ကျောင်းပိတ်ရက်အတွင်း ရက်ရှည်ဘာသာရေးဆိုင်ရာ သင်တန်းပေးရာ ဘုရားကျောင်းအတွင်းရှိ လင်းနို့ငှက်များကြောင့် အချို့မှာ ခွေးရူးရောဂါသံသယဖြစ်ဖွယ် အခြေအနေများ တွေ့ရသဖြင့် ကာကွယ်ဆေးထိုးမှုများ ဆောင်ရွက်ခဲ့ရကြောင်း သတင်းထွက်လာသဖြင့် လင်းနို့ငှက်များနှင့် ပတ်သက်သည့် သတင်းကြီးလာခဲ့သည်။ လင်းနို့ငှက်တို့သည် တောတောင်ထဲရှိသဘာဝဂူများ၊ တောအုပ်ကြီးများတွင် အုပ်စုဖွဲ့နေတတ်ကြသလို လူများနှင့် နီးကပ်သည့် ဘုရာကျောင်းများ၊ အဆောက်အအုံကြီးများ၊ ဘုရားကျောင်းကန်များတွင်လည်း အများစုဝေးနေတတ်ကြသည်ကို တွေ့နိုင်ပါသည်။ လူနေမှုနှင့် နီးကပ်နေပါက ယင်းတို့မှ မလိုလားအပ်သော ကူးစက်ရောဂါများ ကူးပြောင်းရောက်ရှိလာနိုင်သည်ကို သတိပြုရပါမည်။

ယခုကြုံတွေ့နေရသော ရောဂါ ကိုဗစ်-၁၉၏ မူလအစတည်ရာသည် လင်းနို့များဟု ပညာရှင်များက ယူဆကြပါသည်။ သို့သော် ယင်းတို့သည် လူသားတို့နှင့် ကမ္ဘာမြေကိုလည်း အကျိုးပြုနေသည့် နို့တိုက်သတ္တဝါတစ်မျိုးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လူသားတို့ကို များစွာ အကျိုးမဲ့စေသော ကိုဗစ်-၁၉ ကဲ့သို့ ရောဂါဆိုးမျိုး ထပ်မံမပေါ်ပေါက်လာအောင် လူသားတို့၏ ကံ၊ ဉာဏ်၊ ဝီရိယ၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ကာကွယ်တားဆီးကြရမည်သာ ဖြစ်ပေသည်။ ။

## မူဆယ်မြို့၌ နှာခေါင်းစည်းစုစုပေါင်း နှစ်သိန်းခွဲလှူဒါန်း

**မူဆယ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ ကူးစက်မှုမြန်ဆန်သည့် ကိုဗစ်- ၁၉ ရောဂါကူးစက်ခြင်းမှ ပြည်သူလူထုများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မူဆယ်စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကျန်းမာရေး အထောက်အကူပြု နှာခေါင်းစည်း စုစုပေါင်း နှစ်သိန်းခွဲပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က မူဆယ်မြို့ ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

“မြန်မာနိုင်ငံကုန်သွယ်စီးဆင်းမှုဟာ ပုံမှန်လည်ပတ်နိုင်ဖို့အတွက် မူဆယ်မြို့ နယ်စပ်ဒေသမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ကြိုတင်ကာကွယ်တားဆီးနိုင်ဖို့လိုအပ်ပါတယ်။ မူဆယ်ဒေသမှာ ကူးစက်မှုမြန်ဆန်တဲ့ ကိုဗစ်- ၁၉ ရောဂါကို တစ်ဖက်တစ်လမ်းကနေ ကြိုတင်ကာကွယ်တားဆီးနိုင်ဖို့အတွက် ပါဝင်လှူဒါန်းရခြင်းဖြစ်ပါတယ်။ ကိုဗစ်- ၁၉ ရောဂါ ကင်းရှင်းနိုင်ရေးအတွက် (MCA) မူဆယ်စီးပွားရေးလုပ်ငန်းရှင်များအသင်းအနေနဲ့ ကြိုးပမ်းအားထုတ်ပြီး တစ်ဖက်တစ်လမ်းကနေ ကူညီပါဝင်ဆောင်ရွက်သွားပါမယ်” ဟု မူဆယ်စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ အတွင်းရေးမှူး ဦးမြင့်အောင်က ပြောသည်။

ဆက်လက်ပြီး ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ကုသရေး ကော်မတီအဖွဲ့ဝင်များထံသို့ ခရိုင်အုပ်ချုပ်ရေးမှူးက တစ်ဆင့် နှာခေါင်းစည်းများကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ဆလိုင်းဗန်ရီးထန်(ပြန်/ဆက်)

# နေရပ်ပြန် ထိုင်းနိုင်ငံသား နှစ်ဦးကို လွှဲပြောင်း ပို့ဆောင်ပေး

**တာချီလိတ် စက်တင်ဘာ ၁၅**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံသား အမျိုးသမီး နှစ်ဦးကို မြန်မာ တာဝန်ရှိပုဂ္ဂိုလ်များက ယနေ့ နေ့လယ်ပိုင်းက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။**

လွှဲပြောင်းပို့ဆောင်ခြင်းမပြုမီ ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကာ စနစ်တကျပြန်လည်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြသည်။ ထိုင်းနိုင်ငံသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားသေးခင်က တာချီလိတ်မြို့သို့ လာရောက်အလုပ်လုပ်ကိုင် နေထိုင်ခဲ့ကြသူများကြဖြစ်ပြီး ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစ၍ အလုပ်ရုံများ ဖွင့်လှစ်ခြင်းမရှိတော့သဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာလျက်ရှိသည်။



နေရပ်ပြန် ထိုင်းနိုင်ငံသား နှစ်ဦးကို လွှဲပြောင်းပေးစဉ်

နေရပ်ပြန် ထိုင်းနိုင်ငံသား နှစ်ဦးကို တာချီလိတ်မြို့ လဝက ဌာနခွဲ (၆)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးမောင်မောင်မြင့် ဦးဆောင်သည့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဦးစည်သူမောင်(အတွင်းရေးမှူး)ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအဖွဲ့(CNCMC)တို့က ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှတံတား(၂)တာဝန်ခံ ရဲအရာရှိ Pathpon Onnoul၊ လဝကအရာရှိ SongsokPakiang နှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ Priawpurin Manopeaw ဦးစီးသည့်အဖွဲ့တို့က ပြန်လည် လက်ခံခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# ဟိုမိန်းမြို့၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဟိုမိန်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့တွင် လင်းခေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေး ထိခိုက်စေမှု လျော့နည်းရေး စီမံကိန်းတစ်ခုအဖြစ် ကျေးလက်နေပြည်သူများဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် Cash For Work စီမံကိန်းဖြင့် မယ်အောကျေးရွာနှင့် ခုံလုံကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါ Cash For Work စီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ခန့်ဖြင့် မယ်အောကျေးရွာအုပ်စု မယ်အောကျေးရွာ၌ ကျေးရွာတွင်းကျောက်ချောလမ်း အရှည်ပေ ၄၀၀၀ အား သဲခင်းခြင်းနှင့် လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊ ခုံလုံကျေးရွာအုပ်စု ခုံလုံကျေးရွာ၌ ကျေးရွာအဝင်လမ်းနှင့် ကျေးရွာတွင်းကျောက်ချောလမ်း အရှည်ပေ ၆၀၀၀ အား သဲခင်းခြင်းနှင့် လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းကို ကျေးရွာပြည်သူလူထုလုပ်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းများ ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ကျေးရွာစီမံကိန်းကော်မတီဝင်များက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

# အင်တောမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**အင်တော စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းအခမဲ့ဖြန့်ဝေမှုကို ယနေ့နံနက် ၈ နာရီတွင် မြို့မဈေးရှေ့၌ ဆောင်ရွက်သည်။



ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးနေစဉ်။

ထိုသို့အသိပညာပေးလုပ်ငန်း ဆောင်ရွက်ရာတွင် အင်တောမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းကွမ်းခေး၊ အင်တောနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ရာဇာလင်းနှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်နေပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသစ်ပြဋ္ဌာန်းထားသော မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပြစ်မှုပြစ်ဒဏ်များကို သိရှိရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်များဆောင်းရန်နှင့် ဆိုင်ကယ်ရှေ့မီးများ ဖွင့်မောင်းရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထို့နောက် တိုက်နယ်ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ဆင်ပြီးမှ ထွက်ကြရန်၊ လူစုလူဝေးမပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအား အသိပညာပေးပြီး နှာခေါင်းစည်းအခု ၂၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ခိုင် အင်တော(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ ကျေးလက်ပြည်သူများ ဝင်ငွေရစီမံကိန်းဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မြို့သစ် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြို့သစ်မြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာ၌ ကျေးလက်ပြည်သူများ ဝင်ငွေရသည့် Cash for Work စီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင် စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

မြို့သစ်မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် Cash for Work စီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ မကြီးချို(တောင်)၊ မကြီးချို(မြောက်)၊ အင်းရွာကြီး၊ ပုလင်းပြားကြီး၊ ရွာသာယာ၊ ရွှေပန်း၊ အိုင်မဲ၊ အိုင်မ၊ ပိတ်ချင်းစမ်း၊ မြေပြင်သာစသည့် ကျေးရွာ ၁၀ ရွာတွင် ကျေးရွာတစ်ရွာလျှင် Cash for Work စီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာအဝင်နှင့် ကျေးရွာတွင်းကျောက်ရောမြေ လမ်းခင်းခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်း ၁၀ ခု၊ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းခုနစ်ခု၊ စာသင်ကျောင်းဆောင် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းတစ်ခု၊ ဘောလုံးကွင်းပြုပြင်ခြင်းလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း ၁၉ ခုကို ဇူလိုင် စတုတ္ထပတ်မှ စတင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းက ပြောသည်။



ကျောက်ရောမြေလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု တွေ့ရစဉ်။

"ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ကျေးလက်နေပြည်သူတွေ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လူမှုစီးပွားဘဝထိခိုက်ဆုံးရှုံးမှုတွေ လျော့နည်းသက်သာစေဖို့နဲ့ ဝင်ငွေရရှိစေဖို့ Cash for Work စီမံကိန်းကို မြို့နယ်အတွင်းက ကျေးရွာ ၁၀ ရွာမှာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေ ဆောင်ရွက်တဲ့ အခါမှာ အလုပ်လက်မဲ့ဖြစ်နေသူတွေ၊ ဝင်ငွေမရှိတဲ့သူတွေ၊ အမျိုးသမီးဦးဆောင်တဲ့ အိမ်ထောင်စုတွေကို ဦးစားပေးကာ စီမံကိန်းလုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်စေပြီး ဝင်ငွေရရှိအောင်ဆောင်ရွက်ပေးတာဖြစ်ပါတယ်၊ စီမံကိန်းလုပ်ငန်း ပါဝင်ဆောင်ရွက်သူတွေကို တစ်နေ့တာ လုပ်အားခအဖြစ် ကျား၊ မ မရွေး လူတစ်ဦးကို ငွေကျပ် ၄၈၀၀ ကနေ ၆၀၀၀ အထိ လက်ငင်းပေးချေ ဆောင်ရွက်ခဲ့တာဖြစ်တယ်"လို့ မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

Cash for Work စီမံကိန်းသည် ကိုဗစ်ကာလအတွင်း နိုင်ငံတော်၏ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်တစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်ကို အထောက်အကူပြုခြင်း၊ ပြည်သူများချက်ချင်းဝင်ငွေရရှိခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကို အထောက်အကူပြုမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မိတ္ထီလာ၌ အပြင်ထွက်သွားလာသူများ နှာခေါင်းစည်းတပ်ဆင်သွားလာမှုများပြားလာ

**မိတ္ထီလာ စက်တင်ဘာ ၁၅**

မိတ္ထီလာ၌ မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ၏လမ်းညွှန်မှုဖြင့် နှာခေါင်းစည်းတပ်ဆင်မှု ရှိ/မရှိ ရှောင်တခင် စစ်ဆေးခြင်း၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်စေတနာရှင်များပူးပေါင်း၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေအသိပညာပေးခြင်းများကြောင့် အပြင်ထွက်သွားလာသူများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်သွားလာမှု များပြားလာကြောင်း သိရသည်။

"မိတ္ထီလာမှာ အပြင်ထွက်သွားလာသူတွေကို နှာခေါင်းစည်းတပ်ဆင်မှုရှိမရှိ၊ မတပ်ထားရင် တစ်ခုကို ငါးရာကျပ်နဲ့ဝယ်ယူစေပြီး ချက်ချင်း တပ်ဆင်ပြီးမှ ဆက်လက်သွားလာစေတာမျိုးကို တာဝန်ရှိသူတွေက ရှောင်တခင်စစ်ဆေးဆောင်ရွက်တာမျိုးလုပ်တာရှိတယ်။ ပြီးတော့ မြို့နယ်အတွင်းက ပရဟိတလူမှုရေးအသင်းအဖွဲ့တွေနဲ့ အလှူရှင်စေတနာရှင်တွေပူးပေါင်းပြီး နှာခေါင်းစည်းတွေ အခမဲ့ဖြန့်ဝေတာ၊ အသိပညာပေးတာကို ခပ်စိတ်စိတ်လုပ်ကြတယ်။ အဲဒါကြောင့် ဒေသခံတွေအနေနဲ့ အပြင်ကို မဖြစ်မနေ သွားလာတဲ့ လတ်တလောမှာ နှာခေါင်းစည်းတွေ တပ်ဆင်သွားလာမှု များပြားလာတာပါ"ဟု ရန်အောင်မြင်လူမှုရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းက ပြောသည်။

မိတ္ထီလာမြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ကိုဗစ်-၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာ လေးဦးရှိပြီး ၎င်းတို့အား ခရိုင်ပြည်သူ့ဆေးရုံကြီး အထူးရောဂါကုသဆောင်တွင် ကုသပေးလျက်ရှိပြီး အားလုံးကျန်းမာရေး ကောင်းမွန်နေကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အခြေခံသင်တန်း အွန်လိုင်းသင်ကြားရေးစနစ်ဖြင့် သင်ကြားမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း ( MIPPA ) ကအသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်အခြေခံသင်တန်း (IP Fundamental Course) အမှတ် ၁၀ ကိုonline သင်ကြားရေးစနစ်ဖြင့် ၂၀၂၀ ပြည့်နှစ်စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ၂၄ ရက်အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှမွန်းတည့် ၁၂ နာရီအထိ Virtual System ( Lecturing with Video-Zoom Application ) သင်ကြားရေးစနစ်ဖြင့်သင်ကြားမည်ဖြစ်သည်။

သင်တန်းတွင် ဦးသန်းမောင် (စစ်တွေ) ( Incharge of MIPPA IP Academy)၊ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MIPPA)၏ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးသိန်းအောင်နှင့် ဒေါ်ဆွေဇင်ထိုက်၊ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦး၊ အလုပ်အမှုဆောင် ဦးမိုးမင်းသူနှင့် ဒေါ်ခင်ထွေးမြင့်၊ တရားလွှတ်တော်ရှေ့နေဦးမောင်မောင်နှင့် ဥပဒေပညာရှင်ဒေါ်ခင်ခင်ဇော်တို့က သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်သူများသည် အခြေခံပညာ အထက်တန်းအဆင့်ရှိရမည်ဖြစ်ပြီး အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့် IP ဘာသာရပ်ကို လေ့လာလိုက်စားသူများနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများကို ဦးစားပေးတက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်အထိ တက်ရောက်သူများကိုသာ သင်တန်းဆင်းလက်မှတ်ပေးအပ်မည်ဖြစ်သည်။

သင်တန်းလျှောက်လွှာများကို အီးမေးလ် - office @ mippa . org . mm, mippa . myanmar @ gmail . com လျှောက်လွှာများတောင်းယူပြီး စက်တင်ဘာ ၂၄ ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉၅၁၄၃၄၁၉၊ ၀၉-၇၉၈၄၃၃၁၈၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အောင်သူရ**

## ကဗျာဆရာကြီး မောင်ပန်းမွှေး ကွယ်လွန်



**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာစာပေလောက၌ စာရေးဆရာ၊ ကဗျာဆရာအဖြစ် ဘဝတစ်လျှောက်လုံး ရင်းနှီးမြှုပ်နှံခဲ့သော ကဗျာဆရာကြီး မောင်ပန်းမွှေး (မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမြင့်) (၈၁နှစ်) သည် စက်တင်ဘာ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၀၀:၁၅ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ပြီဖြစ်သည်။

ဆရာကြီး မောင်ပန်းမွှေးသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ ပညာရေးတက္ကသိုလ်(ရန်ကုန်) မြန်မာစာဌာန၊ ပုသိမ်ကောလိပ် မြန်မာစာဌာန၊ စစ်တွေကောလိပ် မြန်မာစာဌာနတို့တွင် တက္ကသိုလ်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးလောကအတွက် အကျိုးပြုခဲ့ပါသည်။ မြန်မာစာပေလောကတွင်လည်း ဆရာကြီးရေးသားပြုစုခဲ့သော ပို့စကတ်ကဗျာများ၊ ကဗျာဆိုင်ရာ ကျမ်းများ၊ ဓမ္မစာပေများ စသည့် သုတ၊ ရသစာပေလက်ရာများစွာကျန်ရှိခဲ့ပြီး စာဖတ်ပရိသတ်များက ဆရာကြီး၏ ကဗျာစာပေအနုပညာလက်ရာများကို အမြဲသတိရလွမ်းဆွတ်နေရဦးမည်ဖြစ်ပါသည်။ ဆရာကြီးရေးသားပြုစုခဲ့သော စာပေလက်ရာများသည် စာဖတ်ပရိသတ်များ၏ နှလုံးသားတွင် လည်းကောင်း၊ စာပေလောကသားများ၏ ရင်ထဲတွင် လည်းကောင်း တန်ဖိုးရှိသော စာပေလက်ရာများအဖြစ် ထာဝစဉ်ရှင်သန်ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။ ထို့ပြင် ဆရာကြီးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)က ထုတ်ဝေသည့် သာသနာ့အလင်းဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ပြီး ဘာသာ၊ သာသနာအကျိုးကို တစ်ဖက်တစ်လမ်းက စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ယခုကဲ့သို့ ဆရာကြီး ကွယ်လွန်သွားခြင်းသည် ဆရာကြီး၏မိသားစုများ၊ တပည့်များ၊ စာဖတ်ပရိသတ်များ၊ စာပေလောကသားများအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။

ဆရာကြီးမောင်ပန်းမွှေး ကွယ်လွန်ချိန်၌ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ ယူကလစ်မြိုင်လမ်း၊ အမှတ်(၁၉၂/၆)၌ နေထိုင်ပြီး ဇနီးဖြစ်သူ ဒေါ်ဝါဝါမေနှင့် သားဖြစ်သူ မောင်သက်လှိုင်မွှေးတို့ ကျန်ရစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## ရေးမြို့နယ်၌ လယ်ယာ၊ ဥယျာဉ်ခြံမြေ ဧက ၁၀၅၀ အတွက် အကျိုးပြုမည့် ကုန်ထုတ်လမ်း ဖောက်လုပ်

**ရေး စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ရေးမြို့နယ် ကိုးမိုင်ကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျေးရွာကုန်ထုတ်လမ်းတစ်လမ်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ရေထုတ်ပြွန်တံတားတစ်စင်းပါဝင်သည့် အဆိုပါကုန်ထုတ်လမ်းသည် အလျား (၀/၄)မိုင် အကျယ် ၁၂ ပေရှိပြီး လင်းမြင့်ထွန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေအား မြို့နယ်ဦးစီးမှူးနှင့် ဦးစီးအရာရှိ (နည်းပညာ)တို့က စက်တင်ဘာလဒုတိယအပတ်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့သည်။ အဆိုပါကုန်ထုတ်လမ်းသည် ကိုးမိုင်ကျေးရွာရှိ လယ်ယာ၊ ဥယျာဉ်ခြံမြေ ဧက ၁၀၅၀ မှ သီးနှံထွက်ကုန်များ သယ်ယူပို့ဆောင်နိုင်ရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **သန်းဦး**

## သံတောင်ကြီးမြို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

**သံတောင်ကြီး စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်တွင် MCCT အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးငယ်များအား တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်သည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ပေးအပ်ရာတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအနေဖြင့် ကျန်းမာရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများဝယ်ယူနိုင်ရန်၊ အာဟာရပြည့်ဝသော အစားအစာများဝယ်ယူနိုင်ရန်နှင့် ကျန်းမာသန်စွမ်းသောသူများဖြစ်လာစေရန်အတွက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**အကျိုးခံစားခွင့်**

သံတောင်ကြီးမြို့တွင် ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၂)အုပ်စုအတွက် ကိုယ်ဝန်ဆောင်မိခင်နှင့်အသက်(၂)နှစ်အောက်ကလေးများအား MCCT အရ တတိယအကြိမ် အကျိုးခံစားခွင့်ရှိသူ ၉၉၂ ဦးအတွက် ငွေကျပ် ၄၄၅၀၅၀၀၀ နှင့် စတုတ္ထအကြိမ်အကျိုးခံစားခွင့်ရှိသူ ၁၀၄၂ ဦးအတွက် ငွေကျပ် ၄၆၈၉၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အသက်(၂)နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်စဉ်။

## ကန့်သတ်စောင့်ကြည့်နေရာများတွင် PPE ဝတ်စုံ၊ ပိုးသတ်ဆေးနှင့် နှာခေါင်းစည်းများ လှူဒါန်း

**ကမာရွတ် စက်တင်ဘာ ၁၅**

ရန်ကုန်(အနောက်ပိုင်းခရိုင်) ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကမာရွတ်မြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာများနှင့် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် Unlimited Channel Co.Ltd(UC) မိသားစု က PPE ဝတ်စုံ ၁၀ စုံ၊ Dettol ၅၀ ဘူးတို့ကို မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်လှူဒါန်းခဲ့သည်။



PPE ဝတ်စုံ၊ Dettol ပိုးသတ်ဆေးနှင့် Masks များ လာရောက်လှူဒါန်းစဉ်။

အလားတူ (AIMI TV)မိသားစုက ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် နှာခေါင်းစည်းအခု ၁၅၀၀ အား လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လာရောက်လှူဒါန်းမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ သွားလာနေကြသူများအား နှာခေါင်းစည်းများ တပ်ဆင်ကြရေး အသိပညာပေး

**ကော့သောင်း စက်တင်ဘာ ၁၅**

ပြည်တွင်းကူးစက်မှုများမြင့်တက်လာနေသည့် ကိုဗစ်-၁၉ ရောဂါ ကော့သောင်းမြို့တွင်ကူးစက် ပြန့်ပွားမှုမရှိစေရန် ယနေ့နံနက်ပိုင်းက ခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများပူးပေါင်းကာ လမ်းထွက်သွားလာနေကြသူများအား ပါးစပ် နှာခေါင်းစည်းများ တပ်ဆင်ကြရေး အသိပညာပေးလှုပ်ရှားမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ကော့သောင်းမြို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား ကဏ္ဍစုံမှ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများ မဖြစ်မနေ လမ်းထွက်ပါက နှာခေါင်းစည်းများတပ်ဆင်ကြရေး အသိပညာပေးခြင်းအပြင် ပါးစပ်နှာခေါင်းစည်း မတပ်ဆင်သူများကို နှာခေါင်းစည်းများ ဝေငှတပ်ဆင်ပေးခြင်း၊ လက်များကိုမကြာခဏဆေးကြောကြရန်၊ ကျန်းမာရေး အသိသတိရှိကြရန်၊ ရောဂါထိန်းချုပ်မှုလုပ်ငန်းများတွင် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြရန် မေတ္တာရပ်ခံအသိပေးခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ယနေ့ ရောဂါထိန်းချုပ်ရေး လှုပ်ရှားမှုအဖြစ် လမ်းထွက်သွားလာနေကြသည့် မြို့နေပြည်သူများကို ပါးစပ်နှာခေါင်းစည်း ၁၂၀၀ ကျော် ဝေငှတပ်ဆင်ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## လိုင်လင်းပီမြို့၌ မကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်ဖြင့် ကျန်းမာရေးဌာန ကွင်းဆင်းဆောင်ရွက်

လိုင်လင်းပီ စက်တင်ဘာ ၁၅

**ချင်းပြည်နယ် လိုင်လင်းပီမြို့၌ အသက်(၆၀)နှင့်အထက် သက်ကြီးရွယ်အိုများအား မကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်ဖြင့် ကျေးလက်ကျန်းမာရေးဌာနက ယမန်နေ့တွင် အမှတ်(၂)ရပ်ကွက်ရှိ LAILENPI VAIPi ဘုရားကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။**

ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးစစ်ဆေးခြင်းများမဆောင်ရွက်မီ ကျန်းမာရေးအစစ်ဆေးခံမည့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ နှာခေါင်းစည်း(Mask)များတပ်စေခြင်းနှင့် တစ်ဦးနှင့် တစ်ဦးခြောက်ပေအကွာအဝေးဖြင့် နေရာများသတ်မှတ်ပေးပြီး ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ဆီးချို၊ သွေးချိုရောဂါများစသည့် မကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များနှင့် သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးအသိပညာများ ဟောပြောကြသည်။



မကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

မကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာ၌ ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက " မကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးတွေလည်း ဟောပြောဖြစ်တယ်။ နောက်ပြီးတော့ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချို/သွေးချိုရောဂါ၊ ကင်ဆာရောဂါနှင့် နာတာရှည်ရောဂါ စတဲ့ ရောဂါတွေကို စစ်ဆေးခဲ့တာဖြစ်ပါတယ်။ ဆီးချို/သွေးချိုရောဂါကတော့ မရှိသလောက်ဖြစ်ပြီး သွေးအားနည်းတဲ့သူတွေကို နည်းနည်းပါးပါးတွေ့ရတယ်"ဟု ပြောကြားသည်။

**ကျန်းမာရေးစစ်ဆေး**

အဆိုပါ မကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ဖြင့် ကျန်းမာရေးဌာနမှ ကွင်းဆင်းဆောင်ရွက်ရာတွင် အမှတ်(၂)ရပ်ကွက်ရှိ အသက်(၆၀)နှင့်အထက် သက်ကြီးရွယ်အိုများအား ဆီးချို၊ သွေးချိုစစ်ပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းပေးခြင်း၊ အရပ်တိုင်းပေးခြင်းနှင့် သွေးပေါင်ချိန်ပေးခြင်း စသည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ယာကမ်(ပြန်/ဆက်)**

# မူဆယ်နယ်စပ်သို့ ခရီးသည်တင်မှန်လုံယာဉ်များ ခရီးသည်မပါဘဲ ကုန်ပစ္စည်းများတင်ဆောင်၍သာ ပြေးဆွဲလျက်ရှိ

**မူဆယ် စက်တင်ဘာ ၁၅**

တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့မှ ရန်ကုန်မြို့သို့လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း ပြေးဆွဲသည့် ခရီးသည်တင် မှန်လုံယာဉ်လိုင်းများအနေဖြင့် လက်ရှိတွင် ကိုဗစ်-၁၉ ကြောင့် ခရီးသည်သွားလာမှုကို ကန့်သတ်ထားချက်အရ ခရီးသည်မပါဘဲ ကုန်ပစ္စည်းများကိုသာ သယ်ဆောင်၍ ပြေးဆွဲနေကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကြောင့် စက်တင်ဘာ ဒုတိယပတ်မှစ၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ မူဆယ်မြို့သို့ ခရီးသည်တင်ယာဉ်လိုင်းများကို စတင်ပိတ်ထားခဲ့ကြောင်း၊ ခရီးသည်တင် ယာဉ်လိုင်းနှင့် ဂိတ်များ ပိတ်ထားသော်လည်း ခရီးသည်တင် ယာဉ်လိုင်းပေါင်းစုံအနေဖြင့် မူဆယ်ဘက်သို့ နေ့စဉ်လိုလိုပင် ခရီးသည်မပါ ကုန်စည်းအပြည့်ဖြင့် ပြေးဆွဲလျက်ရှိကြောင်း၊ ယခင် ကိုဗစ်ရောဂါ မဖြစ်ပွားမီက မန္တလေးနှင့် မူဆယ်ကြား၌ လိုင်းပေါင်းစုံမှ ခရီးသည်တင် မှန်လုံယာဉ်များ ပြေးဆွဲမှုမှာ တစ်ရက်လျှင် အတက်အဆင်းအစီးရေ ၈၀ ထက်မနည်း ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ကုန်တင်ပြေးဆွဲသည့် ယာဉ်စီးရေမှာမူ အနည်းငယ်လျော့နည်းသွားကြောင်း သိရသည်။

၁၀၅ မိုင် OHC တိုးဂိတ်မှ စာရင်းဇယားများအရ စက်တင်ဘာ ၁၁ ရက်တွင် မန္တလေးဘက်မှ မူဆယ်ဘက်သို့ ခရီးသည်မပါဘဲ ကုန်ပစ္စည်းများသာ တင်ဆောင်သော မှန်လုံယာဉ် အစီးရေ ၄၀ မှ ၅၀ အကြားနှင့် မူဆယ်ဘက်မှ မန္တလေးမြို့ဘက်သို့ ခရီးသည်မပါဘဲ ကုန်ပစ္စည်းများသာ တင်ဆောင်သော မှန်လုံယာဉ် ၃၀ ကျော်ခန့် အတက်အဆင်းရှိကြောင်း သိရသည်။



မူဆယ်နှင့် မန္တလေးအကြားတွင် ခရီးသည်မပါဘဲ ကုန်တင်ပြေးဆွဲနေသည့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီး။

လက်ရှိအချိန်တွင် ကုန်ပစ္စည်းများသာ တင်ဆောင်မောင်းနှင်ပြေးဆွဲနေသည့် ခရီးသည်တင် မှန်လုံယာဉ်လိုင်းတစ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက "ကျွန်တော်တို့ကသူများတွေ ပြေးဆွဲနေလို့ ကျွန်တော်တို့ဂိတ်လည်း ပြေးဆွဲနေတာ ဖြစ်ပါတယ်။ ခရီးသည်မပါ ကုန်ပစ္စည်းနဲ့ တက်လို့ရတယ် ပြောလို့ပါ။ အခုတင်လာတာကတော့ ကုန်ပစ္စည်းအမျိုးမျိုးပါပဲ"ဟု ပြောသည်။

အဝေးပြေးယာဉ်လိုင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း "လောလောဆယ်တော့ ရန်ကုန်-မန္တလေး အဝေးပြေးယာဉ်လိုင်းတွေ ပိတ်ထားတယ်။ ဒါပေမယ့် ကုန်ပစ္စည်းမပြတ်စေရေးအတွက် ကုန်တင်ကားတွေကို မတားဆီးဘဲ ပြေးဆွဲခွင့်ပြုထားတယ်လို့ သတင်းစကားများအရ ကြားသိရပါတယ်။ အဝေးပြေး ခရီးသည်တင်ယာဉ်လိုင်းတွေကတော့ ပြေးဆွဲခွင့်ပိတ်ထားတယ်ဆိုတာပဲ သိရတာပါ။ အခုတော့ ခရီးသည်မပါဘဲ ကုန်ပစ္စည်းတွေပဲတင်ပြီး မှန်လုံယာဉ်တွေ ပြေးဆွဲနေတာ တွေ့နေရပါတယ်။ ခရီးသည်မပါရင်တော့ ကိစ္စမရှိပါဘူး။ ခရီးသည် ပါလာရင်တော့ ကိုဗစ်ရောဂါအတွက် စိတ်ပူတာပေါ့"ဟု ပြောသည်။

**သန့်ဇင်(မူဆယ်)**

# လှိုင်သာယာမြို့နယ်အတွင်း အသုံးပြုရန် ဒိန်းမတ်သံရုံးက နှာခေါင်းစည်း အခုရေတစ်သိန်း လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အသုံးပြုနိုင်ရန် ရည်ရွယ်လျက် ပြန်လည်လျှော်ဖွပ်သုံးစွဲနိုင်သော အဝတ်ဖြင့်ချုပ်လုပ်ထားသည့် လူကြီးနှာခေါင်းစည်း အခု ၅၀၀၀၀ နှင့် ကလေး နှာခေါင်းစည်း အခု ၅၀၀၀၀ ကို မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက စက်တင်ဘာ ၁၃ ရက်က လှူဒါန်းသည်။

လှူဒါန်းမှုကို လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၂) ဦးဇော်အောင်နှင့် လှိုင်သာယာ(အနောက် ပိုင်း) မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးနေမင်း ထွန်းတို့က လက်ခံရယူခဲ့ပြီး သံရုံးသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ လာရောက်လှူဒါန်းသည့် နှာခေါင်းစည်းများထဲမှ လူကြီးဝတ်နှာခေါင်းစည်း အခုရေ ၂၀၀၀ နှင့် ကလေးဝတ်နှာခေါင်းစည်း အခုရေ ၁၀၀၀ တို့ကို လှိုင်သာယာမြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့များ အသုံးပြုရန်အတွက်လည်းကောင်း၊ လူကြီးဝတ်နှာခေါင်းစည်း ၄၀၀ နှင့် ကလေးဝတ် နှာခေါင်းစည်း ၁၀၀ ကို မြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့် ခန်းများတွင် အသုံးပြုရန်အတွက်လည်းကောင်း ထိုနေ့မှာပင် ပြန်လည် ဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။

**မြသန္တာဝင်း(ပြန်/ဆက်)**



# တာမိုးညဲမြို့ အဝင်/အထွက်ဂိတ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး စစ်ဆေးမှုများဆောင်ရွက်

**တာမိုးညဲ စက်တင်ဘာ ၁၅**

မူဆယ်ခရိုင် တာမိုးညဲမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့အဝင်/အထွက်တွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်း၊ ခရီးသွားရာဇဝင်မှတ်တမ်းများ ကောက်ယူခြင်းနှင့် ပြည်သူလူထုများအား ကိုယ်အပူချိန် တိုင်းတာခြင်း **(အပေါ်ပုံ)** စသည်တို့ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက စက်တင်ဘာပထမပတ်မှစ၍ နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တာမိုးညဲမြို့တွင်း၌လည်း ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်း၍ ပြည်သူများအား ရောဂါကာကွယ်ရေး ဆိုင်ရာများ အသိပညာပေး ဟောပြောခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ အသိပညာပေးပိုစတာများ စိုက်ထူခြင်း၊ ဈေးဆိုင်များကို ကျန်းမာရေးလမ်းညွှန် ချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချခြင်းရှိ/မရှိ စစ်ဆေးခြင်းနှင့် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဌေးဌေးကြည်(ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်မှ မသန်စွမ်းသူ ၄၉၀ အား ထောက်ပံ့ကြေးပေးအပ်

**ကျွန်းစု စက်တင်ဘာ ၁၅**

မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၄၉၀ အတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP)အရ နိုင်ငံတော်က ထောက်ပံ့ပေးသော ထောက်ပံ့ငွေများကို ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ စက်တင်ဘာ ၁၃ ရက်က လွှဲပြောင်းပေးအပ်သည်။

ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းက "မသန်စွမ်းသူများကို အမြင်အာရုံ မသန်စွမ်းသူ၊ အကြားအာရုံ မသန်စွမ်းသူ၊ ကိုယ်အင်္ဂါ မသန်စွမ်းသူ၊ ဉာဏ်ရည် မမီသူဆိုပြီး အမျိုးအစား လေးမျိုး သတ်မှတ်ထားတဲ့ အနက် အကျုံးဝင်တဲ့ မသန်စွမ်းသူတွေကို ထောက်ပံ့တာဖြစ်ပါတယ်။ ကျွန်းစုမြို့နယ်မှာရှိတဲ့ မသန်စွမ်းဦးရေ စုစုပေါင်း ၄၉၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ကိုဗစ်-၁၉ ကာလမှာ တစ်ကြိမ်တည်း ထောက်ပံ့တဲ့ငွေ ဖြစ်ပါတယ်။ နိုင်ငံတော်က ထောက်ပံ့တဲ့ ငွေတွေကို လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်စားတာဝန်ယူပြီးတော့ ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် မသန်စွမ်းသူ ၄၉၀ အတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၇ သိန်းကို လက်ထောက်ညွှန်ကြားရေးမှူးက ကျွန်းစုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးထံ လွှဲပြောင်းပေးအပ်ပြီး အဆိုပါ ထောက်ပံ့ငွေများကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မသန်စွမ်းသူများထံ အိမ်အရောက် ထောက်ပံ့ပေးမည်ဟု သိရသည်။

**မင်းကျော်စော(ပြန်/ဆက်)**

# ဖလမ်းမြို့မှ ကလေးမြို့သို့ ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲလျက်ရှိ

**ဖလမ်း စက်တင်ဘာ ၁၅**

ဖလမ်းမြို့မှ ကလေးမြို့နှင့် ဟားခါးမြို့များသို့ ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် ယာဉ်လိုင်းများအနက် ယာဉ်လိုင်းတစ်ခုသည် ကိုဗစ်-၁၉ ကာလ ခရီးသည် နည်းပါးခြင်းကြောင့် ပြေးဆွဲမှု ယာယီရပ်နားထားသည်။

ဖလမ်း-ကလေး ပြေးဆွဲနေသည့် ဖိုင်ဇောင်းခရီးသည်တင် ယာဉ်လိုင်းသည် ကိုဗစ်-၁၉ ကာလ ခရီးသည် နည်းပါးခြင်းကြောင့် စက်တင်ဘာ ၁၄ ရက်မှစ၍ ပြေးဆွဲမှုယာယီရပ်နားထားသည်။ ဖလမ်း-ကလေး ပြေးဆွဲနေသည့် ဖလမ်းသားနှင့် ရွှေခြသေ့် ယာဉ်လိုင်း၊ ဖလမ်း-ကလေး၊ ဖလမ်း-ဟားခါး ပြေးဆွဲနေသည့် တောင်ဇလပ် ယာဉ်လိုင်းများကမူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပုံမှန်ပြေးဆွဲနေဆဲဖြစ်ကြောင်း ဂိတ်မှူးများက ပြောသည်။

ခရီးသွားပြည်သူများ အနေဖြင့် မြို့နယ်ခြားသို့ ခရီးသွားမည်ဆိုပါက သက်ဆိုင်ရာရပ်ကွက်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံစာနှင့်အတူ သွားလာရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး ဖလမ်းမြို့ ကြို့ဆိုပါ၏ အနီးရှိ စုပေါင်းစစ်ဆေးရေးဂိတ်တွင်လည်း ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ခရီးသွားပြည်သူများအား ကိုယ် အပူချိန်တိုင်းတာပေးခြင်းနှင့် ခရီးသွားရာဇဝင်များ မေးမြန်းကောက်ယူခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၄ ရက်က ဆောင်ရွက်စဉ်။

(အဆိုပါ နှာခေါင်းစည်းများကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ညောင်ရွှေ မြို့ဝင်မုခ်ဦးလမ်းဆုံ၊ မြို့မ မင်္ဂလာဈေးဝန်းကျင်နှင့် ညောင်ရွှေ-ပေါင်းပိုင်းလမ်းရှိ တိန့်နန်းတံတားတို့တွင် နှာခေါင်းစည်း ၁၀၀၀ ကို အခမဲ့ ဖြန့်ဝေပေးကြောင်း သိရသည်။)

နေမျိုးသူရိန်

အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။




# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် (၂၂) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ကယ်ဆယ်ရေး လေယာဉ်တွင် ဘယ်လ်ဂျီယံမှ တစ်ဦး၊ ဘရာဇီးမှ လေးဦး၊ အင်ဒိုနီးရှားမှ လေးဦး၊ အစ္စရေးမှ တစ်ဦး၊ အီတလီမှ လေးဦး၊ မွန်ဂိုလီးယားမှ သုံးဦး၊ နော်ဝေမှ တစ်ဦး၊ ကိုရီးယားမှ ၇၁ ဦး၊ ဗြိတိန်မှ လေးဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၀ ဦး၊ ဗီယက်နမ်မှ လေးဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၇ ဦး လိုက်ပါလာခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ် ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှု (၇) ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။



ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ကယ်ဆယ်ရေး လေယာဉ်/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၅၂၂၅ ဦး ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## အုတ်တွင်းမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် တောင်သူများအား ဒုတိယအကြိမ် ထောက်ပံ့

**အုတ်တွင်း စက်တင်ဘာ ၁၅**

အုတ်တွင်းမြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်လုပ်သည့် တောင်သူ ၁၂၇ ဦး၏လယ်မြေ ၃၉၃ ဧကမှ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းကို အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးခန်းမ၌ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်အဆင့် ကော်မတီဝင်များက မျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ဒုတိယအကြိမ်အတွက် တစ်ဧကလျှင် ငွေကျပ် ၇၅၀၀၀ နှုန်းဖြင့် ဧကပေါင်း ၃၉၃ ဧကအတွက် ငွေကျပ် ၂၉၄၇၅၀၀၀ ပေးအပ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်နှင့်ပတ်သက်၍ လူထု၏သဘောထားရယူသည့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP) ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်နှင့် ပတ်သက်၍ လူထု၏ သဘောထားရယူသည့် တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ်ကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ World Bank Team Leader ဖြစ်သူ Ms.Mio Takada ၊ စီမံကိန်း ဒါရိုက်တာနှင့် ဆည်မြောင်းကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သမဝါယမကဏ္ဍများမှ တာဝန်ရှိသူများ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လယ်ယာကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီမံကိန်းအကျိုးကျေးဇူးခံစားရမည့်သူများ ပါဝင်ဆွေးနွေးကြသည်။

ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP)ကို စိုက်ပျိုးရေးဂေဟဇုန်အလိုက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရန်နှင့် သီးနှံအမယ်စုံ ပိုမိုစိုက်ပျိုးလာနိုင်စေရန်၊ တန်ဖိုး ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အရည်အသွေးကောင်းမွန်သော စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ပြီး ဈေးကွက်ခိုင်မာလာစေရန်၊ ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများနှင့် ဘေးဒုက္ခများကို သင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်တို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်နှင့်ပတ်သက်၍ လူထု၏ သဘောထားရယူနိုင်ရန် စက်တင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ ခုနစ်ကြိမ်ခွဲ၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အွန်လိုင်းစနစ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲတွင် နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့မှ ပါဝင်ဆွေးနွေးကြသကဲ့သို့ စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ စက်တင်ဘာ ၂၁ ရက်တွင် မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်၊ စက်တင်ဘာ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ စက်တင်ဘာ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ စက်တင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ စက်တင်ဘာ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့ အမှတ်(၁၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီးထွန်းအောင်ကျော် ဦးစီးသော တပ်ဖွဲ့ဝင် ၄၅ ဦးသည် စက်တင်ဘာ ၁၄ ရက်က ပြည်မြို့ ခုတင်(၅၀၀) ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)


## အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကုန်းဘောင်(၁၀)လမ်း၊ မြေကွက်အမှတ်(၁၀၆၂)ဟုခေါ်တွင်သော မြေအလျား x အနံ ပေ(၂၀ x ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအတွင်း၌ လက်ရှိလက်ရောက် ပိုင်ဆိုင်နေထိုင်လျက်ရှိသော ဒေါ်လှလှဌေး ၁၂/ဥကတ(နိုင်) ဝ၅၃၄၉၉နှင့် ဒေါ်ခင်သီတာကြည် ၁၂/ဥကတ(နိုင်) ဝ၅၃၄၈၅တို့၏ ခွင့်ပြုချက်မရဘဲ (အသိပေးခြင်းမရှိဘဲ)အထက်ပါအိမ်ခြံမြေအတွင်း၌ နေထိုင်လျက်ရှိသူများမှလည်းကောင်း၊ အခြားသူများမှလည်းကောင်း အထက်ဖော်ပြပါမြေကွက်၏ တစ်စိတ်တစ်ဒေသအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်းများ တစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ပါကြောင်းနှင့် ဒေါ်လှလှဌေး၊ ဒေါ်ခင်သီတာကြည်တို့နှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအာကာလင်း(LL.B)**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်–၂၅၁၃၄/၂၀၀၆**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း–၀၉–၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ နတ်သျှင်နောင်လမ်း၊ ဦးပိုင်အမှတ်(၁၇၃)၊ မြေဧက အကျယ်အဝန်း(ဝဒသမ ဝ၅၅ ဧကရှိ ကျွန်တော်လက်ရှိနေထိုင်သည့်မြေအား ဦးဝင်းမောင်ထံမှ ကျွန်တော် ဦးတင်အေး (အထွေထွေကိုယ်စားလှယ်)အား လွှဲအပ်ပေးသူ ဒေါက်တာစိုင်းလူမှ အရပ်ကတိ အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားရှိခဲ့ပြီး ၎င်းမြေအား ဒေါက်တာစိုင်းလူ(ကိုယ်စား) ဦးတင်အေး (အထွေထွေကိုယ်စားလှယ်)အမည်ဖြင့် မြေပေးမိန့်လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကန့်ကွက်လွှာကြော်ငြာသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်မြို့ကွက်မြေနေရာ စိစစ်ရေးကော်မတီ ပဲခူးမြို့သို့ လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်အေး(အထွေထွေ ကိုယ်စားလှယ်)**
**ဆက်သွယ်ရန် ဖုန်း– ၀၉– ၄၃၁၂၂၁၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ ဘုရားသုံးဆူကွင်း၊ ကွင်းအမှတ် (၆၂၆)၊ ဦးပိုင်အမှတ် (၂၈/၂)၊ ဧရိယာ ၁ဒသမ ၉၄၀ဧကရှိမြေအား ဦးညွန့်အောင်ထံမှ ကျွန်တော် ဦးအောင်အောင်မှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိခဲ့သော မြေအား ကျွန်တော် ဦးအောင်အောင် အမည်ဖြင့် မြေပေးမိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကန့်ကွက်လွှာကြော်ငြာသည့်ရက်မှ ခိုင်လုံသောအထောက်အထားဖြင့် ၁၅ရက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အောက်ဖော်ပြပါကာယကံရှင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်အောင် ၇/ပခန(နိုင်)ဝ၆၉၂၇၇**
**အမှတ် (၃၉၁)၊ အုန်းပင်တန်းလမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း–၀၉–၅၃၀၂၅၄၅**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ပါမိုးနဲလမ်းသွယ်(၂)၊ ဘုရားဖြူရပ်၊ အမှတ် ၃/၁၈ နေသူ ဦးစိုင်းထွန်းမောင် ၁၃/ကတန (နိုင်)၁၇၀၄၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုင်းထွန်းမောင်သည် PRORICH COMPANY LIMITED အမည်ဖြင့်၁၂–၇–၂၀၁၉ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ProRich လုပ်ငန်းအမှတ် တံဆိပ်စာသားဖြင့် COMPANY REGISTRATION , NO 121291614 ဖြင့် တင်သွင်း၍ အောက်အမည်ပါထိုင်းနိုင်ငံ၏ FDA လက်မှတ်ရရှိထားသည့် ထုတ်ကုန်များဖြစ် သော စားသောက်ကုန်နှင့် အလှကုန် ပစ္စည်း(၈)မျိုးကို ကျွန်ုပ်မိတ်ဆွေက တရားဝင်ကုမ္ပဏီဖွင့်လှစ်၍ ONLINE MEDIA များတွင်လည်းကောင်း၊ ကိုယ်စားလှယ်များဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

Prorich Company Myanmar အမည်ပါ Page နှင့် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ ဖြန့်ဖြူးရောင်းချသော ProRich လုပ်ငန်းအမှတ်တံဆိပ်စာသားဖြင့် ကုမ္ပဏီတည်ထောင်၍ ထိုင်းနိုင်ငံ၏ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်း(၈)မျိုးဖြစ်သော (1)Veena Dietary Supplement (2) Peacha (Dietary Supplement Product)(3) Swane Zero(4)Tinyme Hair Removal Spray(5) Danoffy Persimmon Underarm Cream (6) Kiremo Camellia Blossom Soothing Cleansing Mousse (7) Kiremo Camellia Blossom Soothing Essence (8) Hanuman Foot Patch တို့၏ ဈေးနှုန်းများကိုလည်း ကုမ္ပဏီမှဈေးကွက်အတွင်း သတ်မှတ်ထားသောဈေးများဖြင့်သာ ရောင်းချခွင့်ရှိကြောင်း ထိုသို့မဟုတ်ဘဲဈေးလျှော့၊ ဈေးတင်၊ ဈေးဖြတ်ရောင်းချခြင်းများတွေ့ရှိလျှင် သော်လည်းကောင်း၊ ကုမ္ပဏီ၏စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများကို ကျွန်ုပ်မိတ်ဆွေ Prorichကုမ္ပဏီမှ တစ်ဦးတည်း ကိုယ်စားလှယ်ရရှိထားသူဖြစ်၍ ကုမ္ပဏီမှတရားဝင် ကိုယ်စားလှယ်များကသာ ရောင်းချခွင့်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ အထက်အမည်ပါ စားသောက်ကုန်နှင့်အလှကုန်ပစ္စည်း(၈)မျိုးကို ကုမ္ပဏီ၏ခွင့်ပြုချက်မရှိဘဲ တင်သွင်းခွင့်မရှိသလို ကုမ္ပဏီမှပေးအပ်သော Promotion များ ဖြင့်သာရောင်းချခွင့်ရှိပြီးအခြားမည်သူတစ်ဦးတစ်ယောက်မျှ မိမိသဘောဖြင့် မိမိ Promotion ချ၍ ရောင်းခွင့်မပြုကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီ၏နာမည်ဂုဏ်သတင်းကို ကျဆင်းစေရန်၊ အကျိုးနစ်နာဆုံးရှုံးစေရန် ယနေ့မှ စ၍ မပြုလုပ်ကြပါရန်နှင့် နောက်နောင် တွင် အကယ်၍ပြုလုပ်ခြင်းများတွေ့ရှိပါက ကုမ္ပဏီ၏နစ်နာမှုအဝဝအတွက် နစ်နာကြေးငွေ ၅၀၀၀၀၀၀၀ိ/– (ငွေကျပ် သိန်းငါးရာတိတိ)ကို ပေးလျော်ရမည်ဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုင်းထွန်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိဖြိုး(LL.B)** **ဒေါ်ဖြိုးသန္တာသော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်– ၅၀၂၈၅/၂၀၁၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၄၅၊ ၂၀၁၇)**
**တိုက်အမှတ် (၆/B)၊ မြေညီ၊ ပုညဝမုနလမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း– ၀၉– ၄၅၂၂၂၃၀၉၊ ၀၉– ၄၂၀၀၄၄၂၇၅**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/1855 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၉-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈)အများသိစေရန် ကြော်ငြာတွင် ဒေါ်လှလှဌေး၊ ဒေါ်ခင်သီတာကြည်တို့နှင့် သက်ဆိုင်ခြင်းရှိပါကြောင်း အစား **ဒေါ်လှလှဌေး ၊ ဒေါ်ခင်သီတာကြည်တို့နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

၂၀၁၃ ခုနှစ် မတ်လတွင် ခုံအမှတ် (စကမ–၂၉၅)ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သော မောင်ချမ်းမြေ့အောင်၏ဖခင် ဦးကျော်ဖေနှင့် ဦးမဲညို ၅/မကန(နိုင်)၀၄၅၄၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်ဖေ(ခ)ဦးမဲညို**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/6258 Jialing–90 ယာဉ်လက်ဝယ်ရှိသူ ဦးညီလှ ၅/ကလထ(နိုင်)၀၄၄၁၉၃ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တမူး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ပြည်တော်သာရပ်ကွက်နေ ဦးမြင့်သူ–ဒေါ်နွယ်နွယ်အေးတို့၏သား မောင်ထက်ကိုကိုသူ ၉/ကပတ(နိုင်)၂၂၁၆၈၀သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းသွားမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိဘ ဦးမြင့်သူ–ဒေါ်နွယ်နွယ်အေး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ နယ်မြေ (၃)၊ ဆိပ်ကမ်းသာလမ်းနေ ဦးကျော်မြင့်–ဒေါ်ခင်မာကြိုင် တို့၏သား မောင်မျိုးဇော်ထက် ၅/ကလထ(နိုင်)၁၂၄၉၆၀ သည် မိဘများစိတ်ဆင်းရဲအောင် မိမိဆန္ဒအရ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်–ဒေါ်ခင်မာကြိုင်**

စာအုပ်

စာပေ

လူ့မိတ်ဆွေ

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## စက္ကူ၊ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | 30''Newsprint Paper (High Bright) , 45.0 ± 1.0 Gsm | တန် | ၁၀၀၀ |
| (ခ) | Coldset Web Offset Printing Ink (Black) | ကီလို | ၈၅၀၀ |
| (ဂ) | Coldset Web Offset Printing Ink (Cyan) | ကီလို | ၉၀၀၀ |
| (ဃ) | Coldset Web Offset Printing Ink (Magenta) | ကီလို | ၄၀၀၀ |
| (င) | Coldset Web Offset Printing Ink (Yellow) | ကီလို | ၁၀၀၀၀ |
| (စ) | Fountain Solution | လီတာ | ၁၁၀၀၀ |
| (ဆ) | Positive Thermal CTP Plate (Fuji)(889 x 609 x 0.3)mm | ချပ် | ၆၅၀၀ |
| (ဇ) | Positive Developer (Fuji) | လီတာ | ၃၀၀၀ |
| (ဈ) | Positive Thermal CTP Plate (Kodak)(889 x 577 x 0.3)mm | ချပ် | ၂၁၀၀၀ |
| (ည) | Positive Thermal CTP Plate (Kodak)(889 x 609 x 0.3 ) mm | ချပ် | ၉၆၀၀၀ |
| (ဋ) | Positive Thermal CTP Plate (Kodak)(889 x 574 x 0.3)mm | ချပ် | ၁၃၅၀၀ |
| (ဌ) | Positive Developer (Kodak) | လီတာ | ၁၈၀၀၀ |
| (ဍ) | Replenisher | လီတာ | ၃၀၀၀ |
| (ဎ) | Sponge | ခု | ၉၀ |
| (ဏ) | Rubber Blanket(889x651x1.68)mm (Orient X-cel) | ချပ် | ၁၀၀ |
| (တ) | Rubber Blanket (889x615x1.68)mm (Orient X-cel) | ချပ် | ၈၀ |
| (ထ) | Rubber Blanket (889x593x1.7)mm (Goss Community) | ချပ် | ၃၀ |
| ( ဒ ) | Rubber Blanket (915x620x1.7)mm (Koncept) | ချပ် | ၁၀၀ |
| ( ဓ ) | 29 X Toner/Cartridge | ဘူး | ၂၀ |
| ( န ) | 16 A Toner/Cartridge | ဘူး | ၉၀ |
| ( ပ ) | Sharp A3 Copier AR-6020V Toner/Cartridge | ဘူး | ၇၀ |
| ( ဖ ) | 165 A3 Copier Toner/Cartridge | ဘူး | ၅၀ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို၁၅-၉-၂၀၂၀ ရက်နေ့မှ၁၄-၁၀-၂၀၂၀ရက်နေ့အထိ နေ့စဉ်နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် စက္ကူတင်ဒါ (၁)စောင်လျှင် ၁၅,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်မင်တင်ဒါ (၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပလိတ်နှင့်ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအတွက် တင်ဒါ (၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်းလာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို၂၁-၁၀-၂၀၂၀ ရက်နေ့ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ (၃)လသက်တမ်းရှိ Performance Bank Guarantee (PG)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၁၂၂၃၊ ၀၆၇-၃၄၁၂၂၈၊ ၀၁-၈၂၀၁၁၉၂၊ ၀၁-၈၂၀၀၈၁၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၂၃၊၀၆၇-၃၄၁၂၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၂၃**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၂၀)

၁။ ယခင်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ဓနိတောရှိ နှစ်ကာလကြာ စတိုပစ္စည်း စုစုပေါင်း ၇၉၈၅ မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၁၃-၁၀-၂၀၂၀ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်းကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အုပ်စုအမှတ် | တည်နေရာ |
|---|---|---|---|
| ၁ | မော်တော်ယာဉ်/ပန့်/Bowser/Transformer/Air Compressor အပိုပစ္စည်းများနှင့် လုပ်ငန်းသုံးစက်ကိရိယာတန်ဆာပလာများ ၃၉၁၇ မျိုး | Lot (1) | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ဓနိတော |
| ၂ | ပိုက်/လျှပ်စစ်/မီးသတ်စက်/ဒီဇယ်အင်ဂျင်/လေယာဉ်ဆီသုံးစက်ကိရိယာအပိုပစ္စည်းများ( ၃၉၀၃)မျိုး | Lot (2) | ။ |
| ၃ | လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ(၁၆၅)မျိုး | Lot (3) | ။ |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၁၈-၉-၂၀၂၀ ရက်မှစတင်၍ တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ရန်ကုန်တိုင်းဒေသကြီး၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဝယ်ယူရရှိနိုင်ပြီးအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၇၉၅၊၀၉-၄၂၂၂၀၆၃၂၄၊၀၆၇-၃၄၁၁၄၉၂ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**






## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးချုပ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် (ပေါင်းလောင်းပင်မစတိုဂိုဒေါင်အရောက်)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No. 04/ EPGE/2020-2021 | Emergency Diesel Generator (500 kVA) ဝယ်ယူခြင်း (2 Set) |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၆-၁၀-၂၀၂၀ ရက်နေ့ (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပုံစံအား (၁၈-၉-၂၀၂၀)ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့် (DDP At Site) ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No. 05/ EPGE/2020-2021 | လှော်ကားဓာတ်အားပေးစက်ရုံရှိ Frame-6 Gas Turbine (No.1) အကြီးစားပြုပြင်ရန် (Major Inspection) အတွက် Spare Parts များဝယ်ယူခြင်း။ |
| (ခ) | Tender No. 06/ EPGE/2020-2021 | အပူစွမ်းအင်သုံးစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေး စက်ရုံများအတွက် Air Filter များ ဝယ်ယူခြင်း။ |
| (ဂ) | Tender No. 07/ EPGE/2020-2021 | 10'Ø Gas Pipe နှင့် Pipe Accessorie များ ဝယ်ယူခြင်း။ |
| (ဃ) | Tender No. 08/ EPGE/2020-2021 | ရွာမဓာတ်အားပေးစက်ရုံ အတွက် Hydrogen Gas ဝယ်ယူခြင်း။ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၂:၀၀နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်** - ၁၆- ၁၀-၂၀၂၀ ရက် ၁၂:၀၀ နာရီ

၄။ တင်ဒါပုံစံအား ၁၇-၉-၂၀၂၀ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် www.moee.gov.mm တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄/အသံအနံ့)၊ မြေကွက်အမှတ်(၆၅၁)အား အမည်ပေါက် ဦးမြင့်စိုး ၁၂/ဒဂတ(နိုင်)၀၃၅၁၃၅ ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဦးတင်ဝင်း ၁၂/ဒဂတ(နိုင်)၀၇၂၈၈၈မှ စက်မှုလိုင်စင် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက စက်မှုလိုင်စင်ထုတ်ပေးရေးကို ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ မြို့မတောင်ရပ်ကွက်၊ အမှတ်(၃၉)နေ ဦးငွတ်ဝှား(ခ)ဦးငုဝါ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးငွတ်ဝှား(ခ)ဦးငုဝါမှ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၊ မြို့မတောင်၊ ရုံးရပ်ကွင်း၊ အကွက်အမှတ် ၈/ရုံးရပ်၊ ဦးပိုင်အမှတ် ၁၈/၁၁၊ မြေကွက်အမှတ် ၂၇/၁၆၃၊ ပိုင်ဆိုင်ခွင့် L ၊ မြေအမျိုးအစားမြို့မြေ၊ ဧရိယာ ၀ ဒသမ ၂၁၈ ဧက အနက်မှ ခွဲစိတ်ထားသည့် ၀ ဒသမ ၀၂၈ ဧက ဝိုင်းမြေကွက်အား အစဉ်အဆက် နေထိုင်ပိုင်ဆိုင်လာသူများထံမှ ၁၈-၁၂-၂၀၁၉ ရက်က ငွေအပြေအကျေပေးချေ၍ လက်ရောက်ဝယ်ယူထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ ဝိုင်းမြေနှင့်ပတ်သက်၍ ဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံတွင် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ဆက်လက်လျှောက်ထားသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏အမှုသည် ဦးငုဝါ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဖြူ LL.B, C.B.L**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၅၄၆ (၂၂-၁၁-၂၀၁၂)**
**အမှတ်-၅၀၊ အထူး ၁ လမ်း၊**
**အောင်မေတ္တာ(ဃ)ရပ်ကွက်၊ မကွေးမြို့**
**ဖုန်း-၀၉-၄၄၉၉၈၉၁၉၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | တန် | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၃,၀၀၀ | ၂၀-၁၀-၂၀၂၀ | ၁၂:၀၀ | ၂၀-၁၀-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၂၇-၁၀-၂၀၂၀ | ၁၂:၀၀ | ၂၇-၁၀-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၃-၁၁-၂၀၂၀ | ၁၂:၀၀ | ၃-၁၁-၂၀၂၀ | ၁၄:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၃,၀၀၀ | ၂၀-၁၀-၂၀၂၀ | ၁၂:၀၀ | ၂၀-၁၀-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၂၇-၁၀-၂၀၂၀ | ၁၂:၀၀ | ၂၇-၁၀-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၃-၁၁-၂၀၂၀ | ၁၂:၀၀ | ၃-၁၁-၂၀၂၀ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အထက (မိုင်းဆတ်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဟာရီလှ၏ ဖခင်အမည်မှန်မှာ ဦးနေဟန်မိ ၁၃/မဆန(နိုင်)၀၀၈၆၀၄ ဖြစ်ပါကြောင်း။

**ဦးနေဟန်မိ**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အထက(မိုင်းဆတ်)မှ ဆဋ္ဌမတန်းအောင်မြင်ပြီးသော မမာရီ၏ ဖခင်အမည်မှန်မှာ ဦးနေဟန်မိ ၁၃/မဆန(နိုင်)၀၀၈၆၀၄ ဖြစ်ပါကြောင်း။

**ဦးနေဟန်မိ**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အမက (မယ်ပန်)မှ တတိယတန်းအောင်မြင်ပြီးသော မမာထ၏ ဖခင်အမည်မှန်မှာ ဦးနေဟန်မိ ၁၃/မဆန(နိုင်)၀၀၈၆၀၄ ဖြစ်ပါကြောင်း။

**ဦးနေဟန်မိ**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အမက(မယ်ပန်)မှ ဒုတိယတန်း အောင်မြင်ပြီးသော မောင်ထောမြင့်ရှိ၏ ဖခင်အမည်မှန်မှာ ဦးနေဟန်မိ ၁၃/မဆန(နိုင်)၀၀၈၆၀၄ ဖြစ်ပါကြောင်း။

**ဦးနေဟန်မိ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ တောင်ပြင်(၁)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၀၊မဋ္ဌုရပ်)၊ ဦးပိုင်အမှတ်(၃၃-က)၊ဧရိယာ ၀ ဒသမ ၁၅၃ ဧကရှိ မြေကွက်ကို ဒေါ်သီတာစိုးအမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်(၈)ရပ်ကွက်၊ မြစ်ပယ်လမ်း တောင်ပိုင်း အမှတ်(၂၄)နေ ဦးအေးသင်း၏ သမီး မကြည်ညိုသင်း ၁၂/မရက(နိုင်) ၁၇၂၃၉၀၈၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၆-၂၀၀၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/9007 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုမင်း ၁၂/တကန(နိုင်)၁၃၁၇၀၇၇(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ (ပဲခူး)**

## ကုမ္ပဏီအမည်ပြောင်းလဲခြင်း

၁၁-၉-၂၀၂၀ ရက်မှ စတင်ကာ Pacific Star Finance Co.,Ltd.(Company Registration No.116763478 ၏ ကုမ္ပဏီအမည်အား Welcome Microfinance Myanmar Limited အမည်သို့ ပြောင်းလဲပြီး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Pacific Star Finance Co.,Ltd.**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄/စက်မှု)၊ အသံအနံ့စက်မှုဇုံ၊ မြေကွက်အမှတ်(၅၈၉)၊ ခန့်မှန်းဧရိယာ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၀.၀၅၅)ဧကရှိ ဦးနေလင်း(၁၃/နခတ(နိုင်)၀၄၉၈၀၃)အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ထွေး (၁၂/ပဘတ (နိုင်)၀၂၂၇၆၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးထိန်လင်းသန်း** LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

**Hein Htet San Law Firm** ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁) ရပ်ကွက် ၊ ဇေယျာသီရိ(၆)လမ်း ၊ မြေကွက်အမှတ်(၆၁၆) ၊ အကျယ်အဝန်း(၄၃ပေ× ၆၀ပေ) ရှိ ဦးအောင်သန်း (၁၂/သလန(နိုင်)၀၆၉၃၃၄) (EP-၁၀၀၆၄၅) အမည်ပေါက်နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစံမြင့် (၁၂/သဃက (နိုင်) ၀၅၄၀၇၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးထိန်လင်းသန်း** LL.B,D.B.L,D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ဃ/၅၆၃၄ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမင်းကျော် ၁၀/သဖရ(နိုင်)၁၆၄၂၈၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

**မီးသတိပြု**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

၁။ (၁၅–၉–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအတွင်း COVID–19 ဓာတ်ခွဲ စစ်ဆေးချက်များအရ–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၈၃၃)ခု
- ဆေးသုတေသနဦးစီးဌာန (DMR) ဓာတ်ခွဲနမူနာ (ပထမအသုတ်) (၂၉၁) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၅၉) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၄၇) ခု
- ပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၇၇) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၄) ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၃၅) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၉) ခု နှင့်
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၄၂) ခု

စုစုပေါင်း (၂,၁၇၃)ခု အား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၃) ဦး တွေ့ရှိရပါသည်။

၂။ (၁၅–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃,၅၀၂) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၈၃၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻

## ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၅

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံ ရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီနှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီနှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ နှင့် ၁၈ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## လေဖိအားနည်းရပ်ဝန်း အားလျော့မည်ဟုခန့်မှန်း

နေပြည်တော် စက်တင်ဘာ ၁၅

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေကို ဖြတ်ကျော် ဝင်ရောက်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




## ရခိုင်နှင့် မကွေး ကုန်စည်လွှဲပြောင်းရေးစခန်း ငဖဲမြို့နယ်တွင် ဖွင့်လှစ်

ငဖဲ စက်တင်ဘာ ၁၅

ရခိုင်ပြည်နယ်သွား ကုန်ကားများနှင့် မကွေးတိုင်းဒေသကြီးအဝင် ကုန်ကားများတွင် လိုက်ပါလာသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို လဲလှယ်မောင်းနှင်စေရန် စီစဉ်ထားသည့် ကုန်စည်လွှဲပြောင်းရေး စခန်းတစ်ခုကို ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာအုပ်စုရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးစခန်းအနီးတွင် စက်တင်ဘာ ၁၄ ရက်ကစ၍ ဖွင့်လှစ် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မင်းဘူး–အမ်းလမ်း မိုင်တိုင်အမှတ် (၃၉ မိုင် ၄ ဖာလုံ)တွင် ကုန်စည်လွှဲပြောင်းရေး စခန်းအသစ်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာငွေကျပ် ၂၃ ဒသမ ၉၄၆ သန်းဖြင့် ကွပ်ကဲရေးရုံး၊ ကားသမားများ နားနေဆောင်နှင့် ရေမီး အထွေထွေ လုပ်ငန်းများကို စက်တင်ဘာ ၄ ရက်မှစ၍ ခုနစ်ရက်အတွင်း အမြန်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❂

## COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များသို့ အသိပေးညွှန်ကြားချက် ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များသို့ အသိပေးညွှန်ကြားချက် ထုတ်ပြန်ကြေညာခြင်း
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်)

၁။ အလုပ်သမားများအားလုံး လုပ်ငန်းခွင်တွင်သာမက အလုပ် အသွား/အပြန် အချိန်တိုင်း၊ အပြင်သို့ ထွက်သည့်အချိန်တိုင်း၊ တခြားသူများနှင့် (၆)ပေအတွင်းတွင် ပြောဆိုဆက်ဆံရသည့် အချိန်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်းနှင့် မျက်နှာအကာကို မဖြစ်မနေ ဝတ်ဆင်ရပါမည်၊

၂။ အလုပ်သမားများအားလုံး အလုပ်စတင်ဝင်ရောက်ချိန်၊ ထမင်းစားခန်း/နားနေခန်းသို့ မဝင်မီအချိန်၊ အစားအစာ မစားသောက်မီအချိန်၊ စားသောက်ပြီးချိန်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ စက္ကန့်(၂၀)အကြာ လက်ဆေးခြင်း(သို့မဟုတ်) alcohol အနည်းဆုံး (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း ပြုလုပ်ရပါမည်၊ လက်မဆေးဘဲ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့ကို ကိုင်တွယ်ခြင်းမပြုရပါ၊

၃။ အလုပ်သမားများ ထမင်းစားသောက်ရာတွင် စုရုံးစားသောက်ခြင်းမပြုစေဘဲ ထမင်းစားခန်းတွင် တစ်ဦးနှင့်တစ်ဦး ဖြစ်နိုင်ပါက (၆) ပေခွာ၍စားခြင်း (သို့မဟုတ်) မိမိတို့အလုပ်စားပွဲတွင် ထမင်းစားစေခြင်း (သို့မဟုတ်) အချိန်ခွဲ၍ စားသောက်စေခြင်း၊ ထိုသို့ စားသောက်နိုင်စေရန် အလုပ်ရှင်မှ စီစဉ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ❑

## အေတီမက် ဗဟိုခံစစ်ကစားသမား ဂျို့စ်ဂျီမီနက်ဇ်ကို ခေါ်ယူရန် မန်စီးတီးအသင်း ကမ်းလှမ်း




ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းမှ ဗဟိုခံစစ်ကစားသမား ဂျို့စ်ဂျီမီနက်ဇ်ကို ပေါင် ၈၂ သန်းဖြင့် ကမ်းလှမ်းမှု ပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

နည်းပြ ဂွါဒီယိုလာသည် အပြောင်းအရွှေ့ကာလ အစောပိုင်းတွင် ဘုန်းမောက်အသင်းမှ ဗဟိုခံစစ်ကစားသမား နသန်အကီကို ပေါင် ၄၁ သန်းဖြင့် ငါးနှစ်စာချုပ်ခေါ်ယူခဲ့ပြီးနောက် ယခုအခါတွင် နောက်ထပ်ဗဟိုခံစစ်ကစားသမား တစ်ဦးဖြစ်သူ

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်


၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့တော်နှင့် ရေစီမံခန့်ခွဲမှု

● ထင်ပေါ်ဝင်း



ဂျိုးဖြူရေလှောင်ကန်



မိုးရာသီကာလအတွင်း ကျရောက်နေသော်လည်း ရန်ကုန်မြို့၏ အပူချိန်က သိသိသာသာမြင့်တက်နေပြီး မိုးရွာသွန်းမှုက နည်းပါးလျက်ရှိနေသည်။ ကမ္ဘာကြီးပူနွေးလာခြင်းမှအစပြုကာ ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုဖြစ်စဉ်များက တစ်နေ့တခြား မြန်ဆန်လာနေသည်။ မိုးလေဝသပညာရှင်များ၏ ခန့်မှန်းထားမှုများအရ နောက်ပိုင်းတွင် အပူချိန်က သိသိသာသာတိုးလာနိုင်ဖွယ်ရှိနေသည်။ အပူချိန်မြင့်တက်မှုကြောင့် ရေခဲများ အရည်ပျော်ကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှင့်အတူ ဒီရေပိုတက်ခြင်းကို ကမ္ဘာအနှံ့ကြုံတွေ့နေရပြီး မြန်မာနိုင်ငံလည်း ယင်းသက်ရောက်မှုကို ခံစားရမည်ဖြစ်ပါသည်။

### မိုးရေချိန်မှာ ပုံမှန်ရွာသွန်းမှုအောက် လျော့နည်း

မြန်မာနိုင်ငံရှိ ရာသီဥတုသုံးမျိုးအနက် မိုးရာသီမှာ အကြာဆုံးကာလဖြစ်ကာ ရေရရှိရေးအတွက် မုတ်သုံမိုးကို အဓိက မှီခိုနေရသည်။ အနောက်တောင်မုတ်သုံလေတိုက်ခတ်ချိန်သည် မြန်မာနိုင်ငံအတွက် မိုးရာသီကာလ အစပင်ဖြစ်သည်။ ထူးခြားစွာတိုက်ဆိုင်မှုဟု ဆိုရမည့် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားသည့်နှစ်တွင် မုတ်သုံအဝင်က နောက်ကျကာ အထွက်စောမည်ဖြစ်သည့်အတွက် ရရှိမည့်မိုးရေချိန်က နည်းပါးမည်ဖြစ်သည်။ ရန်ကုန်ကောင်းကင်ယံအနှံ့ ရွာချသည့်မိုးက မျှတစွာရွာသွန်းခြင်းမရှိဘဲ ရွာချင်သည့်နေရာတွင်သာ သဲသဲမဲမဲရွာသွန်းပြီး အခြားနေရာများတွင် ခြောက်သွေ့နေတတ်သည်။ ကွက်ကျားမိုးက သည်းသည်းထန်ထန် ရွာသည့်အတွက် မိုးရွာသည့်နေရာတွင် ရေကြီးရေလျှံမှုက တစ်ပါတည်းဖြစ်တော့သည်။ ရန်ကုန်မြို့တော်ရေပေးဝေရေးအတွက် ရေအရင်းအမြစ်များတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဘက်ရှိ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူးမြို့နယ်များတွင် ရွာသွန်းသည့် မိုးရေချိန်မှာ ပုံမှန်ရွာသွန်းမှုအောက် လျော့နည်းနေသည်။ ရွာသွန်းသောမိုးရေများကို စုဆောင်းသိုလှောင်ထိန်းသိမ်းလျက်ရှိသော ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား၊ ငမိုးရိပ်ရေလှောင်ကန်များတွင် ယခုနှစ်မိုးရေစုဆောင်းရရှိမှုက နွေရာသီကာလ ရန်ကုန်မြို့တော် ရေပေးဝေမှုအတွက် စိတ်ပူစရာအခြေအနေတစ်ရပ် ဖြစ်သည်။

### ရေလိုအပ်ချက်ပမာဏက များလာ

ရန်ကုန်မြို့တော်သည် နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့်အတွက် အခြားအနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်သူများပြားကာ လူဦးရေတိုးနှုန်းလည်း ပိုမိုများပြားလာသည်။ လူဦးရေတိုးနှုန်းနှင့်အတူ ရေလိုအပ်ချက်ပမာဏက များလာသည်။ စက်မှုဇုန်များတိုးတက်ထွန်းကားလာသည့်အတွက် ရေလိုအပ်ချက်က ပိုမိုလာသည်။ မြို့ရေိယာမှာလည်း မြို့စွန်မြို့ဖျားများသို့ တိုးထွက်မှုရှိသလို အထပ်မြင့်တိုက်တာတို့ကလည်း တိုးပွားလာနေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ်များအား လှော်ကား၊ ဖူးကြီး၊ ဂျိုးဖြူ၊ ငမိုးရိပ်ရေလှောင်ကန်များနှင့် အဝီစိတွင်းများမှ နေ့စဉ်ရေဂါလန် ၂၀၅ သန်းပေးဝေလျက်ရှိရာ ရေပေးဝေမှုပမာဏအားလုံး၏ ၉၀ ရာခိုင်နှုန်းကို မြေပေါ်ရေမှ ရရှိပြီး ကျန် ၁၀ ရာခိုင်နှုန်းကို မြေအောက်ရေမှ ထုတ်ယူအသုံးပြုထားသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းနေထိုင်သူ ၅ ဒသမ ၁၆ သန်းရှိသည့်အတွက် တစ်နိုင်ငံလုံးလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရန်ကုန်မြို့တော်တွင် နေထိုင်လျက်ရှိသည်။

### အခက်အခဲများ ဖြစ်ပေါ်လာနိုင်

ရန်ကုန်တိုင်းဒေသကြီးအတွက် ရေနှင့်ပတ်သက်၍ အဓိကပြဿနာသည် လုံလောက်သော မိုးရေချိန်ရရှိရေးပင်ဖြစ်သည်။ ရန်ကုန်မြို့တော်ရေပေးဝေရေးအတွက် အဓိကကျသော ရေလှောင်ကန်ကြီးများသည် မြောက်ဘက်အရပ်ဖြစ်သော တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူးဘက်တွင် တည်ရှိပြီး မိုးလေဝသပညာရှင်များ၏

**စာမျက်နှာ (ခ) သို့**

# ရန်ကုန်မြို့ရဲ့ အိပ်မက်တံတားတစ်စင်း

ဇင်လင်းမြင့်



ရန်ကုန်မြို့လယ်နဲ့ အနီးကပ်ဆုံးကျွန်းလေးသဖွယ် တည်ရှိနေတာကတော့ ဆိပ်ကြီးခနောင်တိုမြို့နယ်ပါပဲ။ ဆိပ်ကြီးခနောင်တိုမြို့နယ်ဟာ ရန်ကုန်မြစ်တစ်ဖက်ကမ်းနဲ့ တွံတေးတူးမြောင်း၊ ခနောင်တိုချောင်းတို့ ဆုံတဲ့နေရာမှာ တည်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း မြစ်ချောင်းတွေခြားထားလို့ တိုးတက်ဖွံ့ဖြိုးမှုလည်း နှေးကွေးခဲ့ပါတယ်။ အခုအချိန်မှာတော့ ဒီမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော ဒေသဖွံ့ဖြိုးရေးအတွက်ပါ အရေးပါမယ့် တွံတေးတူးမြောင်းတံတားကို စတင်တည်ဆောက်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

"ဆိပ်ကြီးခနောင်တိုနဲ့ ဒလမြို့နယ်ကို ဆက်သွယ်ပေးမယ့် တွံတေးတူးမြောင်းတံတားဟာ ဒေသဖွံ့ဖြိုးရေးအတွက်ရော ပြည်သူတွေ သွားလာရေးအတွက်ပါ ဘေးကင်းလုံခြုံစွာနဲ့ အဆင်ပြေစေတော့မှာဖြစ်ပါတယ်" လို့ ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ပြောပါတယ်။ ဆိပ်ကြီးခနောင်တိုမြို့နယ်ဟာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှာ တည်ရှိပြီး မြို့နယ်ရဲ့အရှေ့ဘက်မှာ ရန်ကုန်မြစ်နဲ့ ဒလမြို့နယ် တည်ရှိပါတယ်။ အနောက်ဘက်မှာတော့ တွံတေးမြို့နယ်၊ တောင်ဘက်မှာ တွံတေးမြို့နယ်နှင့် ဒလမြို့နယ်၊ မြောက်ဘက်မှာတော့ ရန်ကုန်မြစ်နဲ့ ကြည့်မြင်တိုင်မြို့နယ်တို့ ထိစပ်နေပါတယ်။

**စာမျက်နှာ (ခ) သို့**

**ရန်ကုန်မြို့တော်နှင့် ရေစီမံခန့်ခွဲမှု . . . မှ**

တိုင်းထွာမှုမှတ်တမ်းများအရ ယင်းအရပ်ဒေသရှိ စခန်းများတွင် မိုးရေချိန် လျော့နည်းလာသည်ကို တွေ့ရှိနေရသည်။ ယခုအခါ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်လာပြီး ရေလှောင်ကန်ကြီးများတွင် မိုးရေရရှိမှု လျော့နည်းလာသည့်အတွက် ရန်ကုန်မြို့ကို သောက်သုံးရေ လုံလောက်စွာပေးဝေနိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လာနိုင်သည်။

**မိုးရေ စုဆောင်းရရှိမှုနည်းလာ**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်များဆောက်လုပ်ရာတွင် စိုက်ပျိုးရေးအတွက် ဦးစားပေးဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့ကို ရေပေးဝေရာ၌ ငမိုးရိပ်ဆည်မှ ရေအများဆုံးပေးဝေနေခြင်းဖြစ်ပြီး ရေပေးဝေမှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို ပေးဝေနေခြင်းဖြစ်သည်။ ငမိုးရိပ်ဆည်အနေဖြင့် ရန်ကုန်လူထု သောက်သုံးရန်အတွက်သာမဟုတ်ဘဲ ဆည်ရေသောက်ဧရိယာအတွင်းရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေအတွက်လည်း ပေးဝေနေရခြင်းဖြစ်သည်။ ယခုအခါ ဆည်အတွင်း မိုးရေစုဆောင်းရရှိမှု နည်းလာသည့်အတွက် သောက်သုံးရေဦးစားပေးရေးနှင့် စိုက်ပျိုးရေ ဦးစားပေးရေးတို့မှာ တာဝန်ရှိသူတို့အတွက် ခေါင်းခဲစရာ ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။

**ပြောင်းလဲစိုက်ပျိုးရန် အကြံပြု**

ရန်ကုန်တိုင်းဒေသကြီး၏ သောက်သုံးရေလိုအပ်ချက်အရ စိုက်ပျိုးရေးဘက်တွင် ရေကိုလျှော့ချသုံးစွဲရန် ပညာရှင်တို့က အကြံပြုကြသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမည့်သီးနှံများတွင် အထူးသဖြင့် နွေစပါးအစား ရေလိုအပ်ချက်အနည်းဆုံးဖြစ်သည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးရာတွင်လည်း ရေလိုအပ်ချက် အနည်းဆုံးဖြစ်သောသီးနှံဖြစ်ဖို့လိုသလို တောင်သူများအတွက် စီးပွားဖြစ်ထွန်းမည့် သီးနှံအမျိုးအစားဖြစ်ရန်လည်း လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးပညာရှင်တို့က နွေစပါးထက် ရေလိုအပ်ချက်နည်းသော ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲတို့ကို ပြောင်းလဲစိုက်ပျိုးရန် အကြံပြုကြသည်။

အခြားတစ်ဖက်၌လည်း ရန်ကုန်မြို့တော်သူ မြို့တော်သားများအနေဖြင့် ရေကိုစည်းကမ်းရှိရှိ၊ အကျိုးရှိစွာအသုံးချတတ်ရန် လိုအပ်သည်။ လက်ရှိဖြစ်ပေါ်နေသော ဖြစ်ရပ်များအပေါ် ပညာရှင်တစ်ဦးက "ကိုဗစ်ကြောင့် လက်ဆေးရမယ်။ လက်ဆေးတဲ့အခါမှာ လက်ကိုရေဆွတ်ပြီး ဆပ်ပြာတိုက်တဲ့အချိန်မှာ ရေဘားကို ပြန်ပိတ်ထားဖို့ လိုပါတယ်။ အခုဟာက ရေဘားဖွင့်လိုက်



ဖူးကြီးရေလှောင်ကန်

တယ်။ လက်ကိုရေဆွတ်ပြီး ဆပ်ပြာတိုက်တယ်။ ဆပ်ပြာတိုက်တဲ့အချိန်မှာ ရေတွေက ဒလဟောကျနေတယ်။ ဘာမှလည်း မသုံးဘဲနဲ့ရေက ရေကောင်းကနေ ရေဆိုးမြောင်းထဲရောက်သွားတာတွေရှိတယ်။ ဒါမျိုးတွေကအစ ဆင်ခြင်ဖို့လိုတယ်။ လူတိုင်းလူတိုင်းက ရေကိုစည်းကမ်းတကျ သုံးမယ်ဆိုရင်တော့ ရေက လောက်သွားမှာပါ။ စည်းကမ်းတကျ မသုံးတဲ့အခါကျတော့ တကယ်မသုံးလိုက်ရဘဲ ဆုံးရှုံးသွားတဲ့ရေက ပိုများနေတယ်လို့ ယူဆရပါတယ်။ နောက်တစ်ချက်က ရေကိုမျှဝေသုံးစွဲတတ်ဖို့ လိုအပ်ပါတယ်။ ရေအားကောင်းကောင်းရရှိတဲ့ မြို့နယ်များမှာနေထိုင်တဲ့ ရေသုံးစွဲသူပြည်သူများက ရေကိုလိုသလောက်သာ အကျိုးရှိရှိချွေတာသုံးစွဲမှ ရေအားနည်းတဲ့ မြို့နယ်များမှာနေထိုင်တဲ့ ပြည်သူများအတွက် ရေသုံးစွဲဖို့ အဆင်ပြေမှာဖြစ်ပါတယ်၊ ဥပမာ ရေပေးဝေတဲ့ ပိုက်လိုင်းအရင်းမှာ နေထိုင်သူနဲ့ အဖျားပိုင်းမှာနေထိုင်သူ ရေရရှိမှု ကွာခြားသလိုပါပဲ။ ပိုက်အရင်းပိုင်းနေထိုင်သူ အလေအလွင့်နည်းအောင် သုံးစွဲမှ ပိုက်အဖျားပိုင်းနေထိုင်သူ ရေသုံးစွဲဖို့ရေကျန်မှာဖြစ်ပါတယ်။ ဒါကလည်း လက်ရှိရေပေးရေးစနစ်က မြို့နယ်အလိုက် အချိန်ပိုင်း မျှဝေပေးနေရတဲ့စနစ်ကြောင့် စည်းကမ်းရှိစွာ ရေကိုသုံးစွဲဖို့ အထူးလိုအပ်နေတာပါ။ လက်ရှိဆောင်ရွက်နေတဲ့ စီမံကိန်းများ ပြီးစီးတဲ့အချိန်ရောက်ရင် ၂၄ နာရီ ရေပေးရေးစနစ်ဖြစ်လာတော့မှာပါ"ဟု ပြောကြားသည်။

**ရေကိုချွေတာသုံးစွဲရန်လို**

ဤအချိန်၊ ဤကာလရောက်တိုင်း ရေပြည့်မှတ်ကျော်လွန်လေ့ရှိသော ရန်ကုန်ရေလှောင်ကန်ကြီးများတွင် ယခုနှစ်၌ မိုးရေရရှိမှု လျော့နည်းသောကြောင့် ကန်ရေလိုအပ်ချက်ကို ပြည့်မီခြင်းမရှိသေးချေ။ ဥတုရာသီ မည်သို့ပြောင်းသည်ဖြစ်လင့်ကစား ရန်ကုန်မြို့နေပြည်သူလူထုအတွက် သောက်သုံးရေဖူလုံစွာ ရရှိရေးသည် နံပါတ်တစ် ဦးစားပေးရမည့်ပင်ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်တစ်မြို့လုံး အနှံ့ရေရရှိရေးအတွက် ရေပေးဝေရေးစနစ်ကို ပြောင်းလဲကာ နာရီအပိုင်းအခြားအလိုက် မြို့နယ်များသို့ ဖြန့်ပေးဝေလျက်ရှိသည်။ ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ရေကိုချွေတာသုံးစွဲရန် လိုသလို စုဆောင်းသိမ်းဆည်းရန်လည်း လိုအပ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရန်ကုန်မြို့ရဲ့ အိပ်မက်တံတားတစ်စင်း . . . မှ**

ဒီလိုနယ်မြေဧရိယာ ထိစပ်မှုတွေကြောင့် တွံတေးတူးမြောင်းကူးတံတား ပြီးစီးသွားရင် လမ်းပန်းဆက်သွယ်ရေးရော သယ်ယူပို့ဆောင်ရေးပါ ဟန်ချက်ညီညီ အဆင်ပြေချောမွေ့လာမှာ သေချာပါတယ်။ ဆိပ်ကြီးခနောင်တိုမြို့နယ်က ပြည်သူတွေဟာ ရန်ကုန်မြို့ကို သွားလာတဲ့အခါ စက်တပ်သမ္ဗန်စီးပြီး နေ့ညရာသီမရွေး သွားလာနေရတာမို့ ဘေးအန္တရာယ် များလှပါတယ်။ မြစ်ချောင်းတွေခြားထားလို့လည်း ပြည်သူတွေရဲ့ စီးပွားရေးလုပ်ငန်းတွေ ထင်တိုင်းမပေါက်ခဲ့ပါဘူး။ အခုဒီတံတားတည်ဆောက်နေတဲ့အတွက် ပြည်သူတွေရဲ့ နေ့စဉ်ဘဝအခက်အခဲကို ကျော်လွှားပေးနိုင်တော့မှာဖြစ်ပါတယ်။

တွံတေးတူးမြောင်းကူးတံတားကို တွံတေးမြို့နယ် မြယာကုန်းရွာအနီးနဲ့ ဒလမြို့နယ် တာကြီးရွာအနီးနေရာမှာ တည်ဆောက်မှာဖြစ်ပါတယ်။ ဒီတံတားရဲ့ ပန္နက်တင် အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ပြုလုပ်ခဲ့ပါတယ်။ တံတားအမျိုးအစားကတော့ သံမဏိသံပေါင် တံတားဖြစ်ကာ နှစ်လမ်းသွားဖြစ်ပါတယ်။ တံတားအကျယ် ၁၀ မီတာရှိပြီး တံတားအရှည်ကတော့ ၇၇၅ မီတာရှိကာ ချဉ်းကပ်လမ်း အပါအဝင် စုစုပေါင်းအရှည် ၂၅၄၂ ပေ ရှိမှာဖြစ်ပါတယ်။ တံတားတည်ဆောက်တဲ့ စုစုပေါင်းကုန်ကျစရိတ်ကတော့ ငွေကျပ် ၂၅ ဘီလီယံခန့် ရှိမှာဖြစ်ကြောင်းနဲ့ ဒီတံတား တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါတယ်။

ကိုဗစ်-၁၉ နဲ့ ရင်ဆိုင်နေတဲ့ကာလမှာ တည်ဆောက်ရေးလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေ စတဲ့လုပ်ငန်းတွေအားလုံး ပုံမှန်လည်ပတ်နိုင်ရေး ကြိုးစားနေရတဲ့အချိန်မှာ ဒီတံတားတည်ဆောက်ရေးလုပ်ငန်းတွေကိုလည်း အရှိန်မပြတ်ဆောင်ရွက်နိုင်ရေး ကြိုးစားသွားမှာဖြစ်ကြောင်း သိရပါတယ်။ ဆိပ်ကြီးခနောင်တိုမြို့နယ်ဟာ အကျယ်အဝန်း ၃ ဒသမ ၀၄ စတုရန်းမိုင်ကျယ်ဝန်းပြီး အရှေ့မှအနောက်သို့ ၃ ဒသမ ၂ မိုင်ရှိကာ တောင်မှမြောက်သို့ ၂ ဒသမ ၃ မိုင်ရှည်လျားပါတယ်။ ဆက်စပ်ဧရိယာတွေလည်း များတာမို့ တံတားတည်ဆောက်ပြီးသွားရင်တော့ ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးရေး အရှိန်အဟုန်နဲ့ တိုးတက်ထွန်းကားလာမှာ ဖြစ်ပါတယ်။

**လိုအပ်ချက်တစ်ခုဖြစ်**

ဒီတွံတေးတူးမြောင်းကူးတံတားကို ဂျပန်နိုင်ငံတွင် လက်ရှိအသုံးပြုနေသော တံတားဒီဇိုင်းများအတိုင်း တည်ဆောက်သွားမှာဖြစ်လို့ ခေတ်မီလှပတဲ့ တံတားအသစ်တစ်စင်းဟာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှာ မကြာခင်ပေါ်ထွက်လာတော့မှာ ဖြစ်ပါတယ်။ ဒီတံတားနဲ့အတူ ရေပိုက်လိုင်းတွေပါ သွယ်တန်းဖို့ရှိတာမို့ သောက်သုံးရေသန့် လိုအပ်နေတဲ့ ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သောက်ရေသန့်တွေလည်း တစ်ပြိုင်နက်ရရှိစေတော့မှာ ဖြစ်ပါတယ်။ ဆိပ်ကြီးခနောင်တိုမြို့နယ်ဟာ ရပ်ကွက်ပေါင်း ကိုးရပ်ကွက်ရှိပြီး အိမ်ထောင်စုပေါင်း ၁၀၀၀၀ ကျော်ရှိကာ လူဦးရေအနေနဲ့ကလည်း ၃၀၀၀၀ ကျော် နေထိုင်ကြောင်း သိရပါတယ်။ ဒါကြောင့်လည်း သောက်ရေသန့် နေ့စဉ်ရရှိရေးဟာလည်း မဖြစ်မနေ ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။

ကန်ရေကို အဓိက အားထားပြီး သုံးစွဲနေရတဲ့ ဒေသခံပြည်သူတွေအတွက် သောက်သုံးရေသန့်သုံးစွဲနိုင်ရေးဟာ ဝယ်ယူသုံးစွဲနေရတာ ဖြစ်တာကြောင့် နေ့စဉ်လူမှုဘဝရှင်သန်နေထိုင်ရေးမှာ အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်နေပါတယ်။ အခုလို တံတားတည်ဆောက်မှုကြောင့် လူမှုဘဝလိုအပ်ချက် အများအပြားကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းမှာ အစိုးရဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေ၊ အထွေထွေအလုပ်သမားတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံပြည်သူတွေဟာ ရန်ကုန်မြို့တွင်းကို စက်တပ်သမ္ဗန်တွေနဲ့သာ သွားလာနေကြရတာ ဖြစ်ပါတယ်။ မိုးရာသီမှာ လေဒဏ်၊ မိုးဒဏ်၊ လှိုင်းဒဏ် ကြုံတွေ့ခံစားရသလို ဆောင်းရာသီမှာလည်း မြူနှင်းတွေ ပိတ်ဆို့တာကြောင့် အသက်အန္တရာယ်ကြီးစွာနဲ့ နေ့စဉ်သွားလာနေကြရတာ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီးကိုလည်း ခရီးပေါက်နိုင်**

ဒီတံတားဟာ တွံတေးတူးမြောင်းအကျယ် ပေ ၇၀၀ ခန့် တည်ဆောက်ရမည်ဖြစ်ကာ တွံတေးမြို့အတွင်းဘက်သို့ မင်းရဲကျော်စွာလမ်းနဲ့ မြို့အပြင်ဘက် မအူပင်တွံတေးလမ်းကို ဆက်သွယ်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။ မင်းရဲကျော်စွာ လမ်းဟာ ပေ ၅၀ အကျယ်ရှိပြီး အရှည်ပေ ၁၁၀၀ ရှိတဲ့ ကွန်ကရစ်လမ်း ဖြစ်ပါတယ်။ တစ်ဖက်ကမ်းမှာရှိတဲ့ မြဂိုးရွာအနီးဖြတ်သန်းသွားတဲ့ မအူပင်တွံတေးလမ်းဟာလည်း ၁၈ ပေကျယ်တဲ့ ကတ္တရာလမ်း ဖြစ်ပါတယ်။ ဒီလမ်းနှစ်ခုကို အခုတည်ဆောက်မယ့် တံတားကြောင့် ဆက်စပ်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဆိပ်ကြီးခနောင်တိုမြို့နယ်ဟာ မအူပင်-တွံတေးလမ်းကတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးကိုလည်း ခရီးပေါက်နိုင်မှာ ဖြစ်ပါတယ်။

**တစ်ဆက်တစ်ဆပ်တည်းဖြစ်လာ**

ရန်ကုန်မြို့တောင်ပိုင်းခရိုင် ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအခြေခံကျတဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့ဆိုတာ ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တာမို့ အခုလိုမြစ်ကူးတံတားတွေ တည်ဆောက်ပေးနေတာ ဖြစ်ပါတယ်။ မြန်မာ-တောင်ကိုရီးယား ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရန်ကုန်မြစ်ကိုဖြတ်ပြီး ရန်ကုန်-ဒလတံတား တည်ဆောက်နေတာဟာ သတ်မှတ်ကာလအတွင်းမှာ ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတံတားနဲ့အတူ တွံတေးတူးမြောင်းတံတားဟာ ဒလမြို့နဲ့ ဆက်စပ်ပေးတာကြောင့် စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ဟာ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာပါလိမ့်မယ်။

**ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်**

အနာဂတ်မှာ စီမံကိန်းအများအပြား ရှိနေတဲ့ ဒလမြို့နယ်နဲ့ ဒီတံတားကြောင့် ဆက်စပ်သွားလာလို့ရတဲ့ ဆိပ်ကြီးခနောင်တိုမြို့နယ်ဟာလည်း စီမံကိန်းအသစ်တွေ၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ပေါ်ထွက်လာနိုင်တော့မှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခဲ့တဲ့ ရန်ကုန်တောင်ပိုင်းခရိုင်ဒေသတွေဟာ အခြားခရိုင်နည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်များလာမယ့် ဒလမြို့နယ်နဲ့ ဆိပ်ကြီးခနောင်တိုမြို့နယ်တွေမှာရှိတဲ့ လူငယ်တွေအတွက်လည်း မိမိတို့နေထိုင်ရာ မြို့နယ်တွေမှာ အလုပ်အကိုင်တွေနဲ့ စီးပွားရေးအခွင့်အလမ်းတွေ ရရှိစေတော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြို့နယ်ဖွံ့ဖြိုးရေးအတွက်လည်း နည်းလမ်းများစွာ ရရှိဖော်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။

**အဓိက ရေလမ်းကြောင်း**

၁၈၇၃ ခုနှစ်က စတင်ဖောက်လုပ်ခဲ့တဲ့ တွံတေးတူးမြောင်းဟာ အလျား ၂၂ မိုင်ခန့် ရှိပါတယ်။ ရန်ကုန်မြစ်နဲ့ တိုးမြစ်ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ အဓိက ရေလမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ ဆိပ်ကြီးခနောင်တိုမြို့နယ်နဲ့ ဒလမြို့နယ်တို့ကို ဆက်သွယ်ပေးဖို့အတွက် အဲဒီတွံတေးတူးမြောင်းကူးတံတားကို တည်ဆောက်ခြင်းလည်း ဖြစ်ပါတယ်။ ဒီတံတားကြောင့် ဒေသခံပြည်သူတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ ပညာရေးအတွက် များစွာအထောက်အကူရစေမှာ ဖြစ်ပါတယ်။

ဒီတံတားပြီးစီးသွားခဲ့ရင် ဆိပ်ကြီးခနောင်တိုမြို့နယ်က ပြည်သူတွေဟာ ရန်ကုန်မြို့ကိုသွားတဲ့အခါ လှိုင်သာယာမြို့နယ်ဘက်က ကွေ့ပတ်ပြီး သွားစရာမလိုဘဲ ဒလမြို့နယ်ကတစ်ဆင့် ရန်ကုန်ဒလတံတားကို တိုက်ရိုက်ဖြတ်ကူးပြီး သွားလာနိုင်တော့မှာ ဖြစ်ပါတယ်။ အချိန်ကုန်သက်သာပြီး သွားလာရအဆင်ပြေလွယ်ကူစေမှာ ဖြစ်တာကြောင့် ပြည်သူတွေအတွက် ထိထိရောက်ရောက် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်ကို အချိန်တိုအတွင်း သွားလာရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ပြည်သူတွေရဲ့ လူနေမှုဘဝ မြင့်မားမှုဟာလည်း အချိန်တိုအတွင်းရောက်ရှိစေနိုင်မှာ ဖြစ်ပါတယ်။

**အနာဂတ် မျှော်လင့်ချက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်မှုတွေရရှိဖို့ဆိုတာ ရင်းနှီးမြှုပ်နှံမှုတွေ၊ စီမံကိန်းချမှတ်ခွင့်ပြုမှုတွေ၊ ဟန်ချက်ညီညီဆောင်ရွက်နိုင်မှ ရရှိနိုင်မှာ ဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေ နေထိုင်မှုများပြားတဲ့ ဆင်ခြေဖုံးမြို့နယ်တွေမှာ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ဖော်ထုတ်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ မမျှော်လင့်တဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲ၊ အတားအဆီးတွေ ကြုံတွေ့ရနိုင်ပေမယ့် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုပြီးတော့ အောင်မြင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါမှလည်းပြည်သူတွေရဲ့ အနာဂတ် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အထောက်အကူပေးနိုင်မှာ ဖြစ်ပါတယ်။

အခုတည်ဆောက်မှု စတင်နေပြီဖြစ်တဲ့ တွံတေးတူးမြောင်းကူးတံတားဟာ ဆိပ်ကြီးခနောင်တိုမြို့နယ်နဲ့ ဒလမြို့နယ်ကို ဆက်စပ်ပေးရုံသာမကဘဲ ရန်ကုန်တောင်ပိုင်းခရိုင်နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးပြုစေမှာ ဖြစ်ပါတယ်။ ဒီလိုအကျိုးသက်ရောက်မှုတွေရှိလာမယ့် ဒီတံတားတည်ဆောက်မှုဟာ ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ပြည်သူတွေအတွက်ကတော့ အိပ်မက်တံတားတစ်စင်း ဖြစ်ပါတယ်။ ။

# ရန်ကုန်မြို့ရဲ့ စွန့်ပစ်အမှိုက် သိမ်းဆည်းမှုတွေနဲ့အတူ

● ဆွေဦးဝေ



ကိုမိုးညို အိမ်ရှေ့ထွက်လိုက်တဲ့ အချိန်က နံနက် ၈ နာရီ ရှိပြီ။ အိမ်ရှေ့လမ်း တစ်လျှောက် လူအသွားအလာ နည်းပါးနေတာ သတိပြုမိလိုက်ပါတယ်။ အရင်အချိန်တွေက ဆိုရင် အိမ်ရှေ့လမ်းပေါ်မှာ လူအသွားအလာက မပြတ်ခဲ့။ အခုတော့ ရန်ကုန်မြို့မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လူတွေအိမ်အပြင် ထွက်ပြီး သွားလာဖို့ သိသိသာသာ လျော့ကျသွားခဲ့ပါတယ်။ အလုပ်ကိစ္စ၊ အခြား လူမှုရေးကိစ္စတွေအပြင် ဈေးဝယ်ထွက်တာကအစ နည်းပါးသွားခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အိမ်တိုင်း နေ့စဉ်အမှိုက်စွန့်ပစ်ဖို့က အခက်အခဲ ဖြစ်လာပါတယ်။ လမ်းထိပ်အမှိုက်ပုံကိုသွားပြီး နေ့စဉ်စွန့်ပစ်ဖို့ကလည်း အခက်အခဲတစ်ရပ် ဖြစ်လာပါတယ်။ ဒီလိုအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့ ကိုမိုးညိုတစ်ယောက်လမ်းထဲမှာ ရှိနေတဲ့ အိမ်ထောင်စုတွေက ထွက်တဲ့အမှိုက်တွေကို လမ်းထိပ်အမှိုက်ပုံအထိ လက်တွန်းလှည်းနဲ့သယ်ယူပြီး မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သွားရောက်စွန့်ပစ်ပေးဖို့ အတွက် ဆုံးဖြတ်ပြီး လုပ်ကိုင်လိုက်တာ ဖြစ်ပါတယ်။

ကိုမိုးညိုတစ်ယောက် အမှိုက်တွန်းလှည်းကို လမ်းပေါ် ထုတ်ပြီး စတင်တွန်းလိုက်တာနဲ့ တစ်ပြိုင်နက် ပါးစပ်ကလည်း "အမှိုက်... အမှိုက်"ဆိုပြီး အသံပေးလိုက်တာနဲ့ အိမ်ရှေ့တိုင်းမှာ အမှိုက်အိတ်တွေနဲ့ လက်တွန်းလှည်းပေါ်ကို လာထည့်ပေးကြပါတယ်။ အမှိုက်ပြည့်သွားတဲ့ လက်တွန်းလှည်းကိုတွန်းပြီး အမှိုက်ပုံအထိ သွားရောက်စွန့်ပစ်တဲ့ အလုပ်ကို နေ့စဉ် လုပ်ပေးနေရပေမယ့် ပရဟိတ စိတ်နဲ့ ကိုမိုးညို ကျေနပ်ပီတိ ဖြစ်ရပါတယ်။ ကိုဗစ်-၁၉ ကြောင့် အခက်အခဲဖြစ်နေတဲ့ အချိန်မှာ သူတတ်နိုင်တဲ့ နေရာက ကူညီပေးရတာမို့ လမ်းလည်းသန့်ရှင်း၊ အိမ်ထောင်စုတွေရဲ့ အမှိုက်စွန့်ပစ်မှု အခက်အခဲကိုလည်း ဖြေရှင်းပေးရာရောက်တာမို့ မွန်မြတ်တဲ့ အလုပ်လို့လည်း ကိုမိုးညို ခံယူထားပါတယ်။ ဒါကြောင့် ရန်ကုန်မြို့မှာ ကိုဗစ်-၁၉ ပြန်ဖြစ်တဲ့အချိန်ကစပြီး ဒီတာဝန်ကို ကိုမိုးညို နေ့စဉ်မပြတ် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

## တစ်နေ့ အမှိုက်တန်ချိန် ၂၅၀၀ ခန့် ထွက်ရှိ

ရန်ကုန်မြို့နေရာအနှံ့မှာ ကိုမိုးညိုတို့လို ကိုယ့်လမ်းအလိုက် အမှိုက်သိမ်းယူပေးနေတဲ့ လူတွေ အများအပြား ရှိနေတာမို့ သိမ်ငယ်တဲ့ စိတ်မဝင်တာတော့အမှန်ပါပဲ။ ရန်ကုန်တစ်မြို့လုံး အိမ်အပြင်ထွက် သွားလာရတဲ့ကိစ္စတွေအနက် အမှိုက်ကိစ္စနဲ့ပတ်သက်ပြီး ကိုယ်တတ်နိုင်သရွေ့ ကူညီပေးတာလို့ပဲ စိတ်ထဲ မှတ်ယူထားပါတယ်။ ရန်ကုန်မြို့ဟာ လူဦးရေများပြားတာမို့ အမှိုက်စွန့်ပစ်မှုနှုန်းလည်း များပြားပါတယ်။ အရင်ကတည်းက သန့်ရှင်းရေး ပရဟိတအဖွဲ့တွေက ရပ်ကွက်ရေမြောင်းတွေ လမ်းတွေမှာ သန့်ရှင်းရေးတွေ လုပ်ကိုင်ပေးတာ ရှိပါတယ်။ အခုလို တစ်အိမ်ချင်းအလိုက် အမှိုက်စွန့်ပစ်မှုကို အချို့ရပ်ကွက်၊ လမ်းတွေမှာ စည်ပင်သာယာရေးက အမှိုက်သိမ်းယာဉ်တွေနဲ့ ဆောင်ရွက်ပေးမှုရှိပါတယ်။ တစ်မြို့လုံးအနေနဲ့ အကွက်စိပ်စိပ် လွှမ်းခြုံဖြည့်ဆည်းဝန်ဆောင်မှုပေးဖို့အတွက်တော့ အခက်အခဲရှိနေတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ တစ်နေ့ကို အမှိုက်သိမ်းမှုစနစ်အရ အမှိုက်တန်ချိန် ၂၅၀၀ ခန့် ထွက်ရှိကြောင်း သိရပါတယ်။

## သိမ်းဆည်းပြီး စွန့်ပစ်နေ

ဒီနှုန်းနဲ့ တွက်ရင် ရန်ကုန်မြို့နေ လူတစ်ဦးကို တစ်နေ့ အမှိုက်စွန့်ပစ်မှုနှုန်း ၀ ဒသမ ၅ ကီလိုဂရမ်နှုန်းခန့် ရှိကြောင်း သိရပါတယ်။ ရန်ကုန်မြို့မှာ ဒီလို ထွက်ရှိတဲ့ အမှိုက်တွေကို အိမ်တိုင်ရာရောက် အမှိုက်သိမ်းစနစ်၊ ခေါင်းလောင်းတီးစနစ်၊ အရေးပေါ် အမှိုက်သိမ်းစနစ်၊ လှည်းသိမ်းစနစ်၊ ပတ်သိမ်းစနစ်၊ သီးခြားအမှိုက်သိမ်းစနစ်၊ အမှိုက်ကန်၊ အမှိုက်ပုံးစနစ်တွေနဲ့ စွန့်ပစ်ရပြီး အဲဒီအမှိုက်တွေကို စည်ပင်သာယာက သတ်မှတ်ထားတဲ့ အမှိုက်သိမ်းယာဉ်တွေနဲ့ သိမ်းဆည်းပြီး နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကို သယ်ယူပို့ဆောင်စွန့်ပစ်ခြင်း ဖြစ်ပါတယ်။ လက်ရှိကာလမှာလည်း ရန်ကုန်မြို့မှာ ဒီစနစ်တွေနဲ့ အမှိုက်တွေ သိမ်းဆည်းပြီး စွန့်ပစ်နေတာဖြစ်ပါတယ်။

ကိုမိုးညိုတို့နေထိုင်တဲ့ ရပ်ကွက်လမ်းကတော့ လမ်းထိပ်အမှိုက်ကန်၊ အမှိုက်ပုံးစနစ်နဲ့ စွန့်ပစ်ရတာမို့ အခုလို အိမ်တိုင်းအတွက် သူတို့စွန့်ပစ်ထားတဲ့ အမှိုက်တွေကို အမှိုက်လှည်းနဲ့တင်ကာ လမ်းထိပ်အမှိုက်ကန်ကို သွားရောက် စွန့်ပစ်ပေးတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ အမှိုက်ထွက်ရှိမှု အမျိုးအစားတွေနဲ့ ရာခိုင်နှုန်းကိုကြည့်ရင် ဆေးရုံ၊ ဆေးခန်းထွက် စွန့်ပစ်ပစ္စည်းက ၀ ဒသမ ၁၂ ရာခိုင်နှုန်း၊ အိမ်ထောင်စုထွက်အမှိုက်က ၈၂ ရာခိုင်နှုန်း၊ စက်မှုဇုန်ထွက်အမှိုက်က ၆ ရာခိုင်နှုန်း၊ ဈေးထွက်အမှိုက်က ၃ ဒသမ ၁၄ ရာခိုင်နှုန်းအပြင် စီးပွားရေးလုပ်ငန်းထွက်အမှိုက်တွေလည်းရှိကြောင်း သိရပါတယ်။ ဒီနှုန်းတွေကို ကြည့်ရင် အိမ်ထောင်စုထွက်အမှိုက်က အများဆုံးဖြစ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးက ထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်တွေက သိရပါတယ်။

ဒီလို ကိုဗစ်-၁၉ နဲ့ ကြုံတွေ့နေရတဲ့ကာလမှာ ပြည်သူတွေအနေနဲ့ နေ့စဉ်တစ်ဦးချင်း အသုံးပြုနေတဲ့ နှာခေါင်းစည်းတွေ၊ လက်အိတ်တွေနဲ့ မျက်နှာဖုံးပလတ်စတစ်အကာတွေကိုလည်း အသုံးပြုပြီးရင် စနစ်တကျစွန့်ပစ်ဖို့ လိုပါတယ်။ နှာခေါင်းစည်းတွေကို အသုံးပြု ပြီးတိုင်း စွန့်ပစ်တဲ့အခါ သေသေချာချာထုပ်ပိုးပြီး စွန့်ပစ်ဖို့လည်း လိုအပ်ပါတယ်။ နေ့စဉ်ပုံမှန်ထွက်နေတဲ့ အိမ်ထောင်စုအမှိုက်တွေအပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းတွေဟာလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အရေအတွက် သန်းနဲ့ချီပြီး စွန့်ပစ်အမှိုက်အဖြစ် ထွက်ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် စွန့်ပစ်ပစ္စည်းတွေကတစ်ဆင့် ရောဂါပိုးကူးစက်ပြန့်ပွားမှု မဖြစ်ပွားအောင် တစ်ဦးချင်း အသိစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

## အမှိုက်သိမ်းစနစ်လေးမျိုးနဲ့ သိမ်းဆည်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ နေရာလေးခုရှိပါတယ်။ အဲဒါတွေကတော့ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ထိန်ပင်အမှိုက်ပုံ၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှာရှိတဲ့ ထားဝယ်ချောင် အမှိုက်ပုံ၊ ဒလမြို့နယ်မှာရှိတဲ့ ဒလအမှိုက်ပုံ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်မှာရှိတဲ့ ဆိပ်ကြီးခနောင်တိုရဲ့ အမှိုက်ပုံတွေ ဖြစ်ပါတယ်။ ရန်ကုန်မြို့ နေရာအသီးသီးက ထွက်ရှိတဲ့ အမှိုက်တွေကို အမှိုက်သိမ်းစနစ်လေးမျိုးနဲ့ သိမ်းဆည်းထားပြီးတော့ နေ့စဉ်နောက်ဆုံးစွန့်ပစ် အမှိုက်ပုံတွေဆီကို အမှိုက်သိမ်း ယာဉ်တွေနဲ့ ပို့ဆောင်ပေးနေတာ ဖြစ်ပါတယ်။

ကိုမိုးညိုအနေနဲ့ကတော့ လမ်းထဲမှာ နေထိုင်တဲ့ အိမ်ထောင်စုတွေရဲ့ အမှိုက်တွေကို နေ့စဉ် နံနက် ၁၀ နာရီတစ်ကြိမ်၊ ညနေ ၅ နာရီတစ်ကြိမ် သိမ်းယူပြီး လမ်းထိပ်မှာရှိတဲ့ စည်ပင်အမှိုက်ကန်ကို တွန်းလှည်းနဲ့ သွားရောက်ပို့ဆောင် စွန့်ပစ်တာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ အခြားမြို့နယ် ရပ်ကွက်တွေမှာ သူ့လိုအမှိုက်စွန့်ပစ်ပေးနေတဲ့ လူတွေနဲ့တွေ့တဲ့အခါ နေ့စဉ်အဲဒီအချိန်တွေမှာ အမှိုက်စွန့်ပစ်ကြကြောင်း သိရပါတယ်။ တချို့အထပ်မြင့် တိုက်ခန်းမှာနေတဲ့သူတွေက အမှိုက်ထုပ်တွေကို တိုက်ခန်းပေါ်က ပစ်ချပေးတာမျိုးတွေ၊ ကြိုးနဲ့ချည်ပြီး ချပေးတာမျိုးတွေမပြုလုပ်ဖို့လည်း ကိုမိုးညို အမြဲသတိပေးရပါတယ်။ အမှိုက်လှည်းပေါ်အထိဆင်းပြီး အမှိုက်ထုပ် ထည့်ပေးဖို့လည်း အသိပေးရပါတယ်။ ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ပြည်သူတွေအနေနဲ့လည်း အခုလိုကာလမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ကိုဗစ်-၁၉ အတွေ့များလာတဲ့ ရန်ကုန်မြို့မှာ အိမ်အပြင်ထွက်ဖို့ မဝံ့မရဲဖြစ်နေတဲ့ အခုလိုအချိန်မှာ ကိုမိုးညိုတို့လို လူမျိုးတွေလည်း လိုအပ်နေတာတော့အမှန်ပါပဲ။ ဒီလို ဆောင်ရွက်တာဟာ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကို ဟန့်တားကာကွယ်နိုင်တဲ့ အထောက်အကူပြုပေးနိုင်ပါလိမ့်မယ်လို့ ကိုမိုးညိုတွေးနေမိပါတယ်။ အခုဆိုရင် သူတို့ရပ်ကွက်ထဲက လမ်းအချို့မှာ ပရဟိတ အမှိုက်သိမ်းလှည်းတွေ တွန်းတဲ့သူတွေရှိနေပြီ ဖြစ်ပါတယ်။

## လိုက်လံသိမ်းဆည်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးမှ ဆောင်ရွက်ပေးနေတဲ့ အမှိုက်သိမ်းစနစ်နဲ့ အမှိုက်စွန့်ပစ်ခွင့်ရမယ့် အချိန်တွေကတော့ အမှိုက်ကန်စနစ်ဆိုရင် နံနက် ၆ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ်၊ ညနေ ၆ နာရီမှ ၁၁ နာရီအထိတစ်ကြိမ် စွန့်ပစ်နိုင်ပါတယ်။ ဒါက အမှိုက်ပုံးစနစ်နဲ့ စွန့်ပစ်ရင်လည်း ဒီအချိန်တွေမှာ စွန့်ပစ်နိုင်ပါတယ်။ ဒါ့အပြင် ခေါင်းလောင်းတီးစနစ်ဆိုရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနဲ့ ညှိနှိုင်းပြီးတော့ သတ်မှတ်ထားတဲ့နေ့ရက်အတိုင်း မော်တော်ယာဉ်တွေ၊ လှည်းတွေနဲ့ အမှိုက်သိမ်းတာလည်း ရှိပါတယ်။ နောက်ပြီး အမှိုက်ထုပ်ကောက် အမှိုက်သိမ်းစနစ်နဲ့ သိမ်းဆည်းတာလည်း ရှိပါတယ်။ အဲဒါက ပြည်သူတွေ အမှိုက်ပစ်ချိန်နဲ့ စည်ပင်မှ အမှိုက်သိမ်းချိန် တိကျစွာသတ်မှတ်ပြီး လိုက်လံသိမ်းဆည်းတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ စီးပွားရေး အမှိုက်သိမ်းဆည်းကောက်ခံခြင်းလည်း ဆောင်ရွက်နေကြောင်း သိရပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေအနက် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဧည့်ရိပ်သာတွေအပြင်ဆေးရုံ၊ ဆေးခန်းများရဲ့ အမှိုက် သိမ်းဆည်းမှုတွေလည်း သတ်မှတ်နှုန်းထား တွေအတိုင်း စည်ပင်က ဆောင်ရွက်ပေးလျက် ရှိပါတယ်။

*အချပ်ပို (ဃ)သို့*

# နိုင်ငံတစ်ဝန်းသို့ ကုန်စည်များစီးဆင်းရာ ရန်ကုန်မြို့ရှိ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း

သန့်ဇင်ဝင်း

**မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသများမှ ထွက်ကုန်အမျိုးမျိုးကို တစ်ဒေသမှ တစ်ဒေသသို့ ကူးလူးဖလှယ်ကာ ရောင်းဝယ်မှုပြုလုပ်ရာ ပွဲရုံ၊ ကုန်စည်ဒိုင်များနှင့် အနယ်နယ်အရပ်ရပ်မှ ကုန်တင်ယာဉ်ကြီးများ တစ်ထောက်ယာဉ်ရပ်နားပြီး မြို့နယ်အနှံ့အပြားသို့သာမက နယ်စပ်ဂိတ်များအထိ ကုန်စည်များစီးဆင်းရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကြီးတွင် ဒေသထွက်ကုန်အမျိုးမျိုးကို သယ်ယူပို့ဆောင်ပေးနေသည့် ကုန်တင်ယာဉ်ကြီးများ အစီးရေ ၆၀၀ မှ ၈၀၀ အထိ နေ့စဉ်ဝင်ထွက်သွားလာ ရပ်နားလျက်ရှိသည်။**

အဆိုပါ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကြီးမှာ ၇၅ ဒသမ ၂ ဧကခန့် ကျယ်ဝန်းပြီး ကုန်စည်ဒိုင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့များသို့ သယ်ယူပို့ဆောင်ပေးနေသည့် ပြည်တွင်းကုန်စည်ပို့ဆောင်ရေးကားဂိတ်ပေါင်း ၃၀၀ ကျော်ရှိရာ အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးထားလျက်ရှိသည့်အပြင် နှစ်စဉ် အခွန်ဘဏ္ဍာများစွာကိုလည်း ရှာဖွေပေးလျက်ရှိသည်။ ဘုရင့်နောင် ယာဉ်ရပ်နားစခန်းရှိ လမ်းများ၏ အမည်များကို ပိတောက်လမ်း၊ စိန်ပန်းလမ်း၊ ငုဝါလမ်း၊ ကံ့ကော်လမ်း စသဖြင့် ပန်းအမျိုးမျိုးတို့၏ အမည်များကို ပေးထားသည်မှာလည်း စီးပွားရေးကို ဖူးပွင့်ဝေဆာစေမည့် အတိတ်နိမိတ်ကို ဆောင်နေပါသည်။



ဘုရင့်နောင်ပွဲရုံ ကုန်တင်ယာဉ်ရပ်နားစခန်းမှ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ။

မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များအသင်းတွင် အဖွဲ့ဝင်ပေါင်း ၆၀၀ ကျော်ရှိပြီး ကုန်တင်ကားကြီးပေါင်း ၆၀၀၀၀ ကျော်ရှိကြောင်း ယင်းအသင်းဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

အဝေးပြေး ကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များ အသင်းရုံးများကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းထားကြောင်း သိရသည်။

### ဟန်ချက်ညီစွာ ကြပ်မတ်ဆောင်ရွက်

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်း ကုန်တင်ယာဉ်ရပ်နားစခန်းကားကြီးဝင်း(၁)နှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကားကြီးဝင်း(၂)ဟူ၍ ရှိပြီး ရန်ကုန်တိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဘဏ်များ၊ စားသောက်ဆိုင်ငယ်များ၊ ကုန်သည်ကြီးများ တည်းခိုနိုင်ရန် ဘုရင့်နောင်ဟိုတယ်၊ ကုန်စည်ပို့ဆောင်ရေးဂိတ်များရှိကာ နိစ္စဓူဝ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများဖြင့် သက်ဝင်လှုပ်ရှားနေကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံး၊ မြန်မာနိုင်ငံ အဝေးပြေး ကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များအသင်းရုံး၊ ဘုရင့်နောင်ပွဲရုံ သာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့က နေ့စဉ်ဟန်ချက်ညီစွာ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကြီးသည် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းကြီး လှိုင်မြစ်နှင့် ရိုးကြီးချောင်းတို့ဆုံရာ ထောင့်တွင်တည်ရှိသဖြင့် မြိတ်၊ ကော့သောင်း၊ ဖျာပုံ၊ စစ်တွေမြို့များသို့ ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များ ဆိုက်ကပ်ရာ ဘုရင့်နောင်ဆိပ်ကမ်းနှင့်လည်း ထိစပ်လျက်ရှိ၍ ကုန်စည်များဖလှယ်ရာတွင် ပိုမိုအချက်အချာကျလျက်ရှိသည်။

### SME လုပ်ငန်းတွေဖြစ်လို့ ရပ်လို့မရ

"ကုန်စည်ပို့ဆောင်ရေး ဂိတ်တွေမှာ ယာဉ်မောင်းတွေ၊ ဝန်ထမ်းတွေရှိတော့ တစ်ဂိတ်မှာ လူ ၃၀ လောက်ရှိတယ်၊ ကျွန်တော်တို့က SME လုပ်ငန်းတွေဖြစ်လို့ ရပ်လို့မရဘူး၊ ကုန်စည်ပို့ဆောင်ရေးရပ်ရင် အကုန်လုံးရပ်ကုန်မယ်၊ ကျွန်တော်တို့ တိုင်းပြည်က တစ်နယ်နဲ့တစ်နယ် ဒေသထွက်ကုန်ချင်း ဖလှယ်ပြီး ရောင်းချစားသုံးနေတဲ့စနစ်ကို သွားနေတာပါ၊ ဘုရင့်နောင်ပွဲရုံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုက ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တွေ (ကုန်ကားဂိတ်တွေ)ရှိတယ်၊ ဘုရင့်နောင်ပွဲရုံ သာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကနေ ကိုဗစ်ကာလမှာ နယ်ထွက်မယ့် ကားတွေကို ယာဉ်မောင်းတွေကို ကိုယ်အပူချိန်တိုင်းတယ်၊ ကျန်းမာရေးစစ်ချက် ကောင်းတယ်ဆို ဘာတွေတင်ပြီး ဘယ်ဒေသကို ဘယ်ဂိတ်က ဘယ်ယာဉ်မောင်း၊ ယာဉ်နောက်လိုက် (ဘယ်ဖုန်းနံပါတ်နဲ့)ခရီးမှတ်တမ်းကို ကျွန်တော် ထောက်ခံပေးလိုက်ပါတယ်။ ပြီးတော့ မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက်က အုပ်ချုပ်ရေးမှူးက ထပ်ဆင့် ထောက်ခံပြီး အမှတ်(၁)ရပ်ကွက် ဒေသန္တရကျန်းမာရေးဆရာဝန်တွေရဲ့ ထောက်ခံချက် ထပ်ယူပြီးမှ အဲဒီ သုံးချက်နဲ့ ရန်ကုန်တိုင်းဒေသကြီးကနေ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကို သွားခွင့်ရတယ်။ အခု လောလောဆယ် မိုးတွင်းကာလမှာ ကုန်စည် ပို့ဆောင်ရေးက ပါးနေချိန်ပါ၊ ကုန်စည်ပို့ဆောင်ရေး အကောင်းဆုံးအချိန်က သီတင်းကျွတ်၊ တန်ဆောင်တိုင် ပွင့်လင်းရာသီ ၁၁ လပိုင်းမှ ၅ လပိုင်းအထိ ကောင်းပါတယ်၊ ၁၀ လ ပိုင်းလောက်ဆိုရင် ဖရဲသီးက စပေါ်တော့ တရုတ်ကိုပို့ဖို့ မူဆယ်နယ်စပ်ဘက်ကို သွားကြတယ်၊ ကုန်စည်ပို့ဆောင်ရေးကားပေါ်တယ်၊ ရှားတယ်ဆိုတာ အဓိကက ရန်ကုန်-မူဆယ် လမ်းကြောင်းပေါ်မှာ အများကြီး မူတည်နေပါတယ်၊ ရခိုင်ဘက်ကို ခါတိုင်းဆို တစ်ရက်မှာ ကုန်ကားအစီး တစ်ရာထွက်တာ၊ အခု ရခိုင်တောင်ပိုင်းကိုပဲ အစီး ၄၀ လောက်ပဲ ထွက်ပါတော့တယ်" ဟု မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျင်သိန်းက ပြောသည်။

### ရောဂါကြိုတင်ကာကွယ်

ဘုရင့်နောင်ပွဲရုံ သာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများက ယာဉ်ရပ်နားစခန်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယာဉ်ဝန်ထမ်းများ အပူချိန်တိုင်းတာခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးနေပြီး ကုန်စည်စီးဆင်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ကုန်ဖလှယ်ရာနေရာများတွင် လုံခြုံရေးများချထားပြီး အထောက်အထားစာရွက်စာတမ်းများကို ဘုရင့်နောင် ယာဉ်ရပ်နားစခန်းအဝင်တွင် တိုက်ဆိုင်စစ်ဆေးပြီးမှ လက်ခံရပ်နားခွင့်ပြုကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးမှ ညွှန်ကြားရေးမှူး ဦးညိုမင်းလွင်က ပြောကြားသည်။

### ကုန်စည်ဒိုင်နှင့် ဖြန့်ဖြူးပို့ဆောင်ရာ ရပ်ဝန်း

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တောင်ပေါ်၊ မြေပြန့်၊ ပင်လယ်နှင့် ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်ဒေသများမှ ထွက်ကုန်များဆုံစည်းရာ ကုန်စည်ဒိုင်နှင့် ဖြန့်ဖြူးပို့ဆောင်ရာ ရပ်ဝန်းတစ်ခုပင်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ စဉ်ဆက်မပြတ် လည်ပတ်ရာ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ စားသုံးကုန်၊ လူသုံးကုန်အမျိုးမျိုးကို ဖလှယ်ရာနေရာ၊ လူမှု စီးပွားဖွံ့ဖြိုးရန် အထောက်အကူပြုဇုန်ကြီးတစ်ခုအဖြစ် ပြည်သူများ၏ လိုအင်ကို မရပ်မနား ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း..... ။

---

*အချပ်ပို (၈)မှ*

ဒ့ါအပြင် စက်မှုဇုန်တွေ အခြားစီးပွားရေးလုပ်ငန်းတွေကထွက်ရှိတဲ့ စွန့်ပစ်အမှိုက်တွေကိုလည်း စည်ပင်က ဆောင်ရွက်ပေးနေတာမို့ ဝန်ဆောင်မှုအနေအထားက ကျယ်ပြန့်ကြီးမားပါတယ်။ ဒီလိုအခြေအနေကြောင့် ရန်ကုန်မြို့တော် သန့်ရှင်းသာယာရေးနဲ့ အမှိုက်သိမ်းဆည်း စွန့်ပစ်ရေးတွေမှာ တစ်ဦးချင်း ပူးပေါင်းပါဝင် ဆောင်ရွက်နေကြတာရှိသလို လူမှုအဖွဲ့အစည်းအချို့ကလည်း ပါဝင်ဆောင်ရွက်နေကြရတာ ဖြစ်ပါတယ်။

### အမှိုက်ထွက်ရှိမှုများလာ

အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စားသောက်ဆိုင်အားလုံးနီးပါး ဆိုင်ထိုင်စားသောက်ရောင်းချခွင့် ပိတ်သိမ်းထားပြီး ပါဆယ်စနစ်နဲ့ ရောင်းချနိုင်ဖို့သာ စည်းကမ်းသတ်မှတ်ထားတာမို့ အစားအသောက် ထုပ်ပိုးပစ္စည်းတွေဟာ နေအိမ်တွေထဲထိ ရောက်ရှိလာပါတယ်။ ကိုဗစ်-၁၉ ကြောင့် နေအိမ်အတွင်းသာနေထိုင်တဲ့ လူဦးရေ ပိုမိုများပြားလာတာမို့ အိမ်ထောင်စုတစ်စုချင်းရဲ့ စွန့်ပစ်အမှိုက်ထွက်ရှိမှုဟာလည်း အရင်ကထက် များပြားလာပါတယ်။ ဒီလို အိမ်ကအမှိုက်ထွက်ရှိမှုများလာပေမယ့် အိမ်အပြင်ထွက်တဲ့သူက တဖြည်းဖြည်း နည်းလာတာကြောင့် အမှိုက်စွန့်ပစ်မှုအတွက် ကိုမိုးညို တို့လိုလူမျိုးတွေ လိုအပ်နေတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့နေ ပြည်သူတွေအတွက် ယခုလို ကာလမှာ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်း၊ လက်အိတ်၊ မျက်နှာဖုံးတွေ မဖြစ်မနေ တပ်ဆင်နေကြရသလို အဲဒီပစ္စည်းတွေ အသုံးပြုပြီးတိုင်း အမှိုက်ပုံး၊ အမှိုက်အိတ်တွေထဲကို စနစ်တကျ စွန့်ပစ်ဖို့လည်း အထူးလိုအပ်ပါတယ်။ အဲဒီစွန့်ပစ်ပစ္စည်းတွေကို အိမ်ထွက်အမှိုက်တွေနဲ့အတူ စုစည်းပြီး တော့ လမ်းထိပ်တွေမှာရှိတဲ့ စည်ပင်အမှိုက်ကန်၊ အမှိုက်ပုံးတွေအထိ ပို့ဆောင်စွန့်ပစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီလိုအလုပ်မျိုးကို ကိုမိုးညို ဆောင်ရွက်နေတာမို့ ရန်ကုန်မြို့မှာ သူလိုလူမျိုးတွေ များများထွက်ပေါ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရင်ကောင်းမယ်လို့ ကိုမိုးညိုကိုယ်တိုင် အမှိုက်လှည်းတွန်းရင်း တွေးနေမိပါတယ်။ ။